http://www.dhammadownload.com

# မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

၏

## သာသနာပြုလုပ်ငန်းသုံးသွယ်အကြောင်း
## သိကောင်းစရာ

မြန်မာ့အသံကိုယ်စားလှယ်နှင့်

တိ=နိဥပဋ္ဌာကပင်မအဖွဲ့ဥက္ကဋ္ဌကြီး

## ဆရာဝန်ကြီးဦးသာလှတို့၏

## တွေ့ဆုံဆွေးနွေးခန်း

တိပိဋက=နိကာယဥပဋ္ဌာကသာသနာပြုအဖွဲ့မှထုတ်ဝေသည်

သာသနာ - ၂၅၃၅ ကောဇာ - ၁၃၅၃ ခရစ် - ၁၉၉၁

http://www.dhammadownload.com

# မင်းကွန်း
# တိပိဋကဓရ ဆရာတော်၏
# ဩဝါဒ

မြတ်စွာဘုရား
ဟောဖေါ်ကြားသည့်
တရားတော်ယာဉ်
ဒေသနာ စဉ်ဟု
ဘောဇဉ် မြိုက်ခဲ
ဓမ္မ ပွဲလျှင်
လက်ထဲ ပုံသေ
ဆိုက်ရောက် နေလျက်
ရှောင်ဖေသွ နှလုံး
ကိုယ်မသုံး သော်
အရှုံး ကိုယ့်ပြင်
ရှိချိမ့်လော ။ ။


ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ ဆရာတော်

တိ=နံ ပုံနှိပ်ရေးစာစဉ်

http://www.dhammadownload.com

ဦးဆောင်ပဓါန နာယကဆရာတော်ကြီး

တိပိဋက-နိကာယဥပဋ္ဌာက သာသနာပြုအဖွဲ့



တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု

# မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

http://www.dhammadownload.com



ရန်ကုန်မြို့နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တည်ဆောက်ရေး
အစီအစဉ်ကိုဥက္ကဋ္ဌဆရာဝန်ကြီးဦးသာလှ ရှင်းလင်းလျှောက်ထားစဉ်

၁၃၄၆ ခုနှစ်တန်ခူးလပြည့်ကျော် ၆ ရက်၊ ၁၉၈၄ ခု ဧပြီလ ၂၁ ရက်၊ စနေနေ့

http://www.dhammadownload.com



# ဝဏ္ဏကျော်ထင် အမျိုးကျော်ဆရာဝန်ကြီး ဦးသာဂျ

ဥက္ကဋ္ဌကြီး

တိပိဋကနိကာယ ဥပဋ္ဌာကပင်မအဖွဲ့နှင့် ရန်ကုန်မြို့-မန္တလေးမြို့၊နိုင်ငံတော်ပရိယတ္တိ

သာသနာ့တက္ကသိုလ် ဆောက်လုပ်ရှူဒါနိုးရေးအဖွဲ့

http://www.dhammadownload.com



ရန်ကုန်မြို့ စကားဝါလမ်း ၊ တိပိဋကကျောင်းတော်တွင်
တိပိဋက=နိကာယ ဥပဋ္ဌာက ပဋ်မ အဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင်
အထူးကုဆရာဝန်ကြီး ဦးသာလှ နှင့် မြန်မာ့အသံ ကိုယ်စားလှယ်
ဦးလှထွန်းတို့တွေ့ဆုံနေပုံ။

http://www.dhammadownload.com

# မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏
## သာသနာပြုလုပ်ငန်းသုံးသွယ်အကြောင်း
## သိကောင်းစရာ

မြန်မာ့အသံကိုယ်စားလှယ်နှင့်
တိ=နိဥပဋ္ဌာကပင်မအဖွဲ့ဥက္ကဋ္ဌကြီး
## ဆရာဝန်ကြီးဦးသာလှတို့၏
## တွေ့ဆုံဆွေးနွေးခန်း

တိပိဋက=နိကာယဥပဋ္ဌာကသာသနာပြုအဖွဲ့မှထုတ်ဝေသည်
သာသနာ - ၂၅၃၅ ကောဇာ - ၁၃၅၃ ခရစ် - ၁၉၉၁

http://www.dhammadownload.com

# စာအုပ်မှတ်တမ်း


စာမူခွင့်ပြုချက် .... ၃၅၉/၉၁/၅

မျက်နှာဖုံးခွင့်ပြုချက် .... ၃၇/၉၁/၉

အကြိမ် .... ပထမအကြိမ်

အုပ်ရေ .... ၃၀၀၀

၁၉၉၁-ခု .... အောက်တိုဘာလ

မျက်နှာဖုံးပန်းချီ .... ဦးကျော်

မျက်နှာဖုံးကာလာခွဲ .... အဝင်း

အတွင်းဓာတ်ပုံများ .... ကျော်မြင့်(နယူးဗဟို)

ဓာတ်ပုံကာလာခွဲ .... ကျော်ဌေး

စာအုပ်ချုပ် .... ကေရီ

## ဓမ္မဒါန

ဦးအေးမြင့် (မြ-၀၃၃၄၂)၏ သင်းပုံနှိပ်တိုက်၊ အမှတ်-၈၀၊ ၄၃-လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်၍၊ ဦးမောင်မောင်ကြီး၊ တီ-နီ ဥပဋ္ဌာက စာပေထုတ်ဝေရေး(မြ-၃၆၂၉)အမှတ်-၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေပါသည်။

ကလျာဏနွယ်ဝင် အမျိုးတော်စင်အပေါင်းတို့...။

မိမိတို့မှာ ဘုရားကျွန်ဆိုလ်ဟောတော်မြဲ ကျော်အ ဖြစ်ကြ ရုပ်ကြမ်းတွင် ဂုဏ်သာသနာ ပွင့်လင်းရာ အခါ ဖြစ်သည့် ဗုဒ္ဓပွဲ နဝမအခွင့်ကောင်းနှင့်လည်း ကြုံတောင့်ကြုံခဲ ကြုံတွေ့ကြရလေပြီ...။

“သစ်တပင်ကောင်း ငှက်တသောင်းနား” ဆိုသလို သာသနာတော်ဖြင့်အကျိုးကြီးကား သစ်ပင်ပါးကိုယ်တို့ ထက် အဆများစွာ မနှိုင်းသာအောင် သာယာအေးမြလှ ပါသည်။

ကမ္ဘာ့အနှံ့ ကမ္ဘာသား သတ္တဝါများ၏ မှီခိုကိုးရာ အားကိုးရာကြီး ဖြစ်သည့်အတိုင်း ထိုသာသနာအကိုင်းကြီး ပွါးစီးအောင် ကိုယ်အား ဉာဏ်အား အကြံအား တို့ဖြင့် အားပေးကူညီဆောင်ရွက် မိမိအတွက်တပါး နှစ်ဦးသားတို့ အစီးအပွါးကို ကျင့်သည့် ဥဘယဟိတပဋိပန္နပုဂ္ဂိုလ် များ ဖြစ်ကြပါကုန်လော့ - ဟူ၍ တိုက်တွန်းနှိုးဆော် ဥယျောဇဉ်အား ပြောကြားအပ်ပါသည် ကလျာဏ နွယ်ဝင် အမျိုးတော်စင်အပေါင်းတို့...။

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်

http://www.dhammadownload.com

# မာတိကာ


၁။ တိပိဋကဓရဆရာတော်များပေါ်ထွန်းရေး.... .... .... .... .... ၁


၂။ ပြည်တွင်းပြည်ပ သာသနာပြုအရှင်မြတ်များပေါ်ထွန်းရေး .... .... ၁၅

၃။ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး(မန္တလေးမြို့).... .... .... ၃၅

၄။ ငါးနိုင်ငံဗုဒ္ဓသာသနာချစ်ကြည်ရေး လေ့လာရေးခရီး
(ပထမပိုင်း) .... .... .... .... .... .... ၄၀

၅။ ငါးနိုင်ငံဗုဒ္ဓသာသနာ ချစ်ကြည်ရေး လေ့လာရေးခရီး
(ဒုတိယပိုင်း) .... .... .... .... .... .... ၅၉

၆။ လောနှင့်ကမ္ဘောဒီးယားနိုင်ငံရှိ သံဃာတော်များအား လှူဒါန်းသော
တိစီဝရိတ်သင်္ကန်း ခါးပန်းကြိုးစသော မဟာဒါနအကြောင်း.... .... ၇၂

http://www.dhammadownload.com

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
**မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏**
**သာသနာပြု လုပ်ငန်းသုံးသွယ်အကြောင်း သိကောင်းစရာ**
(မြန်မာ့အသံနှင့် ဆွေးနွေးခန်း)

# အမှာစာ

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ မေတ္တာရပ်ခံ ပန်ကြားချက်အရ နိုင်ငံတော် သာသနာ့တက္ကသိုလ်များ ဆောက်လုပ်လှူဒါန်းရေးကိစ္စကို တိပိဋက=နိကာယ သာသနာပြု အဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှအား နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်နှင့် ဗိဝိတဒါန သာသနာ့အထူးကု ဆေးရုံ ဆောက်လုပ် လှူဒါန်းရေး အဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေ၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများနှင့် မန္တလေးမြို့ ဗိဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီးကို ဆောက်လုပ် လှူဒါန်းနိုင်အောင် ဦးဆောင်ပဓာနနာယကအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

မြန်မာနိုင်ငံသားတစ်ဦးလျှင် အလှူငွေ တစ်ကျပ်နှုန်းဖြင့် လှူဒါန်းကြသော အလှူတော်ငွေများကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအသီးသီးက လည်းကောင်း၊ မြို့နယ် အသီးသီးကလည်းကောင်း၊ အဖွဲ့အစည်း အသီးသီးက လည်းကောင်း လှူဒါန်းပေးအပ်ပွဲ အခမ်းအနားများ ကျင်းပသောအခါ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးက ရေစက်ချပေးတော်မူ၍ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး

http://www.dhammadownload.com

ဦးသာလှက အလှူတော်ငွေများကိုလက်ခံရပါသည်။ ထိုသို့ အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားများ၌ ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းများ အကြောင်းကို ရှေ့ပိုင်းသုံးရပ်+နောက်ပိုင်းသုံးရပ်အဖြစ် အပိုင်းနှစ်ပိုင်းခွဲ၍ တင်ပြလေ့ရှိပါသည်။ဆရာတော်ဘုရားကြီး၏ရှေ့ပိုင်းသာသနာပြု လုပ်ငန်းသုံးရပ်မှာ–

၁။ တိပိဋကဓရ ဖြစ်တော်မူအောင် ဆောင်ရွက်ခြင်း၊

၂။ ဆဋ္ဌသံဂါယနာ အမေးဖြေ ဆရာတော်(ဆဋ္ဌသံဂီတိဝိဿဇ္ဇက) အဖြစ် ဆောင်ရွက်တော်မူခြင်း၊

၃။ မဟာဗုဒ္ဓဝင်ကျမ်းကြီး ၆-တွဲ ၈-အုပ်ကို ပြုစုတော်မူခြင်းတို့ ဖြစ်ပါသည်။


ဆရာတော်ကြီး၏ နောက်ပိုင်းသာသနာပြုလုပ်ငန်းကြီးသုံးသွယ်မှာ–

၁။ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်များ ဆောက်လုပ်လှူဒါန်းရေး၊

၂။ ပြည်တွင်းပြည်ပ သာသနာပြု အရှင်မြတ်များ ပေါ်ထွန်းရေး၊


၃။ မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး ဆောက်လုပ် လှူဒါန်းရေးတို့ပင်ဖြစ်သည်။

အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားတိုင်းတွင် ဤနောက်ပိုင်းသာသနာပြု လုပ်ငန်းကြီးသုံးသွယ် အကြောင်းကို အကျယ်တဝင့် ဟောပြောရသည်ချည်း ဖြစ်ပါသည်။ ဤသာသနာပြု လုပ်ငန်းကြီးသုံးသွယ်တို့သည် ဆောင်ရွက်နေဆဲ လုပ်ငန်းများဖြစ်ရာ မြန်မာနိုင်ငံ တစ်ဝှန်းလုံးရှိ ဧဟန်း မှင်လှ ပြည်သူအပေါင်း သိကောင်းစရာများသာချည်း ဖြစ်ပါသည်။ ဤသာသနာပြု လုပ်ငန်းကြီးများ၏ အတိမ်အနက်ကို သိပါမှလည်း အလှူငွေ စုဆောင်းရာ၌လည်းကောင်း၊ အလှူရှင်များက ထည့်ဝင် လှူဒါန်းရာ၌လည်းကောင်း ပိုမိုသဘောပေါက်၍ သဒ္ဓါတရား ပွားများမည် ဖြစ်ပါသည်။



http://www.dhammadownload.com






အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော
The Guinness Book Of Records 1985
စာအုပ်ကြီး၊ စာမျက်နှာ-၁၆၅
ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏
အံ့ချီးဖွယ်မှတ်ဉာဏ်ကောင်းပုံကို
အောက်ပါအတိုင်း ဖော်ပြထားပါသည်။

**● Human memory**
Bhandanta Vicitsara recited 16,000 pages of Bhuddist canonical texts in Rangoon, Burma in May 1954. Rare instances of eidetic memory—the ability to re-project and hence 'visually' recall material—are known to science.

ဆရာဝန်ကြီး။ ။၁၉၇၅-ခုနှစ်မှာ ကမ္ဘာ့အံ့ဖွယ်များအကြောင်း ဆိုတဲ့ စာအုပ်ကြီး ထွက်လာပါတယ်။ အဲဒီ စာအုပ်ကြီးထဲမှာ စာမျက်နှာ ၁၆-မှာ ဆရာတော် ဘုရားကြီးဟာ ပိဋကသုံးပုံကို ဘုရားဟောပါဠိတော်အတိုင်း စာမျက်နှာပေါင်း၈၀၀၀-ကျော်ကို အာဂုံဆောင်ပြီးတော့ လိုအပ်တဲ့ အစိတ်အပိုင်းကို လိုအပ်သလို အချိန်မရွေးထုတ်ပြီးတော့ ပြန်လည် ပြောကြားနိုင်တာကို "ထူးခြားသောဦးနှောက်ရှိတဲ့ အရှင်မြတ်" လို့ဆိုပြီး ရေးသားခဲ့ပါတယ်။ ယခု ၁၉၉၀-ပြည့်နှစ်မှာ အဲဒီစာအုပ်ထုတ်တဲ့ ဌာနကနေပြီးတော့ ကမ္ဘာမှာ ပြတိုက်ကြီးလေးခု ဆောက်လုပ်ပြီး ထားရှိတဲ့နေရာမှာ အံ့ဖွယ်အမျိုးမျိုးကို ပြတဲ့အထဲမှာ ဆရာတော်ဘုရားကြီးရဲ့ ဖယောင်း ရုပ်တုတော်ကိုပါ ထားရှိဖို့ စီစဉ်နေတဲ့ အကြောင်းကို ကြားသိရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့၊ အဲဒါက ဘယ်နေရာမှာ ပြသထားပါသလဲ ခင်ဗျား။

ဆရာဝန်ကြီး။ ။အဲဒါကတော့ နယူးယောက်မြို့မှာတစ်ခု၊ လတ်ဗေးဂတ်မြို့မှာ တစ်ခု၊ တောင်ကရိုးလီးနားနိုင်ငံမှာတစ်ခု၊ လန်ဒန်မြို့မှာတစ်ခု ထားရှိဖို့ စီစဉ်တယ်လို့ ကြားသိရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား၊ ဆရာတော်ဘုရားကြီးရဲ့ ဉာဏ်ရည် ထူးမြတ်ပုံနဲ့ ကမ္ဘာ့အံ့ဖွယ်ထဲမှာ အပါအဝင် ဖြစ်တယ်ဆိုတာကိုတော့ သိရလို့ အင်မတန်မှ ကြည်ညိုသဒ္ဒါပေါက်မိပါတယ်ခင်ဗျား။ အရင်တုန်းကကျွန်တော်တို့ ငယ်ငယ်တုန်းကပေါ့လေ ဆဋ္ဌသံဂါယနာ တင်ရာမှာ ဆရာတော်ဘုရားကြီးရဲ့ အဖြေကို ကြားဖူးခဲ့ပါတယ်ခင်ဗျား။ အဲဒါလေးနဲ့ ပတ်သက်လို့လဲ သိပါရစေဦးခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ မြန်မာနိုင်ငံမှာ သင်္ဂါယနာ နှစ်ကြိမ်ဖြစ်ပါတယ်။ ပဉ္စမသင်္ဂါယနာကို မင်းတုန်းမင်းကြီး လက်ထက်မှာ မန္တလေးမြို့မှာ တင်ပါတယ်။ ဆဋ္ဌသင်္ဂါယနာကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေမှာ တင်ပါတယ်။ ပထမသင်္ဂါယနာ တင်စဉ်က အရှင်မဟာကဿပကြီး မေးမြန်းတာကို အရှင်ဥပါလိက ဝိနည်းတော်ကို ဖြေကြားပြီးတော့ အရှင်အာနန္ဒာ

http://www.dhammadownload.com

# မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းသုံးသွယ်အကြောင်း သိကောင်းစရာ

## အပိုင်း(၁) တိပိဋကဓရ ဆရာတော်များ ပေါ်ထွန်းရေး

**မြန်မာ့အသံကိုယ်စားလှယ်နှင့် တိ=နိ ဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး**

**ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှတို့**

**(၁၅-၁-၉၁)နေ့ ဆွေးနွေးခန်း**


### တိပိဋကဓရဆရာတော်များပေါ်ထွန်းရေး

မြန်မာ့အသံ။ ။သောတရှင်များခင်ဗျား၊ ဗုဒ္ဓသာသနာတော် စည်ပင် ပြန့်ပွား တိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဆိုတဲ့ လုပ်ငန်းသုံးရပ်ကို မပြတ်မနေ ဆောင်ရွက်ကြရပါတယ်။ အဲဒီလို ဆောင်ရွက်ရမှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ ဆောင်ရွက်ချက်ဟာလဲပဲ သောတရှင်များသိတဲ့အတိုင်း အံ့မခန်းဆောင်ရွက်ချက်လို့ ဆိုနိုင်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ မင်းကွန်းဆရာတော်ကြီးရဲ့ သာသနာတော်အတွက် ဆောင်ရွက်ချက်များကို သောတရှင်များ ကြည်ညိုသဒ္ဓါပွားများနိုင်အောင် ဒီကနေ့ တင်ပြဖို့ စဉ်းစားထားပါတယ်။

အဲဒီလို ဆွေးနွေးတင်ပြနိုင်ဖို့ အတွက် ကျွန်တော်တို့တစ်တွေဟာ ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းမှာရှိတဲ့ တိပိဋက = နိကာယ ဥပဋ္ဌာက အဖွဲ့ရုံးကို သွားရောက်ခဲ့ပါတယ်ခင်ဗျား။ အဲဒီမှာ တိပိဋက=နိကာယ ဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး အထူးကုဆရာဝန်ကြီး ဦးသာလှနဲ့ တွေ့ဆုံပြီးတော့ အခုလို ဆွေးနွေးမေးမြန်းခွင့် ရခဲ့ပါတယ်ခင်ဗျား။

ဆရာဝန်ကြီးခင်ဗျား၊ ကျွန်တော်တို့ ဒီကနေ့ ဆရာဝန်ကြီးနဲ့ လာရောက် တွေ့ဆုံရတာကတော့ မင်းကွန်းဆရာတော် ဘုရားကြီးရဲ့ သာသနာအတွက် သာသနာပြု လုပ်ငန်းတွေ ဆောင်ရွက်ချက်တွေအကြောင်းကို ဆွေးနွေးတင်ပြဖို့ လာခြင်းဖြစ်ပါတယ်ခင်ဗျား၊ ဒီတော့က ဒီအကြောင်းတွေကို မဆွေးနွေးခင် ဆရာတော် ဘုရားကြီးနဲ့ ပတ်သက်လို့ ကမ္ဘာ့အံ့ဖွယ်များ စာအုပ်ထဲမှာရော တစ်ချို့ပြတိုက်ကြီးတွေမှာပါ ပုံတော်ကို ရုပ်တုလုပ်ပြီးတော့ ဆရာတော်ကြီးရဲ့ ဉာဏ်ရည်ထူးခြားအံ့ဖွယ်ရာများကို ရေးသား ပြသ ဖြန့်ချိကြတယ်လို့လဲ သိရပါတယ်ခင်ဗျ။ အဲဒီ အကြောင်းကိုလဲ ကျွန်တော်တို့ မှတ်သားဖူးပါတယ်၊ အဲဒါလေးနဲ့ ပတ်သက်လို့လဲ ဂဃဏန သိရလေအောင် ပထမဆုံး ရှင်းလင်းဆွေးနွေးတင်ပြပေးပါလား ခင်ဗျား။

http://www.dhammadownload.com



ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှကလည်း မည်သို့ဖြစ်မည်ဟု စီစဉ်မထားပါ။ ကြိုတင်ညှိနှိုင်းခြင်းမရှိဘဲ အဆင်ပြေသည့်အချိန်တွင် မေးသူက ကောက်ကာငင်ကာ မေး၍ ဖြေသူကလည်း အမေးကိုတည်ကာ ကောက်ကာ ငင်ကာ ဖြေခြင်း ဖြစ်ပါသည်။

ပြည်ပသာသနာပြု လုပ်ငန်းအကြောင်း တွေ့ဆုံ ဆွေးနွေးခန်းသည် အမှတ်မထင် ဖြစ်ပေါ်လာသည့် တွေ့ဆုံဆွေးနွေးခန်း ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခဲ့သမျှသည် အလျဉ်းသင့်သလို ဆောင်ရွက်ခဲ့ရသည်ချည်း ဖြစ်ရာ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့၏ မော်ကွန်း မှတ်တမ်းအတွက် မှတ်တမ်းတင်ရန် ခေတ်ပုံရိုက်မထားမိခဲ့။ ထို့ကြောင့် ဦးလှထွန်းနှင့် မိမိတို့ ချိန်းဆိုခဲ့ရပါသည်။ သဒ္ဓါတရား အားကြီးသော ဦးလှထွန်းသည် မိမိ၏ ကိုယ်ပိုင်အချိန်ကို အနား မယူဘဲ ပါဝင် ကူညီခဲ့ပါသည်။ မှတ်တမ်းယူသည့်အဖွဲ့က ယနေ့ ဆွေးနွေးခန်းသည် သဘောလောက်သာ ဖြစ်လိမ့်မည်ဟု အောက်မေ့ရာ တွေ့ဆုံသောနေ့တွင် ဦးသိထွန်းက ပြည်ပ သာသနာပြု လုပ်ငန်းအကြောင်း မေးမြန်းပါသဖြင့် ဤ ဆွေးနွေးခန်း ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ဤသို့ ဦးလှထွန်း၏ စေတနာဖြင့် အသံလွှင့်ခဲ့သော မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းသုံးသွယ် အကြောင်း ကြားရ နာရသော ပုဂ္ဂိုလ်များက စာအုပ်အဖြစ် ထုတ်ဝေပါရန် တိပိဋက = နိကာယ ဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှကို တောင်းဆိုကြပါသည်။ စာရေး၍ အကြံပြုသူလည်း ရှိပါသည်။ ထို့ကြောင့် မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏သာသနာပြုလုပ်ငန်းသုံးသွယ် အကြောင်း သိကောင်းစရာများကို မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး သက်တော် ရှစ်ဆယ်ပြည့် ပဌာန်းမြားရတ ဝိဇာတမင်္ဂလာပွဲအမီ ထုတ်ဝေရခြင်း ဖြစ်ပါသည်။

**မော်ကွန်းထိန်း**

တိပိဋက=နိကာယဥပဋ္ဌာကပင်မအဖွဲ့

ရန်ကုန်မြို့။

http://www.dhammadownload.com



သဒ္ဓါတရား တိုးပွားအောင် ဆောင်ရွက်ရာတွင် အလှူငွေပေးအပ်လှူဒါန်းပွဲများ၌ ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှ တစ်ဦးတည်း ရှင်းလင်း ဟောပြောခြင်းသည် တက်ရောက်သော ပရိသတ်ရှိသလောက်သာ နားလည်သဘောပေါက်၍ တပြည်လုံး အတိုင်းအတာအထိ နားလည်သဘောပေါက်ရန် အခွင့်အလမ်း နည်းပါးလှပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းသုံးသွယ်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိခွင့်ရအောင် ဆောင်ရွက်ပေးလိုသော ပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်လာခဲ့ပါသည်။ ထိုပုဂ္ဂိုလ်မှာ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန မြန်မာပိုင်းအစီအစဉ်မှ ဦးစီးအရာရှိ (အစီအစဉ် ဒုတိယတာဝန်ခံ) ဦးလှထွန်း ဖြစ်ပါသည်။

ဦးလှထွန်းသည် တာဝန်အရ မဟုတ်ဘဲ မိမိ၏ဝါသနာ သဒ္ဓါစေတနာအရ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှနှင့် ဆက်သွယ်၍ တွေ့ဆုံမေးမြန်းရန် စီစဉ်ခဲ့ပါသည်။

ဦးလှထွန်း၏ စေတနာမှာ ဤမျှအရေးကြီးသော သာသနာပြု လုပ်ငန်းသုံးသွယ်အကြောင်းကို ရေဒီယို ဖွင့်ထားလျှင် လူတိုင်းလူတိုင်း ကြားနိုင်သည်။ သိနိုင်သည်။ ကြားရ သိရလျှင် ကြည်ညိုသဒ္ဓါတရား ပွားများနိုင်သည်။ အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည့် ပရိသတ်မျှသာ ကြားသိ ကြည်ညိုရမည့် အဆင့်မှ မြို့ရော တောပါ ဆန်ဖွတ်ခြင်း၊ မောင်းထောင်းခြင်း၊ ထင်းခွဲခြင်း၊ ရေခပ်ခြင်း၊ သွားရင်းလာရင်းကပင် ကြားနိုင် သိနိုင်လည်း။ ဤသဒ္ဓါတရားဖြင့် သာသနာပြု လုပ်ငန်းကြီး သုံးသွယ် အကြောင်း သိကောင်းစရာများကို ဦးလှထွန်းသည် ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှနှင့် တွေ့ဆုံ၍ မေးမြန်းခဲ့ပါသည်။

ဤသို့ မေးမြန်းရာတွင် မည်သည့် အကြောင်းအရာကို မေးမည်။ မည်သို့မေးမည်ဟု ဦးလှထွန်းက စီစဉ်မထားပါ။

http://www.dhammadownload.com





မဟာစည် ဆရာတော်ကြီး



မင်းကွန်း တိပိဋကဓရဆရာတော်ကြီး

က သုတ္တန်နဲ့ အဘိဓမ္မာ ဒေသနာများကို ဖြေကြားတယ်။ ဆဋ္ဌသင်္ဂါယနာတင်တဲ့ အချိန်မှာ တော့ မဟာစည် ဆရာတော်ဘုရားကြီးက မေးတော်မူတာကို ကျွန်တော်တို့ တိပိဋကဓရ ဆရာတော်ဘုရားကြီးက နေပြီးတော့ ပိဋက သုံးပုံစလုံးကိုပဲ အဖြေ ဆရာတော်အဖြစ် ဆောင်ရွက် တာဟာ ထူးခြားချက်တစ်ခု ဖြစ်ပါတယ်။


မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ မင်းကွန်းဆရာတော်ဘုရားကြီး အနေနဲ့ ဆဋ္ဌသံဂါယနာတင်ရာမှာ အဖြေအားလုံးကို ဖြေသွားတယ်ဆိုမတော့ အင်မတန်မှ ကြည်ညိုသဒ္ဓါ ပွားများစရာလဲ ကောင်းပါတယ် ခင်ဗျား။ ဉာဏ်ရည်လဲ ထက်မြက်လှပါတယ်ခင်ဗျ။ ဒါ့အပြင် မဟာဗုဒ္ဓဝင်နဲ့ပတ်သက်လို့လဲ ဆရာတော်ဘုရားကြီးဟာ အင်မတန်မှ နာမည်ကြီးလှပါတယ်ခင်ဗျား။ ဒီကိစ္စနဲ့ပတ်သက်လို့လဲ တစ်ဆိတ်လောက် ရှင်းလင်း ဆွေးနွေးတင်ပြပေးစေချင်ပါတယ်ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ မဟာဗုဒ္ဓဝင်ကျမ်းကြီး ၆-တွဲ၊ ဂ-အုပ်ကို ဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးစီးရေးသားတော်မူပါတယ်။ ဒီမဟာဗုဒ္ဓဝင်ကျမ်းကြီး ဟာလဲ ပဉ္စမသင်္ဂါယနာတင်စဉ်ကတည်းက ရေးသားဖို့ စီစဉ်ခဲ့တာဟာ ပုဂ္ဂိုလ် တစ်ဦးက ရေးလိုက်၊ ပုဂ္ဂိုလ် တစ်ဦးက ထောက်ပြလိုက်နဲ့ မအောင်မမြင်ဖြစ်ခဲ့တာ ဆရာတော်ဘုရားကြီး ရေးသားစီစဉ်မှုပဲ ပြီးပြည့်စုံပြီး အောင်အောင်မြင်မြင်နဲ့ ထွက်ပေါ်လာခြင်း ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား၊ မဟာဗုဒ္ဓဝင်ဟာလဲ ကျွန်တော်တို့ လူကြီးတွေ ပြောတာကတော့ ပိဋကသုံးပုံရဲ့ အနှစ် အချုပ်လို့

http://www.dhammadownload.com





မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုတော်မူနေပုံ။

ပြောပါတယ်ခင်ဗျာ၊ အဲဒီတော့ ဒီလိုကျမ်းမျိုးကို ထူးထူးမြတ်မြတ်နဲ့ ဆောင်ရွက်နိုင်တဲ့ ဆရာတော်ဘုရားရဲ့ ဂုဏ်ကျေးဇူးတော်ကိုလဲ အထူးပဲ သဒ္ဓါပွားရတယ်ခင်ဗျား။ အဲဒီတော့ ဒီမဟာဗုဒ္ဓဝင်ဟာ ပိဋကသုံးပုံရဲ့ အနှစ်ချုပ်သဘောက ဘယ်လိုရှိပါသလဲခင်ဗျ။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ဆရာတော်ဘုရားကြီးဟာ ဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားတဲ့နေရာမှာ ပိဋကသုံးပုံ ဘုရားဟောဒေသနာများနဲ့တကွ အဋ္ဌကထာ ဋီကာများကိုပါ အားလုံး ပေါ်ထွက်လာသမျှ ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တို့ကို ကိုးကားပြီးတော့ ပြီးပြည့်စုံအောင် မှတ်ချက်များနဲ့တကွ ရေးသားထားတဲ့ အတွက်ကြောင့် ဆရာတော် သံဃာတော်များရဲ့ လောကမှာတော့ ဆရာတော်ကြီးမို့ လို့ဆိုပြီးတော့ အထူးပဲ ဂုဏ်ပြု ကျေးဇူးတင်လျက်ရှိကြပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ ဆရာတော်ဘုရားကြီးရဲ့ သာသနာတော်အတွက် ဆောင်ရွက်ချက်ဟာ အင်မတန်မှ မွန်မြတ်ကောင်းမွန်ပြီးတော့ ကမ္ဘာတည်သရွေ့ ဆက်လက်ရှင်သန်နေမယ့် ဆောင်ရွက်ချက်များပဲ ဖြစ်ပါတယ်ခင်ဗျ။ ဒီတော့ကာ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ အရင်တုန်းက ဆောင်ရွက်ချက်များ ကိုတော့ သိရပါပြီ။ အခုလောလောဆယ် သာသနာတော်အတွက် ဆောင်ရွက်ချက်များကိုလဲ သိပါရစေဦးခင်ဗျား။

ဆရာဝန်ကြီး။ ။အခုလောလောဆယ် သာသနာတော်အတွက် ဆောင်ရွက်တာကတော့ ဆရာတော်ဘုရားကြီးဟာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ရရှိပြီးကတည်းက လူမှု တန်းမှု အစုစုတွေကို လူမှုရေး ပညာရေး ကျန်းမာရေး စသည့်တို့ဘက်မှာ တတ်အားသရွေ့ လှူဒါန်းလျက်ရှိနေပါတယ်။ အခုလောလောဆယ်တော့ မိမိကဲ့သို့ တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်များ ပေါ်ထွန်းဖို့ကိစ္စ၊ ပြည်တွင်းပြည်ပ သာသနာပြုနိုင်မယ့် အရှင်မြတ်များ ပေါ်ထွန်းဖို့ကိစ္စနဲ့ မန္တလေးမြို့မှာ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး ဆောက်လုပ်ဖွင့်လှစ်ဖို့ ကိစ္စများကို ဆောင်ရွက်တော်မူလျက်ရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ ဆရာဝန်ကြီး အမိန့်ရှိသွားတဲ့ မင်းကွန်း ဆရာတော် ဘုရားကြီးရဲ့ လုပ်ငန်းသုံးရပ် အနက်က ဒီကနေ့တော့ဖြင့် တိပိဋကဓရ ဆရာတော်များ ပေါ်ထွန်းရေး လုပ်ငန်းအကြောင်းကို ဆွေးနွေးတင်ပြလိုပါတယ် ခင်ဗျား။ အဲဒီတော့ တိပိဋကဓရ ဆရာတော်များ ပေါ်ထွန်းရေး ကိစ္စနဲ့ပတ်သက်လို့ ဘယ်ပုံဘယ်နည်း ဆောင်ရွက်နေတယ် ဆိုတာကို သိပါရစေခင်ဗျား။

ဆရာဝန်ကြီး။ ။ဆရာတော် ဘုရားကြီးဟာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ကို ၁၃၁၅-ခုနှစ်က ရရှိတော်မူပါတယ်။ ရရှိလို့ ၂၄-နှစ်ပြည့်လို့ ၂၅-နှစ်ထဲကို ဝင်နေတဲ့ အချိန်အခါမှာ ဆရာတော်ဘုရားကြီးက မိမိအားအစိုးရ

http://www.dhammadownload.com



နိကာယ်ဆောင်သံဃာတော်များ ဘုရားဝတ်တက်နေကြပုံ။
နိကာယ်ဆောင် သံဃာတော်များ၏ ဆွမ်းဝိုင်း။
နိကာယ်ဆောင် သံဃာတော်များ စာချဆောင်သို့ ကြွတော်မူစဉ်....








က လျှုဒါန်းတဲ့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ ဆွမ်းဆန်တော် လစာများကို မ,တည်ပြီးတော့ မိမိကဲ့သို့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ အရှင်မြတ်များပေါ်ထွန်းအောင် ဆောင်ရွက်မယ်ဆိုပြီးတော့ ကျွန်တော့်ကို ဥက္ကဋ္ဌထားပြီးတော့ တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကို ဖွဲ့စည်းပြီးတော့ တာဝန်ပေးခဲ့ပါတယ်။ ဒီလိုတာဝန်ပေးချက်အရ ကျွန်တော်တို့ ဆောင်ရွက်လာခဲ့တာ ယခု ၂-နှစ်ကျော် ၁၃-နှစ်အတွင်း အချိန်ကို ရောက်ရှိလာခဲ့ပါပြီ။

<u>မြန်မာ့အသံ။</u> ။ဟုတ်ကဲ့ခင်ဗျ၊ဒီလိုအချိန်အတွင်းမှာ ဆရာတော်ကြီး မြော်မှန်းသလို တိပိဋကဓရဆရာတော်များ ပေါ်ပေါက်ဖို့ ဘယ်အနေအထားအထိ ရောက်ခဲ့ပါသလဲခင်ဗျား။

<u>ဆရာဝန်ကြီး။</u> ။ဟုတ်ကဲ့၊ ကျောင်းတိုက် ဖွင့်ခဲ့တာတော့ ၁၃-နှစ်ကျော်ပြီ ပေါ့လေ၊ စာမေးပွဲစတင်တဲ့နှစ်နဲ့ တွက်လို့ရှိရင် ၁၂-နှစ်ကာလအတွင်းမှာ ပိဋကသုံးပုံမှာ ၂-ပုံနဲ့ ၃-စိတ်၊ ၃-ပုံဖြစ်ဖို့ ၁-စိတ်သာ လိုတော့တဲ့ အရှင်မြတ်က ၁-ပါး၊ ပိဋက ၁-ပုံခွဲ ဆောင်က ၄-ပါး၊ ပိဋက ၁-ပုံနဲ့ ၁-စိတ်ဆောင်တာက ၃-ပါး၊ ပိဋက ၁-ပုံဆောင်က ၁၂-ပါး၊ စုစုပေါင်း အပါး ၂၀-ပေါ်ပြီးတော့ ပိဋကသုံးပုံ ဖြေတဲ့နေရာမှာ အာဂုံကို အရင်ဖြေဆိုကြရပါတယ်။ ဒါကြောင့် အာဂုံဆောင်ကတော့ အားလုံး ၂၉-ပါးအောင်မြင်ထားတာ ရှိပါတယ်။ ရေးဖြေကတော့ ၃၃-ပါးအောင်မြင်ပြီး ဆက်လက်ပြီးတော့ ဖြေဆိုနေကြဆဲ ရှိပါတယ်။

http://www.dhammadownload.com





⇧ နိကာယ်ဆောင်သံဃာတော်များအား သင်္ကန်းကပ်လှူနေပုံ ⇧

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ ဒီလို ဆောင်ရွက်ချက်ဟာ အင်မတန်မှ ခရီးပေါက်တယ်လို့ ဆိုနိုင်တာပေါ့ ခင်ဗျား။ ဒီလို ဆောင်ရွက်ရာမှာ လိုအပ်တဲ့ပစ္စည်းလေးပါးနဲ့ ပတ်သက်ပြီးတော့ ဘယ်လို အခြေအနေ ရှိပါသလဲ ခင်ဗျား။ အဲဒါတွေလဲ သိပါရစေဦးခင်ဗျ။

ဆရာဝန်ကြီး။ ။ပစ္စည်းလေးပါးနဲ့ ပတ်သက်ပြီးတော့ သံဃာတော်များအတွက်ဆိုတာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဖြစ်ပါတယ်။ ဒီ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ကိစ္စနဲ့ ပတ်သက်ပြီးတော့ ခုန ကျွန်တော် တင်ပြသွားတဲ့ အတိုင်းပဲ ဆရာတော်ဘုရားကြီးရဲ့ ဆွမ်းဆန်တော် တိပိဋကဓရ ဆွမ်းဆန်တော်လစာကို မှတည်ပြီးတော့ ကျွန်တော်တို့ အများ ကုသိုလ်ရှင်များ ကောင်းမှုနဲ့ ဝတ္ထုငွေများ စုဆောင်း ပြီးတော့ ဆောင်ရွက်ကြပါတယ်။ ဒီ ဆောင်ရွက်တဲ့အထဲမှာ မင်းကွန်းတောင်ရိုးမှာ မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေဆိုတာ ရှိပါတယ်။ ဧရာဝတီ ကမ်းနဖူးမှာပါ။ အဲဒီ ကုန်းမြေမှာ စာသင်ကျောင်းကြီး ဆောက်လုပ်ပါတယ်။ အားလုံး ကျောင်းပေါင်း ရှစ်ဆယ်ကျော်မျှ ဆောက်လုပ် ထားရှိပါတယ်။ ဒါ ကျောင်းကိစ္စပါ။

ဆွမ်းကိစ္စကတော့ (က) ဆွမ်း ပဒေသာပင် ထူထောင်ပြီးတော့ အတိုးအညွန့်နဲ့ ဆွမ်းကပ်လှူတာတစ်နည်း။ (ခ) နောက်တစ်နည်းကတော့ အလှူရှင်များ ပေါ်ပေါက်လာလို့ နေ့စဉ် ဆွမ်းကပ်တာလဲ တစ်နည်း။ (ဂ) ရာသက်ပန် ဆွမ်းရက်များ ရယူပြီးတော့ ဆွမ်းကပ်ကြတာလဲ တစ်နည်း။ ဒီလိုသုံးနည်းသုံးမျိုးနဲ့လဲ ဆွမ်းကပ်လှူလျက် ရှိပါသည်။

သင်္ကန်းနဲ့ ပတ်သက်လို့တော့ ဆရာတော်ဘုရားကြီးရဲ့ စီစဉ်မှုနဲ့– (က) ဝါဆိုလ အချိန်အခါမှာ သင်္ကန်းတစ်စုံ၊ (ခ) ကထိန် သင်္ကန်းကပ်တဲ့အချိန်မှာ တစ်စုံ၊ (ဂ) နောက်တစ်ခုကတော့ မိုးမိတ် စေတီတော်ကြီးများ ဗုဒ္ဓပူဇနီယ ပွဲတော် ကျင်းပတဲ့အခါမှာ သင်္ကန်းတစ်စုံ၊ အား

http://www.dhammadownload.com





နိကာယ်ဆောင်သံဃာတော်များ စာကြည့်တိုက်ရှင်းလင်းနေစဉ်....

လုံး ၁-နှစ်လျှင် သင်္ကန်းသုံးစုံ ရရှိဖို့ကို ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။

ဆေးနဲ့ ပတ်သက်လို့ကတော့ မင်းကွန်းမှာ တိုက်နယ် ဆေးရုံ ရှိပါတယ်။ ဆရာတော်ကြီးပဲ ဆောက်လုပ် လှူဒါန်းတဲ့ ဆေးရုံဖြစ်ပါတယ်။ ဒီ တိုက်နယ်ဆေးရုံက ဆရာဝန်က အခါအားလျော်စွာ လာရောက်ကြည့်ရှုပေးပါတယ်။ ကျန်းမာရေး အတွက် လိုအပ်လို့ရှိရင် ဆရာတော်များဟာ သွားရောက်ပြသပြီးတော့ ကုသမှုကို ခံယူကြပါတယ်။


မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ အတော်အသင့် ပြည့်စုံတယ်လို့ ယူဆရမှာပေါ့ခင်ဗျ၊ နောက်တစ်ခုက ပိဋကသုံးပုံ စာအုပ်များနဲ့ ပတ်သက်လို့ ဘယ်ပုံဘယ်နည်း ဆောင်ရွက်ထားတယ် ဆိုတာကိုလဲ သိပါရစေဦးခင်ဗျား။

ဆရာဝန်ကြီး။ ။ပိဋကသုံးပုံ စာအုပ်များနဲ့ ပတ်သက်လို့ကတော့ ပိဋက သုံးပုံဆောင် (တိပိဋကဓရ)ဘွဲ့တံဆိပ်တော် ရဖို့ဆိုတာဟာ ပါဠိတော်၊ အဋ္ဌကထာ၊ဋီကာ စသည့် ပိဋက သုံးပုံနဲ့ ပတ်သက်တဲ့ စာအုပ်တွေဟာ တော်တော် စုံစုံလင်လင်ရှိမှ ဖြစ်တာပါ။ အဲဒါကြောင့် ဆရာ တော်ဘုရားကြီး တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ၂၅-နှစ်မြောက် ငွေရတုပူဇာပွဲတုန်းက အထိမ်းအမှတ် အနေနဲ့ ဒီတိပိဋကကျောင်းတော်မှာပဲ ပိဋကတ်တိုက် ဆောက်ပါတယ်။ ပိဋကတ်တိုက် ဆောက် ပြီးတော့ ပိဋကသုံးပုံ စာအုပ်တွေ၊ အဋ္ဌကထာ ဋီကာ အစုံ၊ အစုံပေါင်းများစွာ အုပ်ရေပေါင်း ၃၀၀၀-ကျော်မျှ ထားရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ နောက်တစ်ခုက ဒီလို တိပိဋကဓရ ဆရာတော် များ ပေါ်ထွန်းရေး အတွက် ဆောင်ရွက်ရမှာ တိပိဋကဓရ ဆရာတော် လောင်းလျာ များကို ဘယ်ပုံဘယ်နည်း ရွေးချယ်လက်ခံတယ်၊ ဘယ်ပုံ ဘယ်နည်း သင်ကြားတယ်ဆိုတဲ့ အကြောင်းလေး ကိုလဲ အကျဉ်းသဘောလောက် သိပါရစေဦး ခင် ဗျား။

http://www.dhammadownload.com










နိကာယ်ဆောင် သံဃာတော်များ၏ ကျက်-အံ-ကြဲ-ကြည့် ပရိယတ်ဝန်ဆောင် လုပ်ငန်းများ။


ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ တိပိဋကဓရ လောင်းလျာတွေ ရွေးချယ် ပြီးတော့ ကျောင်းမှာလက်ခံတဲ့ စနစ်ကတော့ တိပိဋကဓရကို လှမ်းယူဖို့ဆိုတာ ဦးစွာ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်များဖြစ်ရပါတယ်။ အဲဒီ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်များက နေပြီးတော့ ဒီ တိပိဋကကျောင်းတော်မှာ လာရောက် သီတင်းသုံးလိုတယ်ဆိုလို့ ရှိရင် သက်ဆိုင်ရာ ကျောင်းထိုင်ဆရာတော်ဘုရားရဲ့ ထောက်ခံချက်နဲ့တကွ ကျွန်တော်တို့ ပုံစံရှိပါတယ်။ ဒီပုံစံမှာဖြည့်ပြီး လျှောက်ထားရပါတယ်။ လျှောက်ထားလိုက်တဲ့အခါမှာ ဒီပုံစံမှာကြည့်ပြီး တိပိဋကဓရ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် စိစစ်ရွေးချယ်ပြီးရင်တော့ ကျောင်းနေခွင့်ရတယ်လို့ ဆိုရမှာပေါ့။ ကျောင်းရောက်လာတဲ့အခါမှာတော့ ခုန ကျွန်တော် တင်ပြတဲ့ အတိုင်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး အပြင် စာကြည့်နိုင်အောင် 'ဆရာတော်ကြီး အဆိုအရဆိုရင် ကျက်+အံ+ကြဲ+ကြည့် လို့ ခေါ်ပါတယ်။ စာကျက်တယ်၊ စာကြဲတယ်၊ စာအံတယ်၊ စာကြည့်တယ်ဆိုပြီးတော့ ဒီလို ကျက်+အံ+ကြဲ+ကြည့် လေးချက်ကို တစ်နေ့ကို ၁၀-နာရီမျှ ဆောင်ရွက်ကြရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ အခုလို ဆွမ်းကွမ်း ပစ္စည်း လေးပါး အတွက် မပင်မပန်းရဘဲနဲ့ သံဃာတော်များအနေနဲ့ ကြိုးစားရတယ်ဆိုတော့ အတော်လေးပဲ ကောင်းမွန်လှပါတယ်ခင်ဗျ။ ဒီတော့ကာ ဆက်လက်ပြီးတော့အခုလို တိပိဋကဓရ အလောင်းအလျာများ ကျောင်းတော်မှာ ဘယ်နှစ်ပါးလောက် လက်ခံပြီးတော့ သင်ကြားပေးနေတယ် ဆိုတာလဲ သိပါရစေဦး ခင်ဗျ။


http://www.dhammadownload.com








မိုးမိတ်ကုန်းမြေရှိ မိုးမိတ်စေတီတော်ကြီး။ ပိဋကတ်စေတီတော်။ သာသနသောဘိနီသိမ်တော်။ တိ = နိ စာချကျောင်းတော်ကြီး။




<u>ဆရာဝန်ကြီး။</u> ။ပထမ စတင် ဖွင့်လှစ်တဲ့နှစ်ကတော့ ၄၇-ပါးနဲ့ စလာတာပါ။ ၄၇-ပါးကနေ တစ်ဖြည်းဖြည်း တိုးလာခဲ့တာ ဒီနှစ်မှာ ၁၅၅-ပါး ရှိပါပြီ။ ၁၅၅-ပါး အတွက်ကို ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး= ပစ္စည်းလေးပါး လုံလောက်အောင် ခုန ကျွန်တော် တင်ပြသလိုပါပဲ ဆွမ်းအတွက်ကို ဆွမ်းပဒေသာပင်များ ထူထောင်ပါတယ်။ သင်္ကန်းနဲ့ ဆေးအတွက်လဲ ပစ္စည်းလေးပါး ပဒေသာဆိုပြီး သီးသန့် ထူထောင်ပါတယ်။ နောက် ကျောင်းများကို ပြင်ဆင်ထိန်းသိမ်းဖို့ဆိုပြီးတော့ သီးသန့်ပဒေသာပင် ထူထောင်ရ ပါတယ်။ ၎င်းနောက် သံဃာတော်များ ဘွဲ့တံဆိပ် ရရှိတဲ့အခါမှာ ဆက်ကပ်လှူဒါန်းဖို့လဲ စာအောင်ဆုနှင်း ပဒေသာ ဆိုပြီးတော့ ပဒေသာပင်များ ထူထောင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။



<u>မြန်မာ့အသံ။</u> ။ဆရာကြီး ခုန အမိန့် ရှိသွားတဲ့အထဲမှာ မိုးမိတ်မှာ ပေါ့လေ ကျောင်းရှစ်ဆယ်ကျော်ရှိတယ်လို့ ပြောကြားသွားပါတယ်ခင်ဗျား။ ခုရောက်နေတဲ့ စကားဝါလမ်းမှာရှိတဲ့ ကျောင်းတော်ဟာလဲ ဝင်ဝင်ချင်းမှာတွေ့

http://www.dhammadownload.com





မိုးမိတ်ကုန်းမြေ၌ တိပိဋကစရအလောင်းအလျာ သံဃာတော်အရှင်မြတ်များအား

လိုက်ရတာကတော့ "တိပိဋကကျောင်းတော်" လို့ ရေးသားထားတာ ကျွန်တော်တို့ တွေ့ရပါတယ် ခင်ဗျ။ ဒီတော့ ဒီကျောင်းတော်နဲ့ ပတ်သက်လို့လဲ အမိန့်ရှိပါဦး ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ မင်းကွန်းတောင်ရိုးက မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေမှာရှိတဲ့ ကျောင်းတော်ရဲ့ အမည်မှန်ကတော့ **တိပိဋက=နိကာယကျောင်းတိုက်** ဖြစ်ပါတယ်။ ဒီကျောင်းတိုက်ကျတော့ **တိပိဋကကျောင်းတော်လို့** ခေါ်ပါတယ်။ မိုးမိတ်ကုန်းမြေက ခုန တိပိဋက= နိကာယ ကျောင်းတိုက်ကနေပြီးတော့ စာမေးပွဲဖြေဖို့ ကြွလာတဲ့ကြအခါ၊ စာအောင်တဲ့ အခါ၊ ဘွဲ့ယူဖို့ ကြွလာတဲ့အခါမှာ သီတင်းသုံးဖို့ဟာ ဒါ နံပါတ်-၁ ရည်ရွယ်ချက်ပါ။

နံပါတ်-၂ ရည်ရွယ်ချက်ကတော့ မင်းကွန်းတိပိဋကစရ ဆရာတော်ဘုရားကြီးလဲ ရန်ကုန်ကို မကြာခဏဆိုသလိုကြွပြီး သာသနာရေးကိစ္စအဝဝကို ဆောင်ရွက်ရတော့ မင်းကွန်းတိပိဋက ဆရာတော်ကြီးလဲ ရန်ကုန်ကို မကြာခဏဆိုသလို ကြွပြီး' သာသနာရေး ကိစ္စအဝဝကို ဆောင်ရွက်ရတဲ့အခါ သီတင်းသုံးဖို့က ဒုတိယအချက်ပါ။

တတိယအချက်ကတော့ ဒီ တိပိဋက=နိကာယ သာသနာပြုအဖွဲ့ အတွက် အားလုံး ဆောင်ရွက်ကြတဲ့ ရဟန်း ရှင်လူ အပေါင်းတို့ ဝင်ထွက်သွားလာ တည်းခိုနေထိုင်ဖို့လဲ ရည်ရွယ်ချက် တစ်ခုလဲ ပါပါတယ်။

မြန်မာ့အသံ။ ။တိပိဋက ကျောင်းတော်နဲ့ ပတ်သက်လို့တော့ သိရပါပြီခင်ဗျား၊ နောက် ဆရာကြီးနဲ့ ကျွန်တော် ဟိုငါးနိုင်ငံခရီးစဉ် သွားတုန်းက ဆွေးနွေးတဲ့အခါမှာ ဆရာကြီးအနေနဲ့ ထည့်သွင်း ပြောကြားတဲ့အထဲမှာ "ဗုဒ္ဓမြတ်စွာဒေသနာ ကမ္ဘာအနှံ့ ပြန့်စေသော်"ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ငါးနိုင်ငံကို ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့တယ်လို့ ဆိုပါတယ်ခင်ဗျား။ ဒီတော့

http://www.dhammadownload.com





စာအောင်ပူဇော်ပွဲကြီးပြုလုပ်၍ တိ = နိသာသနာပြုအဖွဲ့ဝင်များက ဂုဏ်ပြုပူဇော်ကြပုံ

ကာ ကျွန်ုပ်တော်တို့ ဆွေးနွေးနေကြတဲ့ တိပိဋကဓရ ဆရာတော်များ ပေါ်ထွန်းရေးလုပ်ငန်း ဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းဆောင်ပုဒ်လဲ ရှိကောင်းရှိမယ်လို့ ထင်ပါတယ်ခင်ဗျား။ ရှိခဲ့ရင် ဘယ်လိုဆောင်ပုဒ်များ သတ်မှတ်ထားတယ် ဆိုတဲ့ အကြောင်းကိုလဲ သိပါရစေဦးခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ''ဗုဒ္ဓမြတ်စွာ ဒေသနာကမ္ဘာအနှံ့ပြန့်စေသောဝ်''ဆိုတာကတော့ သာသနာ့တက္ကသိုလ်ကြီး ၂-ခုက ပေါ်ထွန်းလာမယ့် ပြည်တွင်း ပြည်ပ သာသနာပြုကြမယ့် အရှင်မြတ်များအတွက် ဖြစ်ပါတယ်၊ ၃ ဒီ တိပိဋကကျောင်းတော် ၂-ခုက အောင်မြင်ကြတဲ့ အရှင်မြတ်များ အတွက်ကတော့ ''တိပိဋက= နိကာယ စာပေများကို သင်အံ လေ့ကျက်နေသူသည် ဗုဒ္ဓနဲ့တွေ့နေသည်''ဆိုတဲ့ ဆောင်ပုဒ် ဖြစ်ပါတယ်၊ ဘုရားနဲ့ သံဃာတော်များနဲ့ဟာ အမြဲတစေ တွေ့နေဖို့ကို ရည်ရွယ်ပြီးတော့ သတ်မှတ်ထားတဲ့ ဆောင်ပုဒ်ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။မှန်ပါတယ် ခင်ဗျား။ ရှင်တော်ဘုရား ဟောကြားခဲ့တဲ့ တရားတွေအတိုင်းပဲ လိုက်နာတယ်ဆိုလို ရှိရင် ဒါ အမြဲတမ်း မြတ်စွာဘုရားနဲ့ တွေ့ဆုံနေတယ်လို့ ဖူးမြော်နေရတယ်လို့ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ အယူရှိပါတယ်ခင်ဗျား။ ပြောလဲပြောကြပါတယ်။ ဆရာကြီး အမိန့်ရှိသွားတဲ့ စကားလေးဟာဖြင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေ အတွက် အလွန်မတန်မှ မှတ်သားစရာ ကောင်းလှပါတယ် ခင်ဗျား။ ဒီတော့ကာ နောက်တစ်ခုကတော့ တိပိဋကဓရ ဆရာတော်လောင်းများအတွက် နောက်တစ်ခု ဆောင်ရွက်ရမှာ ပေါ့လေ။ စီမံ ဆောင်ရွက်ရတဲ့ လုပ်ငန်းများဟာလဲ များပြားလိမ့်မယ်၊ ကြီးကျယ်လိမ့်မယ်၊ ကွပ်ကဲရမှာလဲ အလေအလွင့်မရှိအောင် ဆောင်ရွက်ရလိမ့်မယ်လို့ ထင်ပါတယ်၊ အဲဒီတော့

http://www.dhammadownload.com





(↑) မိုးမိတ်စေတီတော်ကြီးများကုန်းမြေရှိ တိပိဋက = နိကာယကျောင်းတိုက်ကြီး၏ အုပ်ချုပ်မှု နာယကအဖွဲ့ဝင် ဆရာတော်ကြီးရှစ်ပါးတို့အား ကြည်ညိုဖွယ် ဖူးတွေ့ရပုံ။

ဘယ်လို စီမံဆောင်ရွက်တယ် ဆိုတဲ့ လုပ်ငန်း သဘောလေးကိုလဲ အကျဉ်းလောက် သိပါရစေဦး ခင်ဗျား။


ဆရာဝန်ကြီး။ ။ဒီလို စီမံဆောင်ရွက်တဲ့ အပိုင်းမှာ ကျွန်တော့် အနေနဲ့ အကျဉ်းချုံးပြီးတော့ တင်ပြရမယ်ဆိုရင် ဦးစွာပထမဖွဲ့စည်းပုံပေါ့။ ဖွဲ့စည်းပုံကတော့ မင်းကွန်းတောင်ရိုးမှာ သီတင်းသုံးကြတဲ့ ဆရာတော်ကြီးများထဲက နေပြီးတော့ **နာယက ဆရာတော်များအဖွဲ့** ဆိုပြီးတော့ ဖွဲ့ပါတယ်။ ဒီနာယကဆရာတော်ကြီးများ အဖွဲ့ရဲ့ ဦးဆောင် ပဓာန နာယကဆရာတော်ကြီးက မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးပဲ ဖြစ်ပါတယ်။ အဲဒီအောက်မှာ ကျွန်တော်တို့ တိပိဋက=နိကာယ သာသနာပြုအဖွဲ့ ရန်ကုန်ဌာနခွဲ၊ မန္တလေးဌာနခွဲ၊ စစ်ကိုင်းဌာနခွဲဆိုပြီး ဌာနခွဲကြီးသုံးခု သတ်မှတ်ထားပြီးတော့ ဆောင်ရွက်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့ နေရာမှာ လူပုဂ္ဂိုလ်များ ဘက်ကတော့ ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး= ပစ္စည်းလေးပါးနဲ့လှူဒါန်းမှုအစုစု၊ ဝတ္ထု ကြေး ငွေ ပစ္စည်းတွေကို ထိန်းသိမ်းပြီးတော့' လိုသလို ဆက်ကပ်လှူဒါန်းပေးဖို့ စီစဉ်ရတဲ့အပိုင်းပဲ ဖြစ်ပါတယ်။ ဆရာတော် သံ ဃာ တော် များ ဘက်ကတော့ တိပိဋကဓရ အလောင်းအလျာ အရှင်မြတ်များအတွက် ကျန်းမာရေးကို အထူး ဂရုစိုက်ကြဖို့နဲ့ ၎င်းနောက် စာမေးပွဲဝင်နိုင်အောင် **အစမ်းစာမေးပွဲ**များကို ရေးဖြေနဲ့ တစ်ခါတရံလဲပဲ နှုတ်မေးခွန်းများကို စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလို **အစမ်း စာမေးပွဲ**များမှာ အောင်တော့ကို အဆင့်မြင့်ပြီးတော့ အောင်နိုင်ဖို့ အလားအလာရှိတဲ့ အရှင်မြတ်များကိုသာ တိပိဋကဓရ **စာမေးပွဲ**ဝင်ဖို့ စီစဉ်ပါတယ်။ ဒီလိုစီစဉ်တဲ့နေရာမှာ တိပိဋကဓရ **စာမေးပွဲ**ဟာ အဆင့်အမြင့်ဆုံး ဖြစ်နေတော့ ဓမ္မာစရိယနဲ့ တိပိဋကဓရဟာ အလှမ်း ကွာဝေးပါတယ်။ ဒါကြောင့် **နိကာယ်စာမေးပွဲ** ဆိုတာကို

ဝင်စေပါတယ်။ နိကာယစာမေးပွဲကို အရပ်ခေါ် ခေါ်ရင်တော့ **နိကာယ်စာမေးပွဲ** လို့ ခေါ်ကြပါတယ်၊ အဲဒီနိကာယ် စာမေးပွဲများဟာ မန္တလေးမှာလဲ ရှိပါတယ်။ ရန်ကုန်မှာလဲ ရှိပါတယ်။ ပဲခူးမှာလဲ ရှိပါတယ်။ ပခုက္ကူမှာလဲ ရှိပါတယ်။ မိုးကုတ်မှာလဲ ရှိပါတယ်။ ဒီ နိကာယ်စာမေးပွဲတွေကိုလဲ ဝင်စေပါတယ်။ နိကာယ်စာမေးပွဲ တွေမှာလဲ တော်တော် အဆင့်မြင့်မြင့်နဲ့ အောင်ရင်တော့ ဘိပိဋကအတွက် လှမ်းနိုင်ပြီဆိုပြီးတော့ ဒီလို ဆရာတော်ကြီးများကလဲ စီစဉ်မှုတစ်ခု ပါဝင်ပါတယ်။

<u>မြန်မာ့အသံ။</u> ။ဟုတ်ကဲ့ခင်ဗျား၊ အခုလို တိပိဋကဓရ ဆရာတော်များ ပေါ်ထွန်းရေးအတွက် ဆောင်ရွက်ရာမှာ စီမံချက်များဟာ အင်မတန်မှ စနစ်တကျ ကောင်းမွန်လှတဲ့ အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ် ခင်ဗျား။ ဆရာဝန်ကြီးခင်ဗျား၊ တိပိဋက ဆရာတော် အလောင်းအလျာများ၊ တစ်နည်းအားဖြင့် ပြောရလို့ရှိရင် စာသင်သံဃာတော်များဟာ ဆရာတော် ဘုရားကြီးရဲ့ သာသနာပြုလုပ်ငန်းတွေမှာလဲ တစ်ဘက်က စာသင့်ရင်း၊ စာအံရင်း၊ စာကျက်ရင်း၊ တစ်ဘက်ကလဲပဲ ကူညီဆောင်ရွက်နေတယ်လို့ ကြားသိရပါတယ်ခင်ဗျား။ အဲဒါ ဘယ်ပုံ ဘယ်နည်း ဆောင်ရွက် သာသနာပြုနေတယ်ဆိုတဲ့ အကြောင်းလေးကိုလဲ အကျဉ်းသဘောလောက် အမိန့်ရှိပါဦး ခင်ဗျား။

<u>ဆရာဝန်ကြီး။</u> ။ဟုတ်ကဲ့၊ ဆရာတော်ဘုရားကြီးရဲ့ သာသနာပြု လုပ်ငန်းတွေဟာ အခု လောလောဆယ်က ပြည်တွင်း ပြည်ပ သာသနာပြုဖို့ အရှင်မြတ်များ ပေါ်ထွန်းဖို့ ကိစ္စအတွက် ရန်ကုန်မြို့နဲ့ မန္တလေးမြို့မှာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးတွေ ဆောက်လုပ် လှူဒါန်းနိုင်ဖို့ အတွက် ဆရာတော်ကြီးဟာ ဒေသစာရီ ကြွနေရပါတယ်။ ဒီ တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်များ ပေါ်ထွန်းဖို့

တိပိဋကဓရအလျာ အာဇာနည်များ ပေါ်ထွန်းရေးအတွက် အုပ်ချုပ်မှု နာယကဆရာတော်ကြီး (⇩) စုံညီ အသိအညွတ် ညီမူစည်းဝေးတော်မူကြပုံ။



http://www.dhammadownload.com



ကိစ္စကိုတော့ ရေစက်ချပွဲတွေ တရားဒေသနာများ ချီးမြှင့်ဖို့ပွဲတွေကို တစ်ခါတရံမှာ ဆရာတော်ကြီးဟာ ဆောင်ရွက်မပေးနိုင်ပါဘူး။ ဒီအချိန်တွေမှာ ဆရာတော်ဘုရားကြီးရဲ့ ကျောင်းတိုက်ဏ နေပြီးတော့ စာသင်သံဃာထဲမှ ဓမ္မကထိက အဆင့်ရှိတဲ့ ပုဂ္ဂိုလ်များက ကြွရောက်ပြီးတော့ တရားဒေသနာများ ချီးမြှင့်တယ်၊ ဟောပြောတယ်၊ ရေစက်ချတယ်။ ဒီလို ဆရာတော့ဘုရားကြီးရဲ့ ကိုယ်စား ဒေသစာရီ ကြွရတဲ့လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးကြရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား၊ အင်မတန်မှ ကောင်းမွန်တဲ့ လုပ်ရပ်တွေပါပဲ ခင်ဗျား။ တိပိဋက အလောင်းလျာများ အနေနဲ့ စာမေးပွဲကိုလည်း အဆင့်ဆင့် ဖြေဆိုအောင်မြင်ရတယ်လို့ ဆရာဝန်ကြီး အမိန့်ရှိသွားပါတယ် ခင်ဗျား။ ဒီတော့ကာ အဆင့်ဆင့်အောင်မြင်သွားတဲ့ ဆရာတော်များကို ဘယ်ပုံဘယ်နည်း ချီးမြှင့်တယ်ဆိုတဲ့ အကြောင်းလေးကိုလဲ သိပါရစေဦးခင်ဗျား။

ဆရာဝန်ကြီး၊ ။ဟုတ်ကဲ့။ ကျွန်တော်တို့ တိပိဋက ကျောင်းတော်ကြီးက မိုးမိတ် စေတီတော်ကြီးများ ကုန်းမြေမှာဖြစ်တဲ့ အတွက်ကြောင့် မိုးမိတ်စေတီတော်ကြီးများရဲ့ ဗုဒ္ဓပူဇနီယ ပွဲတော်ကြီးမှာ စာအောင် အရှင်များ ပူဇော်ပွဲဆိုတာ ပါရှိပါတယ်။ အဲဒီ စာအောင် အရှင်မြတ်များကို ဆရာတော်ဘုရားကြီးကိုယ်တိုင်လဲ ပါဝင်ပြီးတော့ လှူဒါန်းပါတယ်။ ကျွန်တော်တို့ အများပြည်သူများနဲ့ တိပိဋက=နိကာယ ရာသက်ပန် အဖွဲ့ဝင် သူတော်စင်များကလဲ ပါဝင်ပြီးတော့လှူဒါန်းပါတယ်။ ဒီလိုလှူဒါန်းတဲ့နေရာမှာ ထူးခြားချက် တစ်ခု ပါဝင်ပါတယ်။အဲဒီ ထူးခြားချက်က ဘာလဲဆိုတော့ "ကြီးလေးကြီး"ပူဇော်ပွဲဆိုတာ ပါလာပါတယ်။ ကြီးလေးကြီး ပူဇော်ပွဲဆိုတဲ့ အဓိပ္ပာယ်က မင်းကွန်းဟာ ကြီးလေးကြီး အရပ်ပါ၊ ကြီးလေးကြီးအရပ်ဆိုတာ မင်းကွန်း တောင်ရိုးကိုသွားရင် တွေ့ပါလိမ့်မယ်။ ခေါင်းလောင်းကြီး၊ ပုထိုးတော်ကြီး၊ ခြင်္သေ့ကြီး၊ တစ်ဘက်ဆည် ကန်ဘော်ကြီး ဆိုပြီး ဘိုးတော်ဘုရား တည်သွားတဲ့ အရပ်ပါ။ အဲဒီက ကျွန်တော်တို့က ကြီးလေးကြီးပူဇော်ပွဲလို့ ခေါ်တဲ့ **ရှင်လေးရှင်** ပူဇော်ပွဲကို လုပ်ပါတယ်။

ရှင်လေးရှင်ဆိုတာ ၁–က ရှင်ရဟန်းများ
၂–က ရှင်သာမဏေများ
၃–က သီလရှင်များ
၄–က ကျေးဇူးရှင်များ

ဆိုပြီးတော့ ကျွန်တော်တို့အဖွဲ့ကို အထောက်အကူပြုတဲ့ ကျေးဇူးရှင် ဆရာတော်ကြီးများနဲ့ လူပုဂ္ဂိုလ်များပါ ပါဝင်တဲ့ ပူဇော်ပွဲကြီးဖြစ်ပါတယ်။ ဒီလို ရှင်လေးရှင်ဖြစ်တဲ့ ပူဇော်ပွဲမှာ ရှင်တစ်ရှင် ဖြစ်တဲ့ အရှင်မြတ်များကို အထူးပူဇော်ပွဲ အနေနဲ့ ဝတ္ထုကြေး ငွေ များလဲ ပါဝင်ပါတယ်၊ ပစ္စည်းပစ္စယများလဲ အမျိုးစုံပါဝင်လှူဒါန်းတဲ့ ပွဲတော်ကြီးကို ကျင်းပလျက်ရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊အခုလို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော် ဘုရားကြီးရဲ့ သာသနာတော် သုံးရပ် ထာဝစဉ် ရှင်သန်ရေး အတွက်ဆောင်ရွက်ချက်သုံးရပ်အနက်က တိပိဋက ဆရာတော်များ ပေါ်ထွန်းရေး အတွက် ဆောင်ရွက်ချက် လုပ်ငန်းများကို စိတ်ရှည် လက်ရှည်နဲ့ ဆွေးနွေးတင်ပြသွားတဲ့အတွက်ကြောင့် တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌကြီး အထူးကု ဆရာဝန်ကြီး ဦးသာလှကို အထူးပဲ ကျေးဇူးတင်ပါတယ်လို့ ပြောကြားရင်း ဒီတွင်ပဲ ရပ်နားခွင့်ပြုပါတော့ ခင်ဗျား။ ။

* * *

http://www.dhammadownload.com

# မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းသုံးသွယ်အကြောင်း သိကောင်းစရာ

## အပိုင်း(၂) ပြည်တွင်းပြည်ပ သာသနာပြု အရှင်မြတ်များ ပေါ်ထွန်းရေး

**မြန်မာ့အသံကိုယ်စားလှယ်နှင့် တိ=နိ ဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှတို့ (၂၂-၁-၉၁)နေ့ ဆွေးနွေးခန်း**

### ပြည်တွင်းပြည်ပသာသနာပြုလုပ်ငန်း

<u>မြန်မာ့အသံ</u>။ ။သောတရှင်များ ခင်ဗျား၊ ဗုဒ္ဓဘာသာ သာသနာ တော်ကြီး ထာဝစဉ် ရှင်သန်ဖွံ့ဖြိုး တိုးတက်စေရေး အတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသရဲ့ ဆောင်ရွက်ချက်သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါတယ်။

အဲဒီလုပ်ငန်းကြီး သုံးရပ်ကတော့-

- တိပိဋကဓရ ဆရာတော်များ ပေါ်ထွန်းရေး
- ပြည်တွင်းပြည်ပ သာသနာပြုနိုင်မယ့်အရှင်မြတ်များ ပေါ်ထွန်းရေးနဲ့
- မန္တလေးမြို့မှာ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး ဆောက်လုပ်ဖို့ပဲ ဖြစ်ပါတယ်။


အဲဒီ လုပ်ငန်းကြီးသုံးရပ်အနက် ပထမလုပ်ငန်းကြီးဖြစ်တဲ့ တိပိဋကဓရ ဆရာတော်များ ပေါ်ထွန်းရေးနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခန်း အစီအစဉ်ကို သောတရှင်များကို အသံလွှင့်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒီကနေ့မှာတော့ဖြင့် အဲဒီလုပ်ငန်းကြီး သုံးရပ်အနက်က ဒုတိယလုပ်ငန်းကြီး ဖြစ်တဲ့ ပြည်တွင်းပြည်ပ သာသနာပြုနိုင်မယ့် အရှင်မြတ်များ ပေါ်ထွန်းရေး ဆောင်ရွက်ချက်နဲ့ ပတ်သက်ပြီး သောတရှင်တွေ အနေနဲ့ ကြည်ညိုသဒ္ဒါ ပွားများနိုင်အောင် ဆွေးနွေးတင်ပြဖို့ ရည်ရွယ်ထားပါတယ်။

အခုလို ဆွေးနွေးတင်ပြဖို့ အတွက် ကျွန်တော်တို့ တစ်တွေဟာ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်းမှာရှိတဲ့ တိပိဋက=နိကာယ ဥပဋ္ဌာက အဖွဲ့ ဥက္ကဋ္ဌ အထူးကုဆရာဝန်ကြီး ဦးသာလှနဲ့ အခုလို တွေ့ဆုံ ဆွေးနွေးမေးမြန်းခဲ့ပါတယ်။

ဆရာဝန်ကြီးခင်ဗျား၊ ဆရာတော်ဘုရားကြီးရဲ့ သာသနာပြု လုပ်ငန်းကြီး သုံးရပ်ထဲက ဒုတိယ ဆောင်ရွက်ချက်ဖြစ်တဲ့ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ ပေါ်ထွန်းရေးအတွက် ဆောင်ရွက်ပုံကို သောတရှင်များ သိရှိရလေအောင် ရှင်းပြပေးစေချင်ပါတယ်။

<u>ဆရာဝန်ကြီး</u>။ ။ဟုတ်ကဲ့၊ ပြည်တွင်းပြည်ပ သာသနာပြု အရှင်မြတ်များ ပေါ်ထွန်းရေးကိစ္စဟာ နိုင်ငံတော်သံဃမဟာ နာယက







မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဝင်းကြီးအတွင်းရှိ ဓမ္မဓရ သာသနာ့သိမ်တော်ကြီး⇧

အဖွဲ့ရဲ့ ဆုံးဖြတ်ချက် ဖြစ်ပါတယ်။ နိုင်ငံတော် သံဃ မဟာ နာယက အဖွဲ့ကြီးက နေပြီးတော့ အထက်ဗမာပြည်အတွက် မန္တလေးမြို့မှာ၊ အောက်ဗမာပြည်အတွက် ရန်ကုန်မြို့မှာ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ် ဖွင့်လှစ် ပြီးတော့ ပြည်တွင်း ပြည်ပ သာသနာပြုမယ့် အရှင်မြတ်များ ပေါ်ထွန်းရေးအတွက် စီစဉ်ချက် ဖြစ်ပါတယ်။

ဒုတိယ စီစဉ်ချက်ကတော့ ပြည်နယ်နှင့် တိုင်း အသီးသီးမှာ ပြည်နယ်တစ်ခုမှာ ကျောင်းတစ်ခု၊ တိုင်းတစ်ခုမှာ ကျောင်းတစ်ခုစီ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတိုက်များ ဖွင့်လှစ်ပြီးတော့ အရည်အချင်းပြည့်တဲ့ ကျောင်းထိုင် ဘုန်းကြီးများ ပေါ်ထွန်းဖို့ကိစ္စပဲ ဖြစ်ပါတယ်။

⇦






အထက်ပုံ-မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် စာသင်သံဃာတော်များ သီတင်းသုံးရာ ဝိဇ္ဇာလယ တိုက်ကျောင်းများ။


အလယ်ပုံ-စာသင်သံဃာ အပါး(၁၀၀)ဆန့် မဟာဂန္ဓ စာသင်ဆောင်များ။

အောက်ပုံ-နာယကချုပ် မဟာထေရ်ကျောင်းဆောင်၊

http://www.dhammadownload.com







(↑) ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ (↑)
တက္ကသိုလ် စာသင် မဟာဌာနကြီးများ။

မြန်မာ့အသံ။ ။ဥပဋ္ဌာက အဖွဲ့နဲ့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဆောက်လုပ်ရေး အဖွဲ့တို့ဟာ ဘယ်နည်း ဘယ်ပုံ ဆက်လက်ဆောင်ရွက်တယ် ဆိုတာကိုလဲ သိပါရစေဦးခင်ဗျား။

ဆရာဝန်ကြီး။ ။အဲဒီ အချက်ကြီး နှစ်ချက်စလုံးကိုနိုင်ငံတော်သံဃမဟာနာယကအဖွဲ့က မေတ္တာရပ်ခံပြီး တာဝန်ပေးချက်အရ ဆရာ


(←) ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်ရှိ မဟာသိမ်တော်ကြီး။

http://www.dhammadownload.com





နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ⇧ နာယကချုပ်ဆောင်




⇧ စာသင်သံဃာတော်များ သီတင်းသုံးရာ ဝိဇ္ဇာလယတိုက်ကျောင်း

တော်ဘုရားကြီးဟာ ကျွန်တော့်ကို ဥက္ကဋ္ဌ အဖြစ် ထားရှိပြီးတော့ သာသနာ့ တက္ကသိုလ် ကြီးများ ဆောက်လုပ်လှူဒါန်းရေး အဖွဲ့ ဆိုပြီးတော့ ဖွဲ့စည်း ပေးခဲ့ပါတယ်။ ဖွဲ့စည်းပြီးတော့ ကျွန်တော်တို့ ရန်ကုန်မြို့နဲ့ မန္တလေးမြို့မှာ နိုင်ငံတော်ပရိယတ္တိသာ သနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်ဖို့ စီစဉ်ပြီး ဆောင်ရွက်လာရကနေ လွန်ခဲ့တဲ့ သုံးနှစ်ကျော်က နေပြီး သာသနာ့တက္ကသိုလ်ကြီးနှစ်ခု စတင် ဖွင့် လှစ်ခဲ့ပါတယ်။ သာသနာ့ တက္ကသိုလ်ကြီးများ ဖွင့် လှစ်လာတာနဲ့ တစ်ပြိုင်နက် စာသင်သံဃာတော် များ၊ စာချဆရာတော်များအတွက် ဆွမ်း+သင်္ကန်း ကျောင်း+ဆေး=ပစ္စည်း လေးပါး မငြိုမငြင် ပြည့် ပြည့်စုံစုံ ဆောင်ရွက်ပေးနိုင်ဖို့ အတွက် အဖွဲ့တစ်ဖွဲ့ လိုလာပါတယ်။ လိုလာတဲ့အတွက် ဒီအဖွဲ့ကို ဆရာ တော်ဘုရားကြီးကပဲ ဖွဲ့စည်းပေးပြန် ပါတယ်။

ဒီအဖွဲ့ရဲ့အမည်ကို **ဥပဋ္ဌာက** အဖွဲ့လို့ ခေါ်ပါ တယ်။ ကျွန်တော်တို့ အရပ်ပြော ပြောရင်တော့ **ကျောင်းဒါယကာများအဖွဲ့** လို့ ခေါ်ရပါတယ်။ ဆရာတော်ဘုရားကြီး ရှင်းလင်း ပြောပြတာက တော့ ဥပဋ္ဌာကဆိုတာ အနီးကပ် ပြုစုတဲ့အဖွဲ့၊ ဗုဒ္ဓ မြတ်စွာကညီတော်အာနန္ဒာကို ဧတဒဂ်ငါးတန်ပေး အပ်တဲ့အချိန်က ဥပဋ္ဌာက ဧတဒဂ်ဆိုတာ ရှိပါ တယ်။ ဗုဒ္ဓမြတ်စွာကို အနီးကပ်ပြုစုတဲ့ နေရာမှာ အသာဆုံး အမြတ်ဆုံးဘွဲ့ဖြစ်ပါတယ်။ ကျွန်တော် တို့ကိုလဲ ဆရာတော်ဘုရားကြီးက အနီးကပ် ပြုစုဖို့ ဆောင်ရွက်ဖို့အတွက် ရည်ရွယ်ပြီးတော့ ဥပဋ္ဌာက အဖွဲ့ကို ဖွဲ့စည်းပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ယခုဆောက်လုပ် လှူဒါန်း ရေး အဖွဲ့ရယ်+ဥပဋ္ဌာက အဖွဲ့ရယ်လို့ အဖွဲ့ နှစ်ဖွဲ့ ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com

## နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ တည်ဆောက်ရေးအတွက် တိ-နိ ဥပဋ္ဌာက သာသနာပြုအဖွဲ့ဝင်များ အကြိမ်ကြိမ်စည်းဝေးညှိနှိုင်းတိုင်ပင်နေကြပုံများ












http://www.dhammadownload.com





⑪ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ဆောက်လုပ်မည့် မဟာဝိဇယာပုည ⑪ မှန်ကျောင်းမြေနေရာကို မင်းကွန်းထိပိဋကဓရဆရာတော်ကြီး ကြည့်ရှုတော်မူစဉ်။ (၁၇-၁၂-၈၂)။

မြန်မာ့အသံ။ ။ဟုတ်ကဲ့၊ ဥပဋ္ဌာက အဖွဲ့ရဲ့ အဓိပ္ပာယ်ကိုတော့ သိရပါပြီ ခင်ဗျား။ ဥပတ္ထမ္ဘက အဖွဲ့ဆိုတာလဲ ရှိတယ်လို့ သိရပါတယ်။ အဲဒါကြောင့် အဲဒီ ဥပတ္ထမ္ဘက အဖွဲ့ရဲ့ အဓိပ္ပာယ်ကိုလဲ ဆက်လက်ပြီးတော့ ရှင်းလင်းတင်ပြပေးစေချင်ပါတယ်။


ဆရာဝန်ကြီး။ ။ဒီလို ဖွဲ့စည်းလာတဲ့ အခါမှာ နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ကလဲ ဥပတ္ထမ္ဘကအဖွဲ့လို့ ဖွဲ့စည်းရပါတယ်။ အဓိပ္ပာယ်ကတော့ အထောက်အကူပြုအဖွဲ့ ဖြစ်ပါတယ်။ ဒါကိုရှင်းအောင် ပြောရမယ် ဆိုလို့ရှိရင် ကျောင်းတိုက်=စာသင်တိုက်တစ်ခုကို တည်ထောင်မယ်ဆိုရင် အရေးအကြီးဆုံး ပုဂ္ဂိုလ်သုံးဦးရှိတယ်၊ အဖွဲ့အစည်းအားဖြင့်လဲ သုံးခုလို့ ခေါ်ရပါတယ်။

၁–ကတော့ ကျောင်းထိုင်ဆရာတော်
၂–ကတော့ ကျောင်း ဒါယကာ
၃–ကတော့ ကပ္ပိယ ကာရကလို့....
ဒီလိုရှိပါတယ်။

ဒါကိုပုံစံယူပြီးတော့ ကျောင်းထိုင် ဆရာတော်များ အနေနဲ့ သာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်မှု ဗဟိုအဖွဲ့ ဆိုတာ ပေါ်လာတယ်။ ၎င်းနောက် ကပ္ပိယ ကာရက အနေနဲ့ အထောက် အကူပြု ဥပတ္ထမ္ဘကအဖွဲ့ဆိုတာ ပေါ်လာရတာဖြစ်ပါတယ်။ ကျောင်းဒါယကာများ အဖွဲ့ အနေနဲ့ ကျွန်တော်တို့ ဥပဋ္ဌာကအဖွဲ့လို့ အဖွဲ့အစည်း သုံးခုနဲ့ တက္ကသိုလ်ကြီးများကို အုပ်ချုပ် စီမံပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

http://www.dhammadownload.com


နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များအတွက် အကြိုရေစက်ချလှူဒါန်းကြသော
မဟာဒါန အလှူတော်များ။






http://www.dhammadownload.com





⇧ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ရှိ ဓမ္မဓရသိမ်တော်ကြီး သိမ်သမုတ်တော်မူကြစဉ် ⇧



⬆ ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ ⬆ တက္ကသိုလ်ရှိ နာယကချုပ်နှင့် ကထိကများ သီတင်းသုံးရာ ကျောင်းဆောင်ကြီး အုတ်မြစ်ချစဉ်။ (၂-၅-၈၅)

မြန်မာ့အသံ။ ။အခုသိရှိရတဲ့ အထဲက ပေါ့လေ ဆောက်လုပ် လှူဒါန်းရေး အဖွဲ့နဲ့ ဥပဋ္ဌာက အဖွဲ့နှစ်ဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေကိုလဲ သိရှိရအောင်လို့ ပြောပြပေးစေချင်ပါတယ် ခင်ဗျား။

ဆရာဝန်ကြီး။ ။ဆောက်လုပ်လှူဒါန်းရေး အဖွဲ့ ကတော့ ရန်ကုန်မြို့နဲ့ မန္တလေးမြို့မှာ တစ်ဖွဲ့စီ ရှိပါတယ်။ အဲဒီအထက်အောက် အဖွဲ့ နှစ်ဖွဲ့လုံးရဲ့ဥက္ကဋ္ဌကတော့ ကျွန်တော်ပဲ ဖြစ်ပါတယ်။ ဒါကတော့ သာသနာ့ တက္ကသိုလ်ကြီး များကို ရန်ကုန်မှာ ဆိုလို့ရှိရင် အဆောက် အဦပေါင်း ၅၀–ကျော်ဆောက်လုပ်ဖို့ ဖြစ်ပါတယ်။ မန္တလေး မြို့မှာ အဆောက်အဦပေါင်း ၇၀-ကျော် ဆောက် လုပ်ဖို့ဖြစ်ပါတယ်။ ဒီအတွက် လိုအပ်တဲ့ဝတ္ထု ကြေးငွေများကို အလှူခံပြီးတော့ ဆောက်လုပ်နေဆဲ ဖြစ်ပါတယ်။ ဒါက ဆောက်လုပ်လှူဒါန်းရေး အဖွဲ့ ရဲ့ ဆောင်ရွက်ချက်လို့ ပြောရမှာပေါ့။ ဥပဋ္ဌာက

http://www.dhammadownload.com





နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် သင်တန်းပြ ဆရာတော်များ၏ မွမ်းမံသင်တန်း၌ တိ – နီ ဥပဋ္ဌာကအဖွဲ့မှ ဆွမ်းကပ်လှူနေပုံ။ (၅-၁၂-၀၃) ⇨

အဖွဲ့ကတော့ ဆွမ်း၊ ကျောင်း၊ ဆေးဆိုတဲ့ အထဲမှာ ကျောင်းကတော့ ဆောက်လုပ်ရေး အဖွဲ့က တာဝန်ယူပါတယ်။ သို့သော် ဒီကျောင်းများကို ပြင်ဆင် ထိန်းသိမ်းဖို့ကျတော့ ဥပဋ္ဌာက အဖွဲ့က တာဝန်ယူပါတယ်။ ကျောင်းကိစ္စ ပြီးတဲ့အခါမှာ ဆွမ်း၊ ဆွမ်းကိစ္စကတော့ ဆွမ်း ပဒေသာပင်များ ထူထောင်ပြီးတော့ နေ့စဉ် ဆွမ်းကပ်လျက် ရှိပါတယ်။

ဆေးကိစ္စနဲ့ ပတ်သက်လို့တော့ မန္တလေးမှာတော့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးကို ဆောက်လုပ်ပြီးတော့ အနီးကပ် ဆောင်ရွက်လျက် ရှိပါတယ်။

ရန်ကုန်မြို့မှာတော့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေမှာ အခု သံဃမဟာနာယက ဆေးရုံဆိုပြီးတော့ ဆေးရုံကြီးကို စတင်ပြီးတော့ ဆောင်ရွက်လျက် ရှိပါပြီ။

မြန်မာ့အသံ။ ။ဟုတ်ကဲ့၊ ဆောက်လုပ် လှူဒါန်းရေးအဖွဲ့နဲ့ ဥပဋ္ဌာက အဖွဲ့တို့ရဲ့ ဆောင်ရွက်ချက် ကိုတော့ သိရပါပြီ ခင်ဗျား။ ဥပတ္ထမ္ဘကအဖွဲ့ရဲ့ ဆောင်ရွက်ချက်ကိုလဲ သိပါရစေဦးခင်ဗျား။


ဆရာဝန်ကြီး။ ။ဥပတ္ထမ္ဘကအဖွဲ့က တော်တော် ကို လုပ်ကိုင် ဆောင်ရွက်ရမယ့် ကိစ္စတွေ များပါတယ်။ ဥပမာ–သာသနာ့ တက္ကသိုလ်ကြီးကို ကြည့်မယ်ဆိုလို့ ရှိရင် သင်ကြားရေးဖက်ဆိုင်ရာ အတွက် အထောက်အကူ မှန်သမျှကို ဥပတ္ထမ္ဘကအဖွဲ့က ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ အခြား ဝေယျာဝစ္စ မှန်သမျှကို လဲပဲ ဥပတ္ထမ္ဘကအဖွဲ့ကပဲ ဆောက်လုပ်ရေးနဲ့ ပစ္စည်းလေးပါးမှအပ အကုန်လုံးဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ အခုဆက်လက်ပြီးတော့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးတွေမှာ ဆရာတော်သံဃာတော်တွေကို သင်ကြားပို့ချမှု အပိုင်းနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုဘယ်နည်း သင်ကြား ပို့ချပေးတယ်ဆိုတာကိုလဲ ရှင်းလင်းပေးစေချင်ပါတယ်။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ သင်ကြားရေးနဲ့ ပတ်သက်လို့ ကတော့ သင် တန်း ၂-ဆင့်ရှိပါတယ်၊ပထမအဆင့်ကတော့ ဓမ္မာစရိယ သင်တန်း၊ တက္ကသိုလ် အခေါ်တော့ တက္ကသီလ ဓမ္မာစရိယသင်တန်း၊ ဒါက လေးနှစ် ဖြစ်ပါတယ်။ ဒီတက္ကသီလ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ရပြီးလို့ နောက်ထပ်ပြီး နှစ်နှစ်တက်လို့ ရှိရင် တက္ကသီလ မဟာဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ သင်တန်းဖြစ်ပါတယ်။ နှစ်နှစ်တက်ပြီးတဲ့ နောက်မှာ ကျမ်းပြုရပါတယ်။ ကျမ်းပြုတာကတော့ အချိန်ကာလ နှစ်နှစ် သုံးနှစ် ဘယ်လောက်ကြာမယ် မပြောနိုင်ပါဘူး။ အနည်းဆုံး ခြောက်နှစ်မှ ခုနစ်နှစ်၊ ခုနစ်နှစ်မှ ကိုးနှစ်အထိလဲ ကြာချင်ကြာသွားမာ ဖြစ်ပါတယ်။

http://www.dhammadownload.com





ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကျောင်းဝင်းကြီး အတွင်းရှိ ဇေယျာရွှေမြေ ဧည့်ပါမောက္ခ ရိပ်သာ။

မြန်မာ့အသံ။ ။နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး တွေမှာ ပြည်ပ နိုင်ငံတွေကနေပြီးတော့ ပရိယတ္တိ စာပေတွေကို လေ့လာဆည်းပူး သင်တန်း တက်ရောက် လိုတဲ့ သံဃာတော်များ၊ ရှိပါသလား၊ ခင်ဗျား။ ရှိခဲ့တယ် ဆိုရင် ဘယ်လိုများ စီစဉ်ဆောင်ရွက်ထားတယ်ဆိုတာ ကိုလဲ တဆိတ်လောက်မိန့်ကြားပေးစေချင်ပါတယ်။

ဆရာဝန်ကြီး။ ။ကျွန်တော် သိရသလောက်တော့ သင်ကြားစီမံဘက်ဆိုင်ရာ ဆရာတော်များက အုပ်ချုပ်မှု ဗဟိုအဖွဲ့အနေနဲ့ ပြည်ပကနေပြီး လိုအပ်လို့ရှိရင်လဲ ဆရာတော်များ လူပုဂ္ဂိုလ်များကို ခေါ်ယူပြီးတော့ သင်တန်းချပို့ပေးဖို့ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီတက္ကသိုလ်ကြီး မှာဘာသာ ငါးရပ်နဲ့ သင်ကြားပို့ချပေးမှာ ဖြစ်ပါ တယ်။ အဲဒီလို ပို့ချတဲ့နေရာမှာ ဥပမာ – သက္ကတ တို့လို၊ နာဂရီဘာသာတို့လို ဆိုရင်တော့ ပြည်ပက နေပြီးတော့ အထူးကျွမ်းကျင်တဲ့ ပါမောက္ခများကို ပင့်ဖိတ်ပြီးတော့ စီစဉ်ရမယ်လို့ နားလည်ပါတယ်။ အဲဒါကြောင့်လဲပဲ ကျွန်တော်တို့ ဆောက်လုပ် လှူ ဒါန်းရေးဘက်က နေပြီးတော့ ဧည့်ပါမောက္ခဆရာ တော်များကို ပင့်ဖိတ်ပြီးတော့ စီစဉ်ရမယ်လို့ နား လည်ပါတယ်။ အဲဒါကြောင့်လဲပဲ ကျွန်တော်တို့ ဆောက်လုပ် လှူဒါန်းရေး ဘက်က နေပြီးတော့ ဧည့်ပါမောက္ခ ဆရာတော်များစံကျောင်း၊ ဧည့် ပါမောက္ခ လူပုဂ္ဂိုလ်များ ရိပ်သာ ဆိုပြီးတော့ အဆောက်အဦများလဲ ဆောက်လုပ်ဖို့ စီစဉ်နေဆဲ ရှိပါတယ်။

နောက်တစ်ချက်ကတော့ ပြည်ပက လာရောက် ပြီးတော့ ရယူဖို့ သံဃာတော်အရှင်မြတ်များ အနေ နဲ့လဲ ကျွန်တော်တို့ သာသနာရေး ချစ်ကြည်ရေး ခရီးသွားခဲ့တဲ့ အခါမှာ သီရိလင်္ကာနိုင်ငံနဲ့ ထိုင်း နိုင်ငံလို့ ခေါ်တဲ့ ထိုင်းနိုင်ငံကလဲ လာရောက် သင်ကြားလိုတဲ့ အကြောင်းကို ဆက်သွယ် လာ တော့ ကျွန်တော်တို့ တက္ကသိုလ်ကြီးကလဲ ဆောက် လုပ်လှူဒါန်းမှု ကိစ္စက မပြီးသေးတဲ့ အတွက် ကြောင့် ခေတ္တဆိုင်းငံ့ထားခြင်းသာ ဖြစ်ပါတယ်။ နောက်ကို ဆက်လက်ပြီးတော့ လက်ခံ သွားလိမ့် မယ်လို့ ယူဆပါတယ်။


မြန်မာ့အသံ။ ။နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးတွေမှာ တက်ရောက် ပြီးတော့ သင်ကြား ဆည်းပူးလိုတဲ့ သံဃာတွေကို ဘယ်လိုဘယ်နည်း ရွေးချယ်လက်ခံတယ်၊ ဘယ်လို အရည်အချင်းတွေ သတ်မှတ်ထားရှိတယ်ဆိုတာကို လဲ သိရှိရလေအောင် ပြောပြပေးစေချင်ပါတယ်။


ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ တက္ကသိုလ် ဓမ္မာစရိယ ဘွဲ့ကို ရယူဖို့ကိစ္စကတော့ ပထမကြီး အောင်ပြီးရင် လက်ခံတယ်လို့ ကျွန်တော် သိရပါတယ်။ တက္ကသိုလ် မဟာဓမ္မာစရိယဘွဲ့ရယူ ဖို့ကတော့ ဓမ္မာစရိယဘွဲ့ ရရှိပြီးမှပဲ ရွေးချယ်လက် ခံပါတယ်။ ရွေးချယ်လက်ခံတဲ့ နေရာမှာ စာတွေ

http://www.dhammadownload.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သံဃာတော်များ ဆွမ်းစားဆောင်သို့ ကြွတော်မူ၍ ဆွမ်း ဘုဉ်းပေးတော်မူကြပုံ





လူတွေ့ နှုတ်မေးခွန်းပါ, ပါဝင်တယ်လို့ ကျွန်တော်ကြားသိရပါတယ်။


မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား၊ ရန်ကုန် မြို့နဲ့ မန္တလေးမြို့မှာ ရှိတဲ့ သာသနာ့တက္ကသိုလ်ကြီး နှစ်ခုမှာ သင်တန်းသား သံဃာတော် အရှင်မြတ်များကို ဘယ်နှစ်ပါးလောက်များ လက်ခံသင်ကြားပေးဖို့ စီစဉ် ဆောင်ရွက် ထားပါသလဲခင်ဗျား၊ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ပြောပြပေးစေချင်ပါတယ်။

ဆရာဝန်ကြီး။ ။မန္တလေး သာသနာ့ တက္ကသိုလ်မှာ သံဃာအပါး-၅၀၀၊ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်မှာ သံဃာအပါး-၅၀၀၊ စာချဆရာတော်များ အနေနဲ့ အပါး၁၀၀-စီဆိုတော့ တက္ကသိုလ်တစ်ခုမှာသံဃာ အပါး ၆၀၀-စီအထိ အများဆုံး လက်ခံဖို့ အစီအစဉ်ရှိကြောင်းကို သိရှိရပါတယ်။

မြန်မာ့အသံ။ ။အခု ဖွင့်လှစ်ထားတဲ့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးတွေမှာ လာရောက်ပြီး သင်တန်းတက်ရောက်နေတဲ့ ဆရာတော် သံဃာတော်များ အနေနဲ့ သင်တန်းကြေး သဘောမျိုး ပေးရတာများရှိပါသလား ခင်ဗျား။ အဲဒါနဲ့ ပတ်သက်ပြီးတော့လဲ ရှင်းပြပေးစေချင်ပါတယ် ခင်ဗျား။

http://www.dhammadownload.com






သာသနာ့တက္ကသိုလ်၌ သီတင်းသုံးတော်မူကြသော သံဃာတော် အရှင်မြတ်များအား တိ = နိ ဥပဋ္ဌာကအဖွဲ့မှ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းနေစဉ် (၁၃၅၀-ပြည့်)။

ဆရာဝန်ကြီး။ ။ဒီကိစ္စနဲ့ ပတ်သက်လို့ လုံးဝ အကုန်အကျ ဘာမှ မရှိပါဘူး။ မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီးက ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး=ပစ္စည်း လေးပါးကို မငြိုမငြင်ရအောင် ထောက်ပံ့ လှူဒါန်းလျက်ရှိပါတယ်။ ကျောင်းနဲ့ ပတ်သက်လို့ကတော့ ခုန ကျွန်ုပ်တော် ပြောပြီးပါပြီ။ ဆွမ်းနဲ့ ပတ်သက်လို့လဲ ဥပဋ္ဌာကအဖွဲ့က နေပြီးတော့ နေ့စဉ်နဲ့အမျှ ဆွမ်း ဆက်ကပ် လှူနိုင်ဖို့ကို စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ သင်္ကန်းနဲ့ပတ်သက်လို့ကတော့ ဆရာတော် ဘုရားကြီးဟာ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေက တိပိဋက ကျောင်းတော်ကြီးရဲ့ မူအတိုင်းပါပဲ တစ်နှစ်လျှင် သင်္ကန်းသုံးစုံ လှူဒါန်းဖို့လဲ စီစဉ်လျက်ရှိပါတယ်။ ဆေးနဲ့ပတ်သက်လို့ တော့ ဒီဆေးရုံကြီးများ အနီးမှာ ရှိတဲ့အတွက်ကြောင့် ဒီဆေးရုံကြီးများကို မှီခိုပြီးတော့ ဆေးကုသမှု ခံယူဖို့ပဲ ဖြစ်ပါတယ်။


မြန်မာ့အသံ။ ။ဟုတ်ကဲ့၊ ဆရာဝန်ကြီး ခင်ဗျား။ ယခု ပြောပြတဲ့ အတိုင်း ဆိုရင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးတွေမှာ လာရောက် သင်ကြားဆည်းပူးနေကြတဲ့ ဆရာတော် သံဃာတော်များအတွက် ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး=ပစ္စည်း လေးပါးစလုံး ပြည့်ပြည့်စုံစုံဖြစ်အောင် စီမံ ဆောင်ရွက်ပေးတယ် ဆိုတာ သိရလို့ အထူးပဲ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ဆရာတော် သံဃာတော်တွေ အနေနဲ့ သာသနာ့ တက္ကသိုလ်ကြီး တွေမှာ သင်တန်းတွေကို တက်ရောက်သင်ကြား ဆည်းပူးအောင်မြင်ပြီးရင် ဘယ်လို ဘွဲ့ထူးတွေကို ဆက်ကပ်ချီးမြှင့် ပေးပါသလဲ ခင်ဗျား။


ဆရာဝန်ကြီး။ ။ဒီဘွဲ့ထူးနဲ့ ပတ်သက်လို့ ကတော့ ခုန ကျွန်တော် တင်ပြပြီး ဖြစ်တဲ့ အတိုင်း တက္ကသိလ ဓမ္မာစရိယဘွဲ့၊ တက္ကသိလ မဟာဓမ္မာစရိယဘွဲ့များ ဆက်ကပ်လှူဒါန်းကြမှာ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။အခုပြောပြတဲ့ ဘွဲ့ထူးတွေကို ရရှိနိုင်ဖို့အချိန်ကာလအားဖြင့် ဘယ်



ကြည်သိန်း





မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် သီတင်းသုံးတော် မူကြသော သံဃာတော်များ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူစဉ်နှင့် ဆွမ်းဘုဉ်းပေးတော်မူကြပုံ ➡

နှစ်နှစ် လောက်များ တက် ရောက် သင်ကြားဖို့ လိုအပ်ပါသလဲခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ တက္ကသိုလ ဓမ္မာစရိယ သင်တန်းက လေးနှစ် သင်တန်းပါ။ တက္ကသိုလ မဟာ ဓမ္မာစရိယကတော့ ဓမ္မာစရိယ သင်တန်း လေးနှစ် အပြင် နောက်ထပ်ပြီးတော့ စာတွေ့က နှစ်နှစ်၊ ကျမ်းပြုကတော့ နှစ်အပိုင်းအခြား မရှိပါဘူး။ ဆောင်ရွက်မယ့် ပုဂ္ဂိုလ်ရဲ့ ထက်မြက်မှုပေါ်မှာ မူတည်ပြီး တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်တန်သည် ကြာချင် ကြာသွားမှာ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ အခု ဖွင့်လှစ်ထားတဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးတွေ ရေရှည်တည်တံ့ခိုင်မြဲအောင်ပေါ့လေ၊ ဘယ်လိုများ စီစဉ် ဆောင်ရွက်ထားတယ်ဆိုတာကိုလဲ တဆိတ်လောက် ရှင်းပြပေးစေချင်ပါတယ်။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ဒီနေရာမှာ အပိုင်း နှစ်ပိုင်း ရှိပါတယ်။ အဆောက်အဦများပိုင်းနဲ့ ဆွမ်းကွမ်းဝေယျာဝစ္စက တစ်ပိုင်းပါ။ တက္ကသိုလ်ကြီးများ သင်ကြားရေးနဲ့ အုပ်ချုပ်စီမံမှုကတော့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကနေပြီးတော့ အုပ်ချုပ်မှု ဗဟို အဖွဲ့ကြီးကို ဖွဲ့ပြီးတော့၊ အဆောက်အဦများနဲ့ ဆွမ်း ကွမ်း ဝေယျာဝစ္စ အပိုင်းကတော့ ဆွမ်း ပဒေသာပင်၊ ပစ္စည်းလေးပါး ပဒေသာပင် ဆိုလိုရင်းကတော့

http://www.dhammadownload.com





မြေအနေအထားကိုလိုက်ကာ ဆောက်လုပ်ထားသော မန္တလေးသာသနာ့တက္ကသိုလ်ရှိ စာသင်သံဃာ သီတင်းသုံးဆောင် နှစ်ထပ်တိုက်များ။

အဆောက် အဦများ ပြင်ဆင် ထိန်းသိမ်းဖို့ ငွေပဒေသာပင်နဲ့ ပိဋကတ်တော်များကို ဘာသာငါးရပ်နဲ့ သင်ကြားပို့ချတဲ့ နေရာမှာ လိုအပ်သော ပိဋကတ်စာအုပ်များကို ဝယ်ယူလှူဒါန်းဖို့အတွက် ဆိုပြီးတော့ ငွေပဒေသာပင်များ ထူထောင်ထား လျက်ရှိပါတယ်။

မြန်မာ့အသံ။ ။နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးတွေ ဖွင့်လှစ် သင်ကြားပို့ချရာမှာ ရန်ကုန်မြို့မှာ သာသနာ့တက္ကသိုလ်ကြီးတစ်ခု၊ မန္တလေးမြို့မှာ သာသနာ့ တက္ကသိုလ်ကြီးတစ်ခု စုစုပေါင်း သာသနာ့ တက္ကသိုလ်ကြီး နှစ်ခု ဖွင့်လှစ် ထားရှိတယ် ဆိုတာကို သိရပါပြီ။ အဲဒီ တက္ကသိုလ်ကြီးတွေ အနေနဲ့ ကွာခြားမှုများ ရှိပါသလားခင်ဗျား၊ ရှိခဲ့ရင်လဲ ဘယ်အချက်တွေမှာ ကွာခြားတယ်၊ ဘယ်လို ကွာခြားမှုတွေရှိတယ် ဆိုတာကို သိပါရစေခင်ဗျား။

ဆရာဝန်ကြီး။ ။သင်ကြား စီမံမှုမှာတော့ လုံးဝ ကွာခြားမှုမရှိပါဘူး။ အဆောက်အဦများကျတော့ အနည်းငယ်ကွာခြားမှု ရှိသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ မန္တလေးမှာ ကျွန်တော်တို့ ဆောက်လုပ်တဲ့ တက္ကသိုလ်ကြီးက ယခင်က မှန်ကျောင်းလို့ခေါ်တဲ့ မဟာဝိဇယာပုညသီပေါမင်းရဲ့ မယ်တော် လောင်းရှည် မိဖုရားကြီး လှူဒါန်းဆောက်လုပ်သွားတဲ့ သာသနာ့ မြေပေါ်မှာ ဆောက်လုပ်ရတာပါ။ အဲဒီမြေနေရာက မြေညံ့ပါတယ်။ မြေညံ့တဲ့ အတွက်ကြောင့် အဆောက်အဦဟာ နှစ်ထပ်ထက် ပိုမဆောက်နိုင်ပါဘူး။ ဒါကြောင့် အဆောက်အဦတွေ ပိုပြီးတော့ များပါတယ်။

ဒုတိယအချက်က ရန်ကုန် သာသနာ့တက္ကသိုလ်က သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေပေါ်မှာ ဆိုတော့ ဘွဲ့နှင်းဖို့ မဟာပါသာဏလိုဏ်ဂူတော်ကြီး ရှိတယ်။ အနီးမှာ သံဃနာယက ဆေးရုံကြီးလဲ ရှိနေတော့ ဆေးရုံနဲ့ ဘွဲ့နှင်း ဓမ္မာရုံဆိုတဲ့ ဘွဲ့နှင်းဖို့ အဆောက်အဦလဲ မလိုတော့ပါဘူး။ မန္တလေးကျတော့ ဆေးရုံအတွက်လဲ သီးသန့် စီမံရပါတယ်။ ဘွဲ့နှင်းဓမ္မာရုံကြီးကိုလဲ သီးသန့် ဆောက်လုပ်ရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး နှစ်ခု ဆောက်လုပ်ရေးဟာ ဘယ်နှစ်ခုနှစ် အပိုင်းအခြားလောက်မှာ ပြီးစီးမယ်လို့ မျှော်မှန်းထားပါသလဲ ခင်ဗျား။

http://www.dhammadownload.com



ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ဒီသာသနာ့တက္ကသိုလ်ကြီး နှစ်ခုကို (၁၉၈၇-၈၈၊ ၈၈-၈၉-၉၀) ၁၉၉၁-ခုနှစ်မှာတော့ မလွဲမသွေ ပြီးရမယ်လို့ သတ်မှတ်ပြီးတော့ မုချ ပြီးအောင် ဆောင်ရွက်လျက် ရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့၊ အဲဒီလို သတ်မှတ်ပြီး ဆောင်ရွက်တဲ့နေရာမှာ ဆရာဝန်ကြီးတို့ ဥပဋ္ဌာကအဖွဲ့ရဲ့ ရည်မှန်းချက်တွေ၊ စီမံချက်တွေအတိုင်း အောင်မြင်မှုများ ရှိပါသလား ခင်ဗျား။ အဲဒီရည်မှန်းချက် စီမံချက်အတိုင်း အောင်မြင်နိုင်ဖို့ရာမှာ ဘယ်လိုကူညီပံ့ပိုးမှုတွေ၊အထောက်အကူတွေ လိုအပ်တယ် ဆိုတာကိုလဲ ပြောပြပေးစေချင်ပါတယ်။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ အခုပြီးခဲ့တဲ့ ၈၇-၈၈-၈၉-ကို ပြန်သုံးသပ်မယ်ဆိုရင်တော့ အောင်မြင်မှုရှိတယ်လို့ ဆိုရပါမယ်။ အဲဒီလို အောင်မြင်ဖို့ အတွက် ဘက်စုံ ဝိုင်းဝန်းပြီးတော့ ကာယအား ဒါန၊ ဉာဏအား ဒါန၊ ဝတ္ထုအား ဒါနတွေနဲ့ ဆောင်ရွက်လို့လဲပဲ အောင်မြင်လာတယ်လို့ ကျွန်တော်ယူဆပါတယ်။


မြန်မာ့အသံ။ ။ဟုတ်ကဲ့၊ အဲဒီလို အောင်မြင်အောင် ဆောင်ရွက်တဲ့ နေရာမှာ သာသနာ့တက္ကသိုလ်ကြီး နှစ်ခုအတွက် အလှူငွေတွေ လက်ခံရရှိတယ်လို့ ထင်ပါတယ် ခင်ဗျား။ အဲဒီတော့ကာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးတွေအတွက် အလှူငွေတွေ လက်ခံရရှိမှု အခြေအနေကိုလဲ သိပါရစေခင်ဗျား။

ဆရာဝန်ကြီး။ ။အလှူငွေတွေ ရရှိမှုက နှစ်ပိုင်းရှိပါတယ်--


၁--ကတော့ ဆရာတော်ဘုရားကြီးရဲ့ ဒကာချင်းတွေ ဒကာမတွေ ကြည်ညိုရင်းစွဲ ရှိတဲ့ ပုဂ္ဂိုလ်များက လှူဒါန်းမှုပေါ့။

၂--နောက်တစ်ခုကတော့ဆရာတော်ဘုရားကြီး

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီး(၄၅)ပါး အစုံအညီ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး၌ ပန္နက်တင်မင်္ဂလာပွဲသို့ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ကားလမ်းခရီးဖြင့် ကြွတော်မူ၍ ချီးမြှောက်တော်မူကြပုံများ....








http://www.dhammadownload.com











က ကျွန်တော်တို့ကို လမ်းညွှန်မှု ဩဝါဒ ပေးလားပါတယ်။

(၁) လူတိုင်းလူတိုင်း ကျောင်းဒကာဖြစ်ပါစေ၊

(၂) မပင်မပန်းသော အလှူဒါန ဖြစ်ပါစေ၊

(၃) သားစဉ်မြေးဆက် သာသနာ့ အမွေကို ခံယူနိုင်ပါစေ–

ဆိုတဲ့ အချက်သုံးချက် ဖြစ်ပါတယ်။

ဒီအချက်ကို ဦးထိပ်တက် ပန့်ဆင်ပြီးတော့ လူတစ်ယောက်လျှင် မပင်ပန်းသောအလှူ ပြား–၅၀ နှုန်းနဲ့ ၈၇၊ ၈၈၊ ၈၉၊ ၉၀ ဒီလို လှူလိုက်လို့ရှိရင် တက္ကသိုလ်ကြီးတစ်ခုကို ကျပ်ငွေ သိန်း ၁၀၀၀–စီလောက် သုံးစွဲရမယ်လို့ တွက်ချက်ရရှိတဲ့ အတိုင်း ပြည့်စုံ လိမ့်မယ်လို့ ယူဆပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား။ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒဟာဆိုရင် ဖြင့် အင်မတန်မှ သင့်လျော် ကောင်းမွန်ပြီးတော့ လိုက်နာကျင့်သုံး အပ်လှပါတယ်။ ဒီ သာသနာ့ တက္ကသိုလ်ကြီးဟာ အခုအချိန်မှာဆိုရင် ဆောက်လုပ်နေဆဲ၊ သင်ကြားနေဆဲပဲ ရှိနေပါတယ် ခင်ဗျ။ ဒီတော့ကာ သာသနာ့တက္ကသိုလ်ကြီးတွေအတွက် နည်း များမဆို ပါဝင်ကုသိုလ်ပြု လှူဒါန်း လိုမယ်ဆိုရင် ဘယ်လိုများဆက်သွယ်ဆောင်ရွက်လှူဒါန်း ရပါမလဲ ခင်ဗျား။ အဲဒီအချက်ကိုလဲ အလှူဒါန ပြုလိုကြတဲ့သောတရှင်တွေ သိရှိရလေအောင် ရှင်းလင်း တင်ပြပေးစေလိုပါတယ်။

ဆရာဝန်ကြီး။ ။ဒီလို လွယ်လွယ်ကူကူနဲ့လှူဒါန်းနိုင်ဖို့ အချက်ကလဲ အရေးကြီးလာပါတယ်။ လှူဒါန်းချင်တဲ့သူဟာ လွယ်လွယ်ကူကူနဲ့ လှူဒါန်းနိုင်ဖို့ဆိုပြီး ပြည်နယ်၊ တိုင်း၊ မြို့နယ်၊

---

ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့်ပဲခူးတိုင်းတို့မှ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်အတွက် ရေစက်ချလှူဒါန်းကြပုံများ....

http://www.dhammadownload.com




ရပ်ကွက်၊ ကျေးရွာ ဥပဋ္ဌာကအဖွဲ့များကို ဖွဲ့စည်းထားပါတယ်။ ဒီမှာရှိတဲ့ အဖွဲ့ကိုတော့ ပင်မဥပဋ္ဌာကအဖွဲ့လို့ ခေါ်ပါတယ်။ အဲဒီလို ပြည်နယ်တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ ဥပဋ္ဌာကအဖွဲ့များနဲ့ ဆက်သွယ်ပြီးတော့ လှူဒါန်းလို့ ရှိရင်လဲ လှူဒါန်းလို့ ရပါတယ်။ ကျွန်တော်တို့ ပင်မအဖွဲ့ကိုလဲ တိုက်ရိုက်ဆက်သွယ်ပြီး လှူဒါန်းမယ်ဆိုရင်လဲ လှူဒါန်းလို့ ရပါတယ်။ တက္ကသိုလ်ကြီးများ ဖွင့်လှစ်ထားသည့် အားလျော်စွာ တက္ကသိုလ်ကြီးတွေမှာလဲ လှူရန်ဌာနများ ထားရှိသည့် အတွက် တက္ကသိုလ်ကြီးတွေမှာလဲ သွားရောက် လှူဒါန်းလို့ ရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ ဆရာဝန်ကြီးတို့ တိပိဋက=နိကာယဥပဋ္ဌာကအဖွဲ့ အနေနဲ့ ပြည်ပ သာသနာပြု လုပ်ငန်းတွေ ကိုလဲ ဆောင်ရွက်နေတယ်လို့ ကြားသိရပါတယ်။ အဲဒီ ပြည်ပသာသနာပြု လုပ်ငန်းတွေနဲ့ ပတ် သက်ပြီး ဘယ်နည်း ဘယ်ပုံ လုပ်ကိုင် ဆောင်ရွက်နေတယ် ဆိုတာကိုလဲ ပြောပြပေးစေချင်ပါတယ်။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ပြည်ပ သာသနာပြု လုပ်ငန်း ပေါ်ပေါက် လာတဲ့ အကြောင်းလေးကိုလဲ ကျွန်တော်အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ ငါးနိုင်ငံ ပြည်ပ သာသနာပြု လုပ်ငန်းလို့ ခေါ်ဆိုရမယ့် သာသနာပြု ချစ်ကြည်ရေးခရီး ထွက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာတဲ့အခါ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးကို ပြည်ပမှာရှိတဲ့ မြန်မာဘုန်းကြီးများက တွေ့ကြ ဆုံကြ ဖူးမြော်လိုတဲ့ ဆန္ဒ ရှိတဲ့ အကြောင်း၊ ဆရာတော်ဘုရားကြီး မကြွလာနိုင်လို့









မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွက် ရေစက်ချ လှူဒါန်းကြပုံများ ➡

http://www.dhammadownload.com







နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္က သိုလ် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာ တော်ကြီးနှင့် အဖွဲ့ဝင်ဆရာတော်များ၊ အဖွဲ့ဝင်လူပုဂ္ဂိုလ်များ ညှိနှိုင်းစည်းဝေး ကြစဉ်....


ရှိရင်လဲ ပြည်ပမှာရှိတဲ့ မြန်မာ ကျောင်းများကိုလဲ ဆရာတော်ဘုရားကြီး သာသနာ ပြုပေးပါလို့ လျှောက်လိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ တိ=နိ ဥပဋ္ဌာက ပြည်ပ သာသနာပြု အဖွဲ့ဆိုပြီး ဆရာတော်ဘုရားကြီးကဖွဲ့စည်းပေးပါတယ်။ ဖွဲ့စည်း ပြီးတော့ အခု မကြာမီ အဓဟာအတွင်း ၎ဲပဲ စက်ာပူနိုင်ငံမှာ ဆောက်လုပ်နေတဲ့မြန်မာကျောင်း ကြီးအတွက် စုလစ်မွန်းချွန်များ စုပေါင်းလှူဒါန်း ဖို့ စီမံမှုကတစ်ချက်၊ ၎င်းနောက် အိန္ဒိယပြည်နဲ့ သီရိလင်္ကာ နိုင်ငံကို မင်းကွန်းတိပိဋကဓရ ဆရာ တော်ဘုရားကြီးက ပိဋကသုံးပုံ အစုံနဲ့ သင်္ကန်း ခါးပန်းကြိုးများ ပေးပို့ လှူဒါန်းဖို့၊ နီပေါနိုင်ငံ သီလရှင် ကျောင်းတိုက်ကြီးကို ဗုဒ္ဓဘာသာအခြေခံ ဗုဒ္ဓစာပေများ ပေးပို့လှူဒါန်းဖို့ကို စီစဉ်လျက်ရှိ ပါတယ်။ ဆက်လက်ပြီးတော့ ပြည်ပမှာရှိတဲ့ မြန်မာ ကျောင်းပေါင်း ၅၀-ကျော်ကိုလဲ ဆက်သွယ်ထား တဲ့အတွက် အထူးလိုအပ်တာများ ရှိပါကလှူဒါန်း ဖို့ စီစဉ်လျက်ရှိပါတယ်။

<u>မြန်မာ့အသံ။</u>

။ဟုတ်ကဲ့ ခင်ဗျား၊ သရာဝန်ကြီး တို့ တိပိဋက=နိကာယ ဥပဋ္ဌာက အဖွဲ့အနေနဲ့ ပြည်တွင်း ပြည်ပ သာသနာပြု လုပ်ငန်း တွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက် နေတာကို အတော်လေးပဲ ပြည့်ပြည့်စုံစုံ သိရပါပြီ ခင်ဗျား။ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကြီးတွေ ဆောက်လုပ်မှုတွေ အားလုံး ပြီးစီးသွား တဲ့အချိန်မှာ ဆွေးနွေးတင်ပြစရာတွေဟာလဲ ဒီထက် ပိုမိုပြည့်စုံလာမယ်လို့ ထင်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးတွေ ဆောက်လုပ်ပြီးစီးသွားတဲ့အချိန်၊ အဲဒီ သာသနာ့ တက္ကသိုလ်ကြီး တွေမှာ တက်ရောက် သင်ကြား အောင်မြင်ပြီးတော့ ဘွဲ့ထူးတွေ ရရှိတဲ့ ဆရာတော် အရှင်သူမြတ်များ ပေါ်ထွန်းလာပြီး ပြည်တွင်း ပြည်ပ သာသနာ ပြုနိုင်မယ့် အရှင်သူမြတ်များ ပေါ်ထွန်းလာမယ့်အချိန်မှာ ကျွန်တော်တို့အနေနဲ့ ထပ်မံလာရောက်ပြီး ဆွေးနွေးဖို့ အစီအစဉ်ရှိတယ် ဆိုတာကို ပြောကြားလိုပါတယ်။

http://www.dhammadownload.com







နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့ဝင် လူပုဂ္ဂိုလ်များ အား မင်းကွန်း တိပိဋကဓရဆရာတော် ⇐ ကြီး သြဝါဒကထာ ချီးမြှင့်တော်မူစဉ်

အခု နောက်ဆုံးအနေနဲ့ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့ကြီးအနေနဲ့ ပြည်တွင်း ပြည်ပ သာသနာပြုနိုင်မယ့် အရှင်သူမြတ်များ ပေါ်ထွန်းရေး အတွက် ဆောင်ရွက်ချက်နဲ့ ပတ်သက်ပြီး တခြား ဆွေးနွေးတင်ပြစရာများ ရှိခဲ့ရင်ပေါ့လေ ဆွေးနွေးတင်ပြပေးစေချင်ပါတယ်ခင်ဗျား။

ဆရာဝန်ကြီး။ ။ပြည်တွင်း ပြည်ပ သာသနာပြု အရှင်မြတ်များ ပေါ်ထွန်းဖို့ကို ရည်ရွယ်ပြီးတော့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကနေ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးနှစ်ခုကို ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။ ဖွင့်လှစ်ခြင်း ဖြစ်တဲ့ အားလျော်စွာ ပြည်ပ သာသနာပြုဖို့ စီစဉ်လာတဲ့ အခါမှာ ကျွန်တော်တို့ တိပိဋက=နိကာယ ဥပဋ္ဌာက အဖွဲ့အနေနဲ့ ကူညီပြီးတော့ ဆောင်ရွက်ပေးဖို့ဟာ အဓိက အချက် ဖြစ်ပါတယ်၊


ပြည်ပက လာရောက် ပြီးတော့ သာသနာ့ တက္ကသိုလ်ကြီးတွေမှာ လူပုဂ္ဂိုလ်များ အနေနဲ့သော် လည်းကောင်း၊ အဖွဲ့အစည်း အနေနဲ့သော် လည်းကောင်း၊ လှူဒါန်းမှုကိစ္စများ ပေါ်လာလို့ ရှိရင်လဲ စီစဉ်ပေးဖို့ ဖြစ်ပါတယ်။

နောက်တစ်ချက်က ပြည်ပကနေ လာပြီး ခုနက တင်ပြခဲ့သလို စာပေပို့ချမယ့် ပုဂ္ဂိုလ်များအတွက် လဲစီစဉ်ပေးဖို့ ကျွန်တော်တို့ ရည်ရွယ်ထား ပါတယ် ခင်ဗျား။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား၊ ဗုဒ္ဓသာသနာ တော်ကြီး ထာဝစဉ် အဓွန့်ရှည် တည်တံ့ပြန့်ပွား တိုးတက်စေရေးအတွက် တိပိဋက ဓရ ဆရာတော်များ ပေါ်ထွန်းရေး၊ ပြည်တွင်း ပြည်ပ သာသနာပြုနိုင်မယ့် အရှင်မြတ်များ ပေါ် ထွန်းရေးနဲ့ မန္တလေးမြို့မှာ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး ဆောက်လုပ်ရေး ဆိုတဲ့

http://www.dhammadownload.com





(⇧) နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး အောင်အောင်မြင်မြင် တည်ဆောက်နိုင်ရေးနှင့် ပြည် (⇧)
တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ ပေါ်ထွက်ရေးအတွက် မြန်မာနိုင်ငံအနှံ့ အပြားဌ် ဤသို့လှူင်
မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် သာသနာ့ဝန်ကို ထမ်းရွက်တော်မူလျက်ရှိပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသရဲ့ ဆောင်ရွက်ချက် သုံးရပ်ထဲက ဒုတိယ ဆောင်ရွက်ချက်ဖြစ်တဲ့ ပြည်တွင်း ပြည်ပ သာသနာပြုနိုင်မယ့် အရှင်မြတ်များ ပေါ်ထွန်းရေး ဆောင်ရွက်ချက်နဲ့ ပတ်သက်ပြီး အခုလို စိတ်ရှည်လက်ရှည်နဲ့ ဆွေးနွေးတင်ပြပေးသွားတဲ့ တိပိဋကနိကာယ ဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌ အထူးကု ဆရာဝန်ကြီး ဦးသာလှကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။

သောတရှင်များခင်ဗျား၊ အဲဒီဆောင်ရွက်ချက် သုံးရပ်အနက်က တတိယ ဆောင်ရွက်ချက် ဖြစ်တဲ့ မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံ ဆောက် လုပ်လှူဒါန်းရေးနဲ့ ပတ်သက်ပြီးတော့လဲ တွေ့ဆုံဆွေးနွေးခန်း အစီအစဉ်ကို ထပ်မံ တင်ပြပေးသွားဖို့ စီစဉ်ထားရှိပါကြောင်း အစီရင်ခံတင်ပြရင်းနဲ့ ဒီတွင်ပဲ ရပ်နားခွင့် ပြုပါတော့ ခင်ဗျား။

* * *

http://www.dhammadownload.com

# မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏

# သာသနာပြု လုပ်ငန်းသုံးသွယ်အကြောင်း သိကောင်းစရာ

## အပိုင်း(၃) ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီး(မန္တလေးမြို့)

**မြန်မာ့အသံကိုယ်စားလှယ်နှင့် တိ=နိ ဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး**
**ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှတို့**
**(၁၂-၈-၉၁)နေ့ ဆွေးနွေးခန်း**

မြန်မာ့အသံ။ ။သောတရှင်များ ခင်ဗျား၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်သူတော်စင်များရဲ့ ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တ သာရာဘိဝံသ မင်းကွန်း ဆရာတော် ဘုရားကြီးဟာ သာသနာတော်သုံးရပ် အဓွန့်ရှည်စွာ တည်တံ့ ခိုင်မြဲရေးအတွက် သာသနာရေးကိစ္စရပ်များကို အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်နေတာဟာဖြင့် သောတရှင်များ အသိပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒီလို ဆောင်ရွက်တဲ့ နေရာမှာ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး အနီးမှာရှိတဲ့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး တည်ဆောက် လှူဒါန်းရေး လုပ်ငန်းဟာလဲပဲ တစ်ခု အပါအဝင်ဖြစ်ပါတယ်ခင်ဗျား။

ဆရာတော်ဘုရားကြီးအနေနဲ့ သာသနာ့ ဝန်ထမ်း ရဟန်းတော်များရဲ့ ကျန်းမာရေး ကောင်းမှသာ သာသနာပြု လုပ်ငန်းများကို ထိထိ မိမိ ဆောင်ရွက် နိုင်မှာ ဖြစ်တယ်လို့ ခိုင်ခိုင် မာမာ ယုံကြည်လို့ အခုလို ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီးကို ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီလို ဆောက်လုပ်လှူဒါန်းရာမှာ လုပ်ငန်းများပြီးမြောက် အောင်မြင်ရေး အတွက် တိပိဋက=နိကာယ ဥပဋ္ဌာက အဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှက ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ဆောက်လုပ် လှူဒါန်းရေး အဖွဲ့ကို ထပ်မံ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့လို့လဲ အခုအချိန်မှာ ဆေးဝါးများကို ကုသနိုင်ခြင်း ဖြစ်ပါတယ်ခင်ဗျား။


ဒါကြောင့်မို့လို့ သောတရှင် ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓါ ပွားရလေအောင် မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးအကြောင်း သိကောင်းစရာများကို ဒီကနေ့ ဆွေးနွေးတင်ပြဖို့ စီစဉ်ထားပါတယ်။

ဆရာဝန်ကြီးခင်ဗျား၊ ပထမဦးဆုံးအနေနဲ့ပေါ့လေ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးလို့ နာမည်ပေးရတဲ့ အကြောင်းရင်းကို သိပါရစေ ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ဒီနာမည်ကတော့ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ပေးတဲ့နာမည် ဖြစ်ပါတယ်။ ဒီနာမည်မှာ **သာသနာ့+အထူးကုဆေးရုံ**

http://www.dhammadownload.com





မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး

ဆိုတဲ့ စကားနှစ်လုံး အတွက်တော့ ကျွန်တော် ရှင်းပြဖို့ လိုအပ်ပါတယ်။

**သာသနာ့ဆေးရုံ**လို့ ဆရာတော် ဘုရားကြီးက အမည်ပေးတဲ့ ရည်ရွယ်ချက်ကတော့ သာသနာတော်အတွက် ပရိယတ္တိ+ပဋိပတ္တိ လုပ်ငန်းများကို ဆောင်ရွက်နေ ကြတဲ့ အရှင်မြတ်များ သာလျှင် ဆေးရုံမှာ ကုသခွင့်ရှိတယ် ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ညွှန်းပါတယ်။

**အထူးကုဆေးရုံ** ဆိုတဲ့ အဓိပ္ပာယ်ကတော့ ဆရာတော် သံဃာတော်များမှာ အဖြစ်များတဲ့ ရောဂါများကို အထူးကုဆောင်များ ထားရှိပြီး ကုသပေးဖို့ ရည်ရွယ်ချက်နဲ့ ဆောက်လုပ်တဲ့ ဆေးရုံကြီး ဖြစ်တဲ့အတွက်ကြောင့် **ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံ**လို့ အမည်ပေးခြင်း ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား၊ ဒီ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး တည်ဆောက်ဖို့ ဖြစ်ပေါ်လာတဲ့ အကြောင်းရင်းကိုလဲ အမိန့်ရှိပါဦး ခင်ဗျ။

ဆရာဝန်ကြီး။ ။ဒီ ဆေးရုံကြီး တည်ဆောက်ဖို့ မပေါ်ပေါက်မီ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ရဲ့ တာဝန်ပေးချက်အရ သာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ် လှူဒါန်းဖို့ ပေါ်ပေါက်ခဲ့ပါတယ်။ ပေါ်ပေါက်တဲ့ အားလျော်စွာ မန္တလေးမြို့မှာ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးကို ဆောက်လုပ်ဖို့ စီစဉ်တဲ့အခါမှာ ကျန်းမာရေးအတွက် တစ်ကဏ္ဍ ပါဝင်လာပါတယ်။ ဒီလိုပါဝင်တဲ့ အခါမှာ "ဆေးပေးခန်းလောက်ပဲ ထားမလား၊ ဆေးရုံကြီး အဖြစ်နဲ့ ထားရှိပြီးတော့ ဆောင်ရွက်မလား" ဆိုတာကို ကျွန်တော်တို့ ဆရာတော်ဘုရားကြီးက အောက်မြန်မာပြည်မှာ ဗဟန်းမှာ ဇီဝိတဒါန သံဃာ့ဆေးရုံ ရှိနေတယ်။ အထက် မြန်မာပြည်မှာတော့

http://www.dhammadownload.com




မန္တလေးမြို့ဟာ သံဃာ့မြို့တော်ဖြစ်ပြီးတော့ သံဃာတော်များအတွက် သီးသန့်ပြင်ပမှာ သံဃာ့ဆေးရုံ မရှိသေးတဲ့ အတွက်ကြောင့် ဆောင်ရွက်ရရင် သင့်တော်မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ သီးသန့် ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး ပေါ်ထွန်းလာခြင်း ဖြစ်ပါတယ်။


မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဒီလိုဆေးရုံကြီး တည်ဆောက်ဖို့ အတွက်ပေါ့လေ ငွေကြေးအနေနဲ့ တော်တော်လေး ကုန်မယ်လို့ ယူဆပါတယ်ခင်ဗျား။ အဲဒီတော့ ငွေရေး ကြေးရေးအနေနဲ့ ဘယ်လိုများ ရရှိပါသလဲခင်ဗျား။

ဆရာဝန်ကြီး။ ။ဒီ ဆေးရုံကြီး အတွက်ကတော့ ပထမဦးစွာ ဆရာတော် ဘုရားကြီးရဲ့ ညွှန်ကြားတော်မူတဲ့အတိုင်း ဩဝါဒအတိုင်း အထူးကုဆေးရုံကြီးလဲ ဖြစ်အောင် ရေရှည်စီမံချက် ချပြီးတော့ စီစဉ်ရပါတယ်။ ဒီလိုစီစဉ်လိုက်တဲ့အခါမှာ ဆရာတော်ဘုရားကြီးရဲ့ ဘုန်းရိပ်ကံရိပ်ကို ခိုလှုံပြီးတော့ အနီးမှာကပ်နေတဲ့ သာသနာ့တက္ကသိုလ်ကြီးကို လာရောက်ပြီး လှူဒါန်းကြတဲ့ လူများကို သဘောပေါက်အောင် နားလည်အောင် ပြောပြ၊ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ဆရာတော် ဘုရားကြီးရဲ့ တပည့်ဒကာတွေ အလှူရှင် အပေါင်း သူတော်ကောင်းတို့ ကိုလဲ အကြောင်းကြားခြင်း အားဖြင့် ဝိုင်းဝန်းပြီး လှူဒါန်းကြလို့လဲပဲ တော်တော်လေး ပြည့်စုံလာပါတယ်။ ပုဂ္ဂလိက အလှူရှင် များလဲ ပေါ်ထွန်းလာပါတယ်။

မြန်မာ့အသံ။ ။ဒီဆေးရုံကြီးကို ဘယ်နေ့ကစပြီးတော့ အုတ်မြစ်ချတယ်၊ ဘယ်နေ့မှာ ပြီးတယ်ဆိုတဲ့ အကြောင်းလေးလဲ သိပါရစေဦး ခင်ဗျား။

ဆရာဝန်ကြီး။ ။သာသနာ့ တက္ကသိုလ် ကြီး က ၁၉၇၅-ခုနှစ်မှာ ဖွင့်ပါတယ်။ ဒီ သာသနာ့တက္ကသိုလ် မဖွင့်မီ တစ်နှစ်လောက်






မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး တည်ဆောက်ထားသည့် ပုံစံငယ်၊ (အရှေ့ဘက်ခြမ်း နှင့် အနောက်ဘက်ခြမ်း အမြင်)။

http://www.dhammadownload.com





ပြင်ပသူနာဌာနအဆောက်အအုံများ ရေစက်ချပွဲ အခမ်းအနား၌ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ကြီး ရေစက်ချတရားတော် ချီးမြှင့်တော်မူစဉ်။

ကနေ့ ကြိုပြီးတော့ ဦးစွာပထမ ပြင်ပလူနာဌာနများကို ဆောက်ပါတယ်။ ပြင်ပသူနာဌာနများကို ဆောက်ပြီးတော့ ပြင်ပသူနာများကို ဖွင့်တဲ့နေ့မှာ ဆေးရုံကြီး အတွက် အတွင်းလူနာဆောင်များကို အုတ်မြစ်ချပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဒီ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး တည်ဆောက်တဲ့အခါမှာ စုစုပေါင်း ငွေရေးကြေးရေးအနေနဲ့ ဘယ်လောက်များကုန်ကျသွားပါသလဲ ခင်ဗျား။

ဆရာဝန်ကြီး။ ။ကျွန်တော်တို့ မြော်မှန်းချက်ကတော့ သာသနာ့တက္ကသိုလ်ကြီးကဲ့သို့ပဲ သိန်းတစ်ထောင် ကျပ်ငွေသိန်းတစ်ထောင်ခန့် သုံးစွဲရမယ်လို့ ကျွန်တော်တို့ တွက်ချက်လို့ရရှိပါတယ်။ ဒါ ဆက်လက်ပြီးတော့လဲ လုပ်ကိုင်ဆောင်ရွက်နေဆဲလဲ ရှိပါတယ်။


မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား။ ဒီ ဆေးရုံကြီး ပြီးသွားတဲ့အတွက် ဘယ်လို ရောဂါမျိုးတွေကိုများ ကုသမယ်ဆိုတဲ့ အကြောင်းကိုလဲ အမိန့်ရှိပါဦး ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ ဒီဆေးရုံကြီးကပြီးတာ ရှိသလို မပြီးတာတွေလဲ ရှိပါသေးတယ်။ ပြီးတာကတော့ ပြင်ပသူနာဌာနများ ပြီးပါပြီ။ ပြင်ပ ခွဲစိတ်ကုသဆောင် အဆောက်အဦကြီးလဲ တစ်ဦးတည်း အလှူရှင်နဲ့ ပြီးစီးပြည့်စုံသွားပါပြီ။ မပြီးသေးတာကတော့ ကျွန်တော်တို့ အထူးကုဆောင်များ ဖြစ်ပါတယ်။ ဆောက်လုပ်နေဆဲပဲ ရှိပါသေးတယ်၊

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား။ ဒီဆေးရုံကြီး ပြီးသွားလို့ရှိရင် အဆောက်အအုံ ဦးရေက ဘယ်လောက် ပါဝင်ပြီးတော့ပေါ့လေ၊ ဆေးရုံကြီးရဲ့ အကျယ်အဝန်းက ခန့်မှန်းခြေ ဘယ်


http://www.dhammadownload.com





(↑) ပြင်ပလူနာဌာန အဆောက်အအုံ

နာလန်ထဆောင် (↓)




လောက်များ ရှိပါမလဲခင်ဗျ၊

ဆရာဝန်ကြီး။ ။အဆောက် အအုံ ဦးရေနဲ့ ပတ်သက်လို့ တင်ပြရလို့ရှိရင် ပြင်ပလူနာဌာနမှာ ဆရာတော်ဘုရားကြီး သတ်မှတ်တဲ့ ပူအရ ဝိနည်းတော်နှင့်အညီ ဆေးကုသမှုခံယူရမယ် ဆိုတဲ့ အချက်ကို မူတည်ပြီးတော့ ရဟန်းတော်များနဲ့ သာမဏေများ ဆေးကုသဖို့ ပြင်ပလူနာဆောင်က တစ်ဆောင်၊ သီလရှင်များနဲ့ အမျိုးသမီးများ ဆေးကုသမှု ခံယူဖို့က တစ်ဆောင်၊ အာယုဗ္ဗေဒ ဆေးပေးခန်းလဲ သီးသန့်စာသည်ဖြင့် ဒီလို ခွဲခြားပြီးတော့ စီစဉ်ရပါတယ်။

ဒီလိုစီစဉ်တဲ့အထဲမှာ ထူးခြားချက်တစ်ခု ပေါ်လာတာကတော့ ဒီ ဆေးရုံကြီးမှာ တက်ရောက်ကုသကြတဲ့ အရှင်မြတ်များဟာ ကျွန်တော်တို့ ဆရာဝန်ကြီးများ ညွှန်ကြားတဲ့အတိုင်း ဆေးရုံက ဆင်းရမယ်ဆိုတဲ့ အချိန်မှာ ဆင်းကြရပါမယ်၊ ဆင်းပြီး


http://www.dhammadownload.com







⇧ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး ပန္နက်ရိုက် အခမ်းအနားသို့ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ကြွလာတော်မူပုံနှင့် တီဗနီ ဥပဋ္ဌာက ပင်မအဖွဲ့ ဥက္ကဋ္ဌ ဆရာဝန်ကြီးဦးသာလှ ပန္နက်ရိုက်ရန်စောင့်ဆိုင်းနေပုံ ⇩




တဲ့နောက် ခုနစ်ရက်တစ်ပတ်၊ ဆယ်ရက်တစ်ပတ်၊ ဆယ့်ငါးရက်တစ်ပတ် ဆရာဝန်နဲ့ပြဦးမယ် ဆိုရင် မိမိတို့အရပ်ဒေသကို ပြန်ရဖို့ဟာ ခက်ခဲမှုရှိနေမှာ။ ဆရာဝန်နဲ့ တွေ့ဖို့ကာလ ပါစွရှိနေသေးတဲ့ အတွက်ကြောင့် နေထိုင်ဖို့ ဆိုပြီးတော့ "နာလန်ထဆောင်"ဆိုပြီး သီးသန့်အဆောင်လဲ ပါဝင်ပါတယ်၊ အဲဒီလို အဆောင်များ ပြည့်ပြည့် စုံစုံ ဆောက် လုပ်လို့ ပြင်ပ သူနာဌာနအနေနဲ့ ပြီးပါပြီ။ ပြီးတဲ့ အပြင် ပိုလွန်၍ ကျွန်တော်တို့ "ဇရပ်"ဆိုပြီးတော့ ခေါ်ကြတာ ပေါ့လေ၊ . တည်းခိုဆောင်ပါ။ တည်းခိုဆောင်က လာရောက်ဆေးကုသမှု ခံယူကြတဲ့ အရှင်မြတ်များရဲ့ ဆွေတော်မျိုးတော်များ၊ ဒကာ ဒကာမများ ညအိပ် ညနေ တည်းခိုနိုင်အောင် ဆိုပြီးတော့လဲ အဆောင်ကိုလဲ ပါဝင်ပြီးတော့ ဆောက်လုပ်ထားရှိပြီး ဖြစ်ပါတယ်။

<u>မြန်မာ့အသံ။</u> ။ဟုတ်ကဲ့ခင်ဗျား။ ဆေးရုံကြီးမှာ ကျွန်တော်တို့ ဆရာဝန် တွေလဲရှိမယ်၊ သူနာပြုဆရာမတွေလဲ ရှိမယ်၊ ရုံးဝန်ထမ်းတွေလဲရှိမယ် စတဲ့ အထွေထွေ လုပ်သားတွေလဲရှိပါမယ်ခင်ဗျား။ အဲဒီတော့ ဆရာဝန် ဆရာမများ အပါအဝင် အမှုထမ်း ဘယ်လောက်လောက်များ ရှိပါ့မလဲ ခင်ဗျား။

http://www.dhammadownload.com





မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး၏ အတွင်းသူနာဌာနမုခ်ဦး


**ဆရာဝန်ကြီး။** ။ဒီ ဝန်ထမ်းနဲ့ ပတ်သက် လို့က တော့ ဆေးရုံ တာဝန်ခံ ဆရာဝန်ကြီးဆိုပြီးတော့ အမြင့်ဆုံးဆရာဝန်ကြီး တစ်ဦး ထားပါတယ်။ လက်ထောက် ဆရာဝန်နှစ်ဦး ထားပြီးတော့ ကျန်တဲ့ဝန်ထမ်းတွေကတော့ နိုင်ငံတော် အစိုးရ ချမှတ်တဲ့ မူအတိုင်း ဆောင်ရွက်ပါတယ်။ အခုယာယီအားဖြင့်တော့ ဒီနှစ်မှာ ဒီဆေးရုံကြီးကို ခုတင် ဆယ့်ခြောက်လုံးဆန့် ဆေးရုံအနေနဲ့ သတ်မှတ်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက် ပါတယ်။ ခုတင်ဆယ့်ခြောက်လုံးဆန့်ဆေးရုံနဲ့ စံကိုက်အတိုင်း ဝန်ထမ်းများ ထားရှိပါတယ်။ နှစ်စဉ် နှစ်စဉ် ခုတင် ဆယ့်ခြောက်လုံးဆန့် ကနေ ၂၅-လုံးဆန့် ဆေးရုံ၊ ၂၅-လုံးဆန့်ကနေ ခုတင် ၅၀–ဆန့် ဆေးရုံ၊ ခုတင် ၅၀–ဆန့်ကနေ ခုတင် ၇၅-လုံးဆန့် ဆေးရုံ၊ ခုတင် ၇၅–လုံးဆန့် ကနေ ခုတင် (၁၀၀)တစ်ရာဆန့်ဆေးရုံ ဆိုပြီး အထူးကုဆေးရုံကြီးအဖြစ်ကို ရောက်ရှိအောင် နှစ်စဉ်နှစ်စဉ်တိုးမြှင့်ပြီး ဆောင်ရွက်ဖို့ကို စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

**မြန်မာ့အသံ။** ။ဟုတ်ကဲ့ခင်ဗျာ။ဒီဆေးရုံမှာတာဝန်ထမ်းဆောင်ကြတဲ့ ဆရာဝန်ကြီးများ အပါအဝင် ဝန်ထမ်းရဲ့လစာကို ဘယ်သူက အကုန်အကျခံပါသလဲခင်ဗျား။

**ဆရာဝန်ကြီး။** ။ဒီဆေးရုံကြီးမှာ ဆေးရုံ ကော်မတီလို့ ခေါ်ရမှာပေါ့လေ။ ကျွန်တော်တို့ အခေါ်အရတော့ တိပိဋက=နိကာယ ဥပဋ္ဌာက သာသနာ့ အထူးကု ဆေးရုံ အဖွဲ့ဆိုပြီး ဖွဲ့စည်းပေး ထားပါတယ်။ ဒီအဖွဲ့က နေပြီးတော့

http://www.dhammadownload.com





ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံ အထက်ထပ် အပြင်စင်္ကြံလမ်းမြင်ကွင်း

အားလုံးတာဝန်ယူပြီးတော့ လစာငွေများ စရိတ်ခြိမ်းပြင့်ငွေများကို ပေးရတယ်၊ ပေးတဲ့အခါမှာလဲ နိုင်ငံတော်အစိုးရ ပြည်သူ့ဆေးရုံများမှာ ပေးတဲ့ လစာနှုန်းနဲ့ ကိုက်ညီအောင် ပေးရပါတယ်။


ဘာကြောင့် ကျွန်တော် ဒီနိုင်ငံတော် အစိုးရရဲ့ မှုနဲ့ ကိုက်ညီအောင် ဆောင်ရွက်သလဲ ဆိုတော့ ဒီဆေးရုံကြီးဟာ ကျွန်တော်တို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံဆိုတော့ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တဲ့ နေရာမှာ နိုင်ငံတော်အစိုးရရော လူထုကရော စွမ်းဆောင်ပေးကြတဲ့ အဖွဲ့အစည်းများဟာ တစ်ပြေးညီညာ ပိုင်ပိုင်ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီအချက်ကြောင့် ဆရာတော်ဘုရားက နိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို လိုအပ်သလို ကူညီပါလို့ အကြောင်းကြား လိုက်တဲ့ အခါမှာ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာန ကနေပြီးတော့ မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး ဖွံ့ဖြိုး တိုးတက်ရေး အကြံပေးကော်မတီဆိုပြီးတော့ ဖွဲ့စည်းပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ ဂတိစဉ်လျက်ရှိပါတယ်။

**မြန်မာ့အသံ။** ။ဟုတ်ကဲ့ခင်ဗျား။ ဒီဆေးရုံကြီးမှာ ကျွန်တော်တို့ဟာ ဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းများထဲမှာ ပေါ့လေ၊ ကျွန်တော်တို့ ဆရာဝန်များပါမယ်၊ နောက် ဆရာဝန်မများလဲ ပါမယ်၊ သူနာပြု ဆရာမများလဲ ပါမယ် ဆိုတော့ တက်ရောက်လာကြတဲ့ ကျွန်တော်တို့ သူနာတွေဟာ သံဃာတော်များဖြစ်တဲ့ အတွက်ကြောင့်မို့လို့ သာသနာ့ဝိနည်းနဲ့ ညီအောင် ဘယ်ပုံ ဘယ်နည်းများ ကုသမယ် ဆိုတဲ့ အကြောင်းလေးကိုလဲ တစ်ဆက်တည်း ရှင်းလင်းဆွေးနွေးဖို့ မေတ္တာရပ်ခံ ချင်ပါတယ်ခင်ဗျား။

**ဆရာဝန်ကြီး။** ။ဟုတ်ကဲ့။ ဒီဆေးရုံကြီးရဲ့ ထူးခြားချက် နံပါတ်တစ်အချက် အနေနဲ့

http://www.dhammadownload.com





ဆေးရုံထေရ်ကြီးများအတွက် သီးသန့်ဆောင်မှ ကုဋီနှင့် ရေချိုးခန်း

ကျွန်တော်ပြောပြပြီးဖြစ်တဲ့ အတိုင်း ဝိနည်းတော်နဲ့ အညီ ဆေးကုသမှု ခံယူဖို့ဖြစ်တဲ့ အတွက်ကြောင့် သူနာပြုများကိုတော့ အမျိုးသား သူနာပြုများကိုပဲ သုံးပါတယ်။ ဆရာဝန်များလဲ ယနေ့ အထိတော့ အမျိုးသား ဆရာဝန်များပဲ များပါတယ်။ အမျိုးသမီးဆရာဝန်များထဲက အထူးကု ဆရာဝန်ကြီးတွေ သမားတော်ကြီးတွေ အနေနဲ့တော့ အကြံပေးအဖြစ် ဆောင်ရွက်ပြီးတော့ အမျိုးသား အထူးကု ဆရာဝန်ကြီးများကတော့ မန္တလေးမြို့မှာအငြိမ်းစားယူနေကြတဲ့ ဆရာဝန်ကြီးတွေ၊ မန္တလေးဆေးရုံကြီးက အထူးကု ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေ ခွဲစိတ်ဆရာဝန်ကြီးတွေ၊ ကုသမှု ဆိုင်ရာ သမားတော်ကြီးတွေ အားလုံး လာရောက် ပြီးတော့ အလှည့်ကျကြည့်ရှု ကုသမှုကို ပေးလျက် ရှိပါတယ်။


<u>မြန်မာ့အသံ။</u> ။ဟုတ်ကဲ့ခင်ဗျား။ ဒီဆေးရုံကြီးကို တက်ရောက် ကုသမယ်ဆိုရင်ပေါ့လေ၊ ဘယ်ပုံဘယ်နည်း ဆက်သွယ် ဆောင်ရွက်ရမယ်ဆိုတဲ့ စည်းကမ်း နည်းလမ်းများကိုလဲ အမိန့်ရှိပါဦးခင်ဗျ။

<u>ဆရာဝန်ကြီး။</u> ။ဆေးရုံကြီး ဖွင့်စကတော့ ပထမဦးစွာ ပြင်ပသူနာဌာနကို ဖွင့်ပါတယ်။ ယမန်နှစ်ကမှ အတွင်းသူနာဌာနကို စတင်လက်ခံပြီးတော့ ဆရာတော်ဘုရားကြီးရဲ့ ရည်ရွယ်ချက်အတိုင်း ပြည်နယ်နဲ့တိုင်း တစ်ဆယ့် လေးခုက ဂိလာနသံဃာတော်များ အားလုံး ဂိုဏ်းပေါင်းစုံ သံဃာတော်များ လာရောက်ပြီးတော့ ကုသမှုခံယူနိုင်ပါကယ်လို့ အကြောင်းကြား ထား ပါတယ်။ ဒီလို အကြောင်းကြားထားရာကနေ အခု မကြာမီက မန္တလေးမြို့မှာ လေးပြင်သေးရပ်မှာ ကျန်းမာရေးအတွက်ကော ပဒ္ဒည်းလေးပါး ထောက်ပံ့လှူဒါန်းဖို့ဆိုပြီးတော့ အဖွဲ့ တစ်ခု ပေါ်လာပါတယ်။ ဒီ အဖွဲ့ကတော့ စတုပစ္စယာနုဂ္ဂဟ အဖွဲ့ဆိုပြီးတော့ ကိုင်းမှူးကိုယ်တိုင် ဦးစီးပြီး ဖွဲ့စည်းပြီးတော့ ပေးထားတဲ့ အဖွဲ့ကြီး ပေါ်လာပါတယ်၊

http://www.dhammadownload.com







⇦ သာသနာ့ တက္ကသိုလ် ဒုပ်ချုပ်ရေး အဖွဲ့ဝင် လူကြီးများ ပြင်ပသူနာဌာနနှင့် နာလန်ထဆောင်သို့ ကြည့်ရှုစဉ်။

အဲဒီ **စတုပစ္စယာနုဂ္ဂဟအဖွဲ့**က လေးပြင်လေးရပ်မှာ ဆေးပေးခန်းလို့ ခေါ်တာပေါ့လေ။ ပြင်ပ သူနာဌာနများ ထားရှိပြီးတော့ ဆောင်ရွက်နေပါတယ်။ အဲဒီကနေပြီးတော့ အတွင်းသူနာ အဖြစ် တက်ရောက်ကုသဖို့ လိုအပ်လာတဲ့ အရှင်မြတ်များကိုလဲ ဒီဆေးရုံကြီးကနေ လက်ခံကုသပေးဖို့ အစီအစဉ်ရှိပါတယ်။

<u>မြန်မာ့အသံ</u>။ ။ဟုတ်ကဲ့ ဆရာဝန်ကြီး ခင်ဗျား။ ယာဂုတို့ ဆွမ်းတို့ကပ်ပုံ ကလေးကိုလဲ အမိန့်ရှိပါဦးခင်ဗျား။

<u>ဆရာဝန်ကြီး</u>။ ။ဂိလာန သံဃာတော်များဖြစ်ကြတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဆေးရုံရဲ့ ထုံးစံအရ သင့်လျော်ရာ ဆွမ်း များကို ဆက်ကပ်ရပါတယ်။ သင့်လျော်ရာ ဆွမ်းဆိုတဲ့ နေရာမှာ ဆွမ်းလဲဖြစ်ချင်ဖြစ်မယ်၊ ခေါက်ဆွဲလဲ ဖြစ်ချင်ဖြစ်မယ်၊ နို့ ကပ်ရတဲ့ သူနာလဲ ဖြစ်ချင် ဖြစ်မယ်၊ ယာဂု ကပ်ရတဲ့ သူနာလဲ ဖြစ်ချင်ဖြစ်မယ်။ အချိန်အားဖြင့် သတ်မှတ်ပြီးတော့ ကပ်ရတဲ့ သူနာများလဲ ဖြစ်ချင်ဖြစ်မယ်။ ဒါတွေကို ကျန်းမာရေးဌာနရဲ့ လုပ်ရိုးလုပ်စဉ် ထုံးလမ်းစဉ်လာအရ ကျွန်တော်တို့ ဆက်ကပ်ပါတယ်။ ဆက်ကပ်တဲ့ နေရာမှာ အနီးမှာကပ်နေတဲ့ သာသနာ့ တက္ကသိုလ်ကြီးရဲ့ ဥပဋ္ဌာကအဖွဲ့ကနေပြီးတော့ ဆွမ်း ကွမ်း ကပ္ပိယများကို အားလုံးတာဝန်ယူပါတယ်။ ဆေးရုံကြီးက ဝန်ထမ်းများက ချက်ပြီးပြုတ်ပြီးသား ဒီဆွမ်း ကွမ်း အဖျော်ယမကာ ချိုချဉ် အချိုပွဲ စသည်များကိုသွားရောက်ယူပြီးတော့မှဆရာတော်များကို ဂိလာန ပုဂ္ဂိုလ်များကို သက္ကစ္စမြောက် ဆက်ကပ်လှူဒါန်းကြပါတယ်။

<u>မြန်မာ့အသံ</u>။ ။ဆရာဝန်ကြီးခင်ဗျား။ ဒီ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးကို တက်ရောက် ကုသနေတဲ့ သူနာ–ရဟန်းတော်များ အတွက်ပေါ့လေ၊ ယာဂုတို့ ဆွမ်းတို့ ဆေးဝါးတို့ ဆက်ကပ် လှူဒါန်းချင်တယ် ဆိုရင် ဘယ်ပုံ ဘယ်နည်း ဆက်သွယ်လှူဒါန်းရမယ်ဆိုတဲ့ အကြောင်းလေးလဲ အမိန့်ရှိပါဦးခင်ဗျ။

<u>ဆရာဝန်ကြီး</u>။ ။ဟုတ်ကဲ့။ အဲဒီ ဆေးရုံကြီးမှာ သွားရောက်ပြီး ကိုယ်တိုင်ကိုယ်ကျလဲပဲ မေးမြန်း စုံစမ်းပြီးတော့ လှူဒါန်း နိုင်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ သာသနာပြု လုပ်ငန်းမှာ ကျွန်တော်တို့အဖွဲ့တွေ ဖွဲ့ထားတာအများကြီး ရှိပါတယ်။ တင်ပြရမယ်ဆိုလို့ရှိရင် မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေမှာ "ပင်မအဖွဲ့"ဆိုတာ ရှိပါတယ်။ ၎င်းနောက်

http://www.dhammadownload.com



စစ်ကိုင်းဌာနခွဲ+ မန္တလေးဌာနခွဲ+ ရန်ကုန်ဌာနခွဲ ဆိုပြီးတော့ ဌာနခွဲသုံးခုမှာလဲ အဖွဲ့ခွဲတွေရှိပါတယ်။ ၎င်းပြင် သာသနာ့ တက္ကသိုလ်ကြီးနှစ်ခု ရန်ကုန်နဲ့ မန္တလေးမှာ အဲဒီမှာလဲ ဥပဒေ္ဘာက အဖွဲ့တွေ ရှိပါတယ်။

၎င်းနောက် မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက်ရှိပါတယ်။ အဲဒီနေရာတွေမှာ ဆက်သွယ်မေးမြန်းပြီးတော့ အဲဒီက အမှုဆောင်လူကြီးတွေနဲ့ ဆက်သွယ်ပြီးတော့ လှူဒါန်းမယ်ဆိုရင် မိမိ ကြိုက်နှစ်သက်ရာကို လှူဒါန်း နိုင်ပါတယ်။ လှူဒါန်းတဲ့နေရာမှာ ဆွမ်းကွမ်းအတွက် လှူဒါန်းခြင်း၊ သံဃာ့အသုံးအဆောင် ပစ္စည်းများ လှူဒါန်းခြင်းဆိုပြီးတော့ ဒီလိုလှူဒါန်းနိုင်ပါတယ် ဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်။

<u>မြန်မာ့အသံ</u>။ ။ဒီဆေးရုံကြီး အဓွန့်ရှည် တည်တံ့ ခိုင်မြဲရေး အတွက်လဲ အထူး လိုအပ်လှပါတယ်ခင်ဗျား။ ဒီတော့ကာ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး အဓွန့်ရှည် တည်တံ့ ခိုင်မြဲရေးအတွက် ဘယ်ပုံဘယ်နည်းစီမံ ဆောင်ရွက်ထားတယ် ဆိုတဲ့ အကြောင်းကလေး ကိုလဲ နောက်ဆုံးအနေနဲ့ အမိန့်ရှိပါဦးခင်ဗျား။

<u>ဆရာဝန်ကြီး</u>။ ။ဒီဆေးရုံကြီးအဓွန့်ရှည်စွာ တည်တံ့ ခိုင်မြဲပြီးတော့ အရှိန်အဟုန် မပျက် ဆက်လက်ပြီးတော့ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့ကိစ္စ အလွန် အရေးကြီး ပါတယ်။ အရေးကြီးတဲ့အားလျော်စွာ ကျန်းမာရေး ဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာနက နေပြီးတော့ မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး ဖွံ့ဖြိုးတိုးတက်ရေး အကြံပေးအဖွဲ့ကြီးလဲရှိပါတယ်။ ဒီဖွံ့ဖြိုးတိုးတက်ရေး အကြံပေးအဖွဲ့ကြီးရဲ့ အကြံဉာဏ်များကို ရယူပြီးတော့ကျွန်တော်တို့ဆက်လက် ဆောင်ရွက်ဖို့က အဓိက အချက်ပါပဲ။ ဒီအချက်ထဲမှာ နိုင်ငံတော်အစိုးရအနေနဲ့ လိုအပ်ရင် လိုအပ်သလို ပံ့ပိုးကူညီမှုကို ရယူဖို့ ဖြစ်ပါတယ်။

နံပါတ်-၂အချက်အနေနဲ့ကတော့ ငွေပဒေသာပင်များ ထူထောင်တာ ဖြစ်ပါတယ်။ ငွေပဒေသာပင် ထူထောင်တယ်ဆိုတာ လှူလိုက်တဲ့ ဝတ္ထုငွေများကို ဘဏ်မှာအပ်ထားပြီးတော့ ရရှိတဲ့ အတိုးအညွန့်နဲ့ ကျွန်တော်တို့ ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး=ပစ္စည်းလေးပါး၊ ဒီကျောင်းဆိုတဲ့ နေရာမှာ ဆေးရုံပေါ့။ ဆေးနဲ့ ဆေးပစ္စည်းများ၊ သင်္ကန်းလဲပဲ ကျွန်တော်တို့ ကျောင်း ဆေးရုံကို ရောက်လာလို့ ရှိရင် ဆေးရုံမှာရှိတဲ့ သင်္ကန်းများနဲ့ လဲလှယ်



သာသနာ့ တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့ဝင် ➡ လူကြီးများ ဇီဝိတဒါန အထူးကု ဆေးရုံကြီး အတွင်း လှည့်လည်ကြည့်ရှုကြစဉ်

http://www.dhammadownload.com



ပြီး ဝတ်ဆင်ဖို့ အသုံးပြုဖို့ဆိုပြီးတော့ ဒီလိုစိစဉ်ပြီးတော့ ငွေပဒေသာပင်ကြီးလဲ ထူထောင်လျက်ရှိပါတယ်။ငွေပဒေသာပင်များလဲ နှစ်စဉ်ဆိုသလိုပဲ လှူဒါန်းလျက်ရှိပါတယ်။ ဒီလိုအစွန့်ရှည်စွာ တည်တံ့ရေးအတွက် ကျွန်တော်တို့ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က နေပြီးတော့ အကြံပေးကော်မတီနဲ့ ပူးပေါင်းပြီးတော့ စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ မန္တလေးမြို့မှာ ရှိတဲ့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးအကြောင်း သိကောင်းစရာများကိုတော့ တော်တော်လေး ပြည့်ပြည့်စုံစုံ ကျွန်တော်တို့ ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါတယ် ခင်ဗျား။ နောက်ထပ်များ ဆရာဝန်ကြီး အနေနဲ့ပေါ့လေ သောတရှင်အများ သိရလေအောင် တင်ပြစရာများရှိခဲ့လို့ ရှိရင်လဲ တင်ပြပေးဖို့နောက်ဆုံး မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

ဆရာဝန်ကြီး။ ။ကျွန်တော် အနေနဲ့တော့ ဒီဆေးရုံ ကြီး ရဲ့ ထူး ခြား ချက်ကလေးကို တင်ပြပြီးတော့ အားလုံး တိုင်းသူပြည်သား လူအများဟို့အား စေတနာသဒ္ဓါ ပွားများစေလိုတဲ့ ဆန္ဒပဲ ဖြစ်ပါတယ်။

၁။ ဒီဆေးရုံကြီးနဲ့ နံပါတ်တစ် ထူးခြားချက်ကတော့ ဆေးရုံကြီးမှာ လာရောက်ကုသနေထိုင်ကြတဲ့ သံဃာတော် အရှင်မြတ်များအား ဝိနည်းတော်နဲ့ အညီ ဆေးကုသမှု ခံယူနိုင်ဖို့ပဲဖြစ်ပါတယ်။

၂။ နံပါတ်နှစ်အနေနဲ့ကတော့ ဒီဆေးရုံကြီးမှာ ဆရာတော် သံဃာတော် များမှာ အဖြစ်များတဲ့ ရောဂါများကို အထူးကုဆောင်များ ဆောက်လုပ် ဖွင့်လှစ်ပြီးပြီးတော့ ထားရှိဖို့ ဖြစ်ပါတယ်။ အထူးကုဆောင်ကတော့ အခုဆောက်လုပ်ဆဲ ရှိနေသေးတဲ့ အတွက်ကြောင့် လှူဒါန်းနိုင်ပါသေးတယ်။

၃။ နံပါတ်သုံး အချက်ကတော့ ခုန ကျွန်တော်တင်ပြသွားတဲ့ အထဲမှာနာလန်ထဆောင် ပါဝင်ခြင်းဟာ ထူးခြားချက်ပါ။

၄။ နံပါတ်လေးအချက်ကတော့ ခုန တင်ပြပြောကြားသွားခဲ့တဲ့အထဲမှာ မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီးရဲ့ အာသီသ ဆန္ဒဟာ ဒီလိုပဲ ရှိပါလိမ့်မယ် ဆိုတဲ့အချက် ပါပါတယ်။ ဆရာတော် သံဃာတော်များ ရဟန်း သံဃာတော်များဟာ ကျန်းမာရေးနဲ့ညီညွတ်မှ သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ပေလိမ့်မယ်ဆိုတဲ့ နိဒါန်းမှာ ပြောကြားသွားတဲ့ အချက် ဖြစ်ပါတယ်။

ဒါကို အခြေခံပြီးတော့ ကျွန်တော်တို့ပြည်သူ့ကျန်းမာရေးမှာ ကုသရေးရယ် + ကာကွယ်ရေးရယ်+ပြုစုရေးရယ်ဆိုတာ သုံးပိုင်းရှိပါတယ်။ ကုသရေးပိုင်းကတော့ မကျန်းမမာ ဖြစ်လာတဲ့အခါမှာ စနစ်တကျ ကုသမှုကို ခံယူဖို့ပဲ။ ကာကွယ်ရေးနဲ့ ပြုစုရေးဟာ ဆေးရုံထဲမှာ လုပ်လို့မရပါဘူး။ မိမိတို့ သီတင်းသုံး နေထိုင်တော်မူရာ ကျောင်းများမှာ စာသင်တိုက်ကြီးတွေမှာ ဆောင်ရွက်ကြရမယ့်ကိစ္စဖြစ်ပါတယ်။

ဒါကြောင့် ကာကွယ်ရေးနဲ့ ပြုစုရေးသင်တန်းများကို သင်တန်းးပို့ ချပေးမယ့် သူနာပြု သင်တန်းကျောင်းလို့ ခေါ်တဲ့ ကျောင်းတစ်ခု ပေါ်လာမှာဖြစ်ပါတယ်။ အဲဒီကျောင်းမှာ သံဃာတော်အရှင်များကို သူနာပြုသင်တန်းလဲပေးမယ်၊လက်တွေ့ရောစာတွေ့ရော၊ ဗုဒ္ဓမြတ်စွာ ခွင့်ပြုတော်မမူတဲ့ ကုသရေးသင်တန်းကတော့ ပါဝင်မှာ မဟုတ်ပါဘူး။ ပြုစုရေးနဲ့ ကာကွယ်ရေး သင်တန်း ပေးပြီးတော့

http://www.dhammadownload.com



မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံသစ်ကြီးကို မင်းကွန်းတိပိဋကဆရာတော်ကြီး ဖွင့်လှစ် ပေးတော်မူပုံ

အောင်မြင်တဲ့ အရှင်မြတ်များဟာ မိမိတို့ သီတင်းသုံးတော်မူရာ ကျောင်းတိုက်များ စာသင်တိုက်များကို ပြန်ပြီးတော့ ကျန်းမာရေးနဲ့ ညီညွတ်စွာ ဆောင်ရွက်ကြမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းများဟာ ဆထက် ထမ်းပိုးတိုးပြီးတော့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ကျောင်းကြီးတွေဖြစ်အောင် တည်အောင် တည်ရှိသွားမှာ ဖြစ်ပါတယ်။

ဆရာတော် ဘုရားကြီး အနေနဲ့ ဗုဒ္ဓ မြတ်စွာ ဟောကြားတော်မူသော တရား ဒေသနာထဲမှာ ပါသာဒိကဂုဏ်နဲ့ ညီညွတ်စေရန်ဆိုတဲ့ အချက်ကို အလေးထားပြီးတော့ကျောင်းတိုက်တစ်ခု၊ကျောင်းတစ်ခု၊ ကျောင်းဆောင်တစ်ခုခု ဝင်လိုက်လို့ရှိရင် ကြည်ညိုဖွယ်ရာကို ဆောင်တဲ့ ကျောင်းများအဖြစ် တည်ရှိအောင် စီစဉ်လိုတဲ့ဆန္ဒကို အထောက်အကူပြုဖို့ ကျွန်တော်တို့ ဒီလိုဘူနာပြု သင်တန်းကျောင်း ပါဝင်တဲ့အကြောင်းကို အားလုံးသော တိုင်းသူပြည်သား လူအများတို့ကို ကျွန်ဘော် စေတနာ သဒ္ဓါတရား ဖြစ်ပွားလာအောင် တင်ပြလိုပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ မန္တလေးမြို့မှာ ရှိတဲ့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးအကြောင်း သိကောင်းစရာများကို သောတရှင်အပေါင်း သဒ္ဓါကြည်ညို ပွားရလေအောင် စိတ်ရှည်လက်ရှည်နဲ့ဆွေးနွေးတင်ပြသွားတဲ့ တိပိဋက=နိကာယ ဥပဒ္ဓာကအဖွဲ့ ဥက္ကဋ္ဌလဲ ဖြစ်၊ ဆေးရုံကြီး ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌလဲ ဖြစ်တဲ့ ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှကို ကျွန်တော်တို့ မြန်မာ့အသံကအထူးပဲ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

* * *

http://www.dhammadownload.com

# မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏

# သာသနာပြု လုပ်ငန်းသုံးသွယ်အကြောင်း သိကောင်းစရာ

## အပိုင်း(၄) ငါးနိုင်ငံ ဗုဒ္ဓသာသနာ ချစ်ကြည်ရေး လေ့လာရေးခရီး

**မြန်မာ့အသံ ကိုယ်စားလှယ်နှင့် တိ=နိ ဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး**

**ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာထုတို့**

**(၁-၈-၉၀)နေ့ ဆွေးနွေးခန်း**

မြန်မာ့အသံ။ ။သောတရှင်များခင်ဗျား။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဟာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဆိုတဲ့ ဗုဒ္ဓသာသနာတော် ကမ္ဘာတည်သရွေ့ စည်ပင်ဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးအတွက် ရန်ကုန်မြို့အပါအဝင် မြန်မာပြည်အနှံ့ အပြားမှာ သမိုင်းဝင် တန်ခိုးကြီးဘုရားများ၊ ဘုရားပုထိုးစေတီ ကျောင်းကန် သာသနိက အဆောက်အအုံများကို ပြည်သူအများ အလှူဒါနရှင်များရဲ့ ပံ့ပိုးကူညီလှူဒါန်းမှုနဲ့ ဘက်စုံပြင်ဆင် မွမ်းမံ ဆောင်ရွက်နေတာဟာဖြင့် သောတရှင်များအသိပဲ ဖြစ်ပါတယ်ခင်ဗျား။

အဲဒီ သာသနာတော်သုံးရပ်ထဲမှာ မူလပဓာနအကျဆုံးဖြစ်တဲ့ ပရိယတ္တိသာသနာတော် တိုးတက်ပြန့်ပွားရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးနှစ်ခု ဆောက်လုပ်ဖွင့်လှစ်လျက်ရှိနေပါတယ် ခင်ဗျား။ အဲဒီလိုတက္ကသိုလ်ကြီးနှစ်ခု ဖွင့်လှစ်လျက်ရှိရာမှာ အထောက်အကူဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက အဖွဲ့တစ်ဖွဲ့ဖွဲ့ပြီးတော့ အိမ်နီးချင်းနိုင်ငံငါးနိုင်ငံကို ဗုဒ္ဓသာသနာတော် လေ့လာရေးခရီး စေလွှတ်ခဲ့ပါတယ်။

အဲဒီခရီးနှင့်ပတ်သက်ပြီးတော့ သောတရှင်များကြည်ညိုသဒ္ဓါပွား သိရှိနိုင်ဖို့အတွက် ဆွေးနွေးတင်ပြဖို့ စီစဉ်ထားပါတယ်။ အဲဒီလို ဆွေးနွေးတင်ပြနိုင်ဖို့အတွက် ကျွန်တော်တို့တတွေဟာ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေမှာရှိတဲ့ တိပိဋက=နိကာယဥပဋ္ဌာကအဖွဲ့ရုံးကိုသွားရောက်ခဲ့ပါတယ်။ အဲဒီမှာ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌကြီး အထူးကုဆရာဝန်ကြီး ဦးသာလှနဲ့ တွေ့ဆုံပြီးတော့ အခုလို ဆွေးနွေးမေးမြန်းခွင့် ရခဲ့ပါတယ်ခင်ဗျား။

ဆရာဝန်ကြီးခင်ဗျား။ ငါးနိုင်ငံ ခရီးစဉ်ကို ဘယ်လိုအဖွဲ့ ဖွဲ့စည်းပြီး(တော့ပေါ့လေ)၊ ဘယ်လိုပုဂ္ဂိုလ်များ ပါဝင်တယ်ဆိုတာ အယင်ဆုံး သိပါရစေခင်ဗျား။

http://www.dhammadownload.com





နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ခေါင်းဆောင်သော ပရိယတ္တိပညာသင်ကြားမှု လေ့လာရေးအဖွဲ့အား ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ် တင်ဦးတို့ ရန်ကုန် လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြစဉ် (သတင်းစဉ်မှ) ➡

<u>ဆရာဝန်ကြီး</u>။ ။ဟုတ်ကဲ့။ ကျွန်တော်တို့ ငါးနိုင်ငံခရီးကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ဘုရားကြီး ဥက္ကဋ္ဌအဖြစ် ထားရှိပြီးတော့ ဆရာတော် သံဃာတော်ဆယ်ပါးနဲ့ ကျွန်တော်က ဒုတိယအဖွဲ့ ခေါင်းဆောင်အနေနဲ့ ဆောင်ရွက်ပြီးတော့ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံးမောင်က အဖွဲ့ရဲ့အတွင်းရေးမှူး အဖြစ် ဆောင်ရွက်တဲ့ လူပုဂ္ဂိုလ်ဆယ်ဦး စုစုပေါင်း ပုဂ္ဂိုလ်ပေါင်း နှစ်ဆယ်နဲ့ သွားခဲ့ပါတယ်။

<u>မြန်မာ့အသံ</u>။ ။ဟုတ်ကဲ့ခင်ဗျား။ အဲဒီလို သွားရောက်တဲ့ အခါမှာ ဘယ်နေ့မှာ သွားပြီးတော့ ဘယ်နေ့ပြန်ရောက်ခဲ့တယ်၊ ကာလအားဖြင့် ဘယ်နှစ်ရက်လောက်ကြာခဲ့တယ် ဆိုတာကိုလဲ ဆက်လက်ပြီးတော့ ပြောပြစေချင်ပါတယ် ခင်ဗျား။

<u>ဆရာဝန်ကြီး</u>။ ။ဟုတ်ကဲ့။ ကျွန်တော်တို့ ၁၉၉၀ ပြည့်နှစ်၊ မတ်လ ၁၉-ရက်နေ့က ထွက်ခွာပြီးတော့၊ ၁၉၉၀-ခု၊ ဧပြီလ ၂၀-ရက်နေ့မှာ ပြန်လာကြပါတယ်။ ကျွန်တော့် အနေနဲ့ကတော့ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံ ပီနန်မှာရှိတဲ့ မြန်မာကျောင်းများကို လေ့လာဖို့အတွက် သီးသန့်ခရီး ဆက်ခဲ့ရပါတယ်။

<u>မြန်မာ့အသံ</u>။ ။ဟုတ်ကဲ့ခင်ဗျား။ ဒီလို ငါးနိုင်ငံခရီးအပြင် ဆရာကြီး အနေနဲ့ နှစ်နိုင်ငံဆိုတော့ ခုနစ်နိုင်ငံခရီးလောက် ဖြစ်သွားတာပေါ့ခင်ဗျား။ အဲဒီလိုငါးနိုင်ငံ ခရီးသွားရောက်ခဲ့တဲ့အခါမှာ အဓိကထားရှိပြီးတော့ သွားရောက်ခဲ့တဲ့ ရည်ရွယ်ချက်ကိုလဲ သိပါရစေခင်ဗျား။

<u>ဆရာဝန်ကြီး</u>။ ။ဟုတ်ကဲ့။ ကျွန်တော်တို့ ရည်ရွယ်ချက်ကတော့ အိမ်နီးနား နိုင်ငံတွေကို သာသနာရေး ချစ်ကြည်ရေးကို အခြေခံပြီးတော့ ပရိယတ္တိပညာနဲ့ ပတ်သက်လို့ သင်ကြားလေ့လာနေကြပုံကို လေ့လာဖို့နဲ့ ဒီနိုင်ငံတွေမှာ ရှိတဲ့ မြန်မာဘုန်းတော်ကြီးကျောင်းများကိုလဲ လေ့လာခဲ့ဖို့ပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com





သာသနာ့ ချစ်ကြည်ရေး လေ့လာရေး အဖွဲ့ဝင် များ နီပေါလ် နိုင်ငံ၌ ဘုရား စေတီများ လှည့်လည် ဖူးကြစဉ်....

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အဲဒီသွားရောက်ခဲ့တဲ့ ငါးနိုင်ငံခရီးဆိုတာ ဘယ်နိုင်ငံတွေကို သွားရောက်ခဲ့တယ်ဆိုတာကို သောတရှင်များ သိရလေအောင် တင်ပြပေးစေချင်ပါတယ် ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ဦး စွာ ပထမ ကျွန်တော်တို့နီပေါလ်နိုင်ငံကိုသွားပါတယ်၊ ၎င်းနောက် ခရီးဆက်ပြီးတော့ အိန္ဒိယနိုင်ငံ၊ ၎င်းနောက် သီရိလင်္ကာနိုင်ငံ၊ ၎င်းနောက် ဂျပန်နိုင်ငံနဲ့ နောက်ဆုံး ထိုင်းနိုင်ငံကိုသွားခဲ့ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့၊ ဆရာဝန်ကြီးခင်ဗျား။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ သာသနာတော်မှာ အဓိကအနေနဲ့ မဟာယာနဂိုဏ်းနဲ့ ထေရဝါဒဂိုဏ်းဆိုပြီးတော့ နှစ်ခုရှိပါတယ် ခင်ဗျား။အဲဒီတော့ ဆရာကြီးတို့ သွားရောက်ခဲ့တဲ့ အခု ငါးနိုင်ငံဟာ ဘယ်လိုဗုဒ္ဓဘာသာဂိုဏ်းတွေ ဖြစ်တယ်ဆိုတာကိုလဲ အမိန့်ရှိပါဦးခင်ဗျား။

ဆရာဝန်ကြီး။ ။ကျွန်တော်တို့ သွားရောက်ခဲ့တဲ့ ငါးနိုင်ငံမှာ သီရိလင်္ကာနိုင်ငံနဲ့ ယိုးဒယားနိုင်ငံခေါ်တဲ့ ထိုင်းနိုင်ငံဟာ ထေရဝါဒနိုင်ငံတွေ ဖြစ်ပါတယ်။ ကျန်တဲ့နိုင်ငံတွေကတော့ ထေရဝါဒကို ကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေရှိသလို မဟာယာနဂိုဏ်းကို ကိုးကွယ်ဆည်းကပ်ကြတဲ့ ပုဂ္ဂိုလ်တွေလဲရှိပါတယ်။ သို့သော် ဂျပန်နိုင်ငံကတော့ မဟာယာနဂိုဏ်းပဲဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ငါးနိုင်ငံ ခရီးသွားရောက်တဲ့အထဲမှာ အစီအစဉ်အရပေါ့လေ၊ ဘယ်လိုအစီအစဉ်နဲ့ သွားရောက်ခဲ့တယ်ဆိုတာကိုလဲ သိပါရစေခင်ဗျား။

ဆရာဝန်ကြီး။ ။အစီအစဉ်အရကတော့ နိုင်ငံတော်အစိုးရက ဖွဲ့စည်းပြီးတော့ စေလွှတ်လိုက်တဲ့အဖွဲ့ကြောင့် မြန်မာသံအမတ်

http://www.dhammadownload.com



ကြီးတွေက ဆိုင်ရာနိုင်ငံကနေပြီး လိုအပ်သလို ကြိုတင်ပြီးတော့ စီစဉ်ထားပေးပါတယ်။ စီစဉ်ထားပေးတဲ့အားလျော်စွာ ကျွန်တော်တို့ သွားမှု လာမှု နေမှု ထိုင်မှု အစစအရာရာ သံအမတ်ကြီးများနဲ့ ဆိုင်ရာနိုင်ငံအစိုးရ အဖွဲ့အစည်းများကနေပြီးကော့ ကူညီဆောင်ရွက်တဲ့ အစီအစဉ်နဲ့ပဲ သွားခဲ့ရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့၊ ဆရာကြီးခင်ဗျား.... အဲဒီလို ငါးနိုင်ငံသွားတဲ့အခါမှာ အရင်ဆုံး ဘယ်နိုင်ငံကိုများ သွားရောက်ခဲ့ပါသလဲ ခင်ဗျား။

ဆရာဝန်ကြီး။ ။ကျွန်တော်တို့ ဦးစွာပထမ နီပေါလ်နိုင်ငံကို သွားပါတယ်။ နီပေါလ်နိုင်ငံကိုရောက်ရှိပြီးတဲ့နောက် ခုန ကျွန်တော်တင်ပြတဲ့အတိုင်း သာသနာရေး ချစ်ကြည်ရေး လုပ်ငန်းများကိုလဲ ဆောင်ရွက်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ အထူးအားဖြင့် နီပေါလ်နိုင်ငံဟာ ကျွန်တော်တို့ ဗုဒ္ဓပဏ္ဏာတော်လို့ခေါ်တဲ့ ဌာပနာတော်များကို မဟာဝိဇယစေတီတော်တည်တဲ့နေရာမှာ လှူဒါန်းခဲ့တဲ့အတွက်ကြောင့် ဒါဟာ သာသနာရေး ချစ်ကြည်ရေးကို အစပျိုးလိုက်တဲ့ အချက်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လဲပဲ အထူးပဲ ကျေးဇူးတင်ရှိကြောင်းကို တင်ပြပြောကြားခဲ့ရပါတယ်။ ကျွန်တော်တို့ ဒုတိယအချက်ဖြစ်တဲ့ ပရိယတ္တိပညာရေး သင်ကြားမှုကို လေ့လာတဲ့အခါမှာ ထေရဝါဒ ကိုးကွယ်ကျင့်သုံးတဲ့ရဟန်းတော် သံဃာတော်များလဲ ရှိပါတယ်။ မဟာယာနတိဗက် ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်နေတဲ့ ရဟန်းတော်များလဲ တွေ့ပါတယ်။ အထူးအားဖြင့်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံကနေပြီး သွားရောက်ပြီးတော့ သီလရှင် စာသင်တိုက်ကြီး ဖွင့်လှစ်ထားတာဟာတော့ အဓိကရတွေ့ ရှိခဲ့ရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အဲဒီတော့ နီပေါလ်နိုင်ငံမှာ တွေ့ရှိရတာက တော့ ကျွန်တော်တို့သီလရှင်နဲ့ တခြားနိုင်ငံနဲ့ တူမယ်မထင်ပါဘူး ခင်ဗျား။ အဲဒီတော့ကာ အင်မတန်မှ သာသနာတော်အတွက် အားရကျေနပ်ဖွယ်ရှိတယ်လို့ ကျွန်တော်ယူဆပါတယ် ခင်ဗျား။ နီပေါလ်နိုင်ငံမှာ တခြား ဗုဒ္ဓသာသနာတော်နဲ့ ပတ်သက်လို့ တွေ့ဆုံဆွေးနွေး တွေ့ရှိခဲ့တဲ့ အကြောင်းများကိုလဲ သောတရှင်များ သိရလေအောင် ထပ်မံပြီးတော့ ရှင်းလင်းဆွေးနွေးတင်ပြ ပေးစေချင်ပါတယ်ခင်ဗျား။


ဆရာဝန်ကြီး။ ။ကျွန်တော်တို့ အခုနတင်ပြလိုက်တဲ့အတိုင်းပေါ့လေ၊ ဆရာတော် သံဃာတော်များ ဦးစီးပြီးတော့ ပရိယတ္တိစာပေ သင်ကြားတဲ့ကျောင်းတိုက်တွေ ရှိသလို တက္ကသိုလ်တွေမှာလဲပဲ ဗုဒ္ဓစာပေနဲ့တကွ ပါဠိစာပေများကို ဌာနတစ်ခု ထားရှိပြီးတော့ သင်ကြားပို့ချနေတာကိုလဲ တွေ့ရှိခဲ့ရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အဲဒီလို သွားရောက်ပြီးတော့ဆွေးနွေးတဲ့အခါမှာ သွားရေး နေရေး ထိုင်ရေးပေါ့လေ ကိစ္စအဝဝကို ဘယ်လိုဆောင်ရွက်ပေးတယ်၊ နောက်တစ်ခုက ဆရာကြီးတို့အဖွဲ့ထဲမှာ ဥက္ကဋ္ဌကလဲ ကျွန်တော်တို့ ပဲခူးမြို့မဆရာတော်ကြီးဆိုတော့ ဝါတော်ရော သက်တော်ရော ကြီးတဲ့အတွက်ကြောင့်မို့လို့ နေရေး ထိုင်ရေး ဆွမ်းကိစ္စတွေမှာ အင်မတန်မှဂရုတစိုက်ဆောင်ရွက်ရမယ်လို့ ယူဆပါတယ်ခင်ဗျား။ အဲဒီတော့ ဆရာတော်ကြီးတွေ သက်သောင့်သက်သာဖြစ်ရေး၊ ဆွမ်းကိစ္စ အဆင်ပြေရေးအတွက် ဘယ်လို စီစဉ်ဆောင်ရွက် ပေးတယ်ဆိုတာကိုလဲ သိပါရစေဦးခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ ဆရာတော်ဘုရားကြီးများအတွက်က အထူးအားဖြင့်

http://www.dhammadownload.com





အိန္ဒိယနိုင်ငံ ဓမ္မစကြာတရားတော် ဟောကြားရာဌာန၌ ဓမ္မပူဇာပြုကြပုံ

ဝိနည်းတော်နဲ့အညီ ဆွမ်းဆက်ကပ်နိုင်ဖို့ နေရေးထိုင်ရေးကို စီစဉ်ပေးဖို့ဟာ အဓိကအချက်ဖြစ်ပါတယ်။ ဒါကြောင့် နီပေါလ်နိုင်ငံမှာတော့ သီလရှင်ကျောင်းတိုက်က သီးသန့်စီစဉ်ပေးတဲ့ ကျောင်းတိုက်မှာပဲ ဆရာတော်ဘုရားကြီးများ သီတင်းသုံးပြီးတော့ အချို့ ကျွန်တော်တို့ လူပုဂ္ဂိုလ်တွေလဲ နေကြပါတယ်။ အချို့ပုဂ္ဂိုလ်များကိုတော့ ဟိုတယ်တွေမှာ တည်းခိုကြရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အခုနကတုန်းက ဆရာကြီး အမိန့်ရှိသွားတဲ့ စကားတွေကိုထောက်လို့ရှိရင် နီပေါလ်နိုင်ငံဟာ ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ အထူးခြားဆုံးနဲ့ အထွန်းကားဆုံးကတော့ သီလရှင် သာသနာလို့ ယူဆရင် မှားမယ်မထင်ပါဘူး ခင်ဗျား။ ဟုတ်ပါသလား ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ပါတယ်။ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီး သံဃာတော် ဦးရေကတော့နည်းပါတယ်။ သီလရှင်ဆရာကြီးများကလဲ မော်လမြိုင်မြို့ကနေပြီးတော့ ပြောင်းရွှေ့လာပြီးတော့ ဒီသီလရှင် သာသနာပြုနေတာ အနှစ်နှစ်ဆယ်ကျော် ရှိပါပြီ။ သီလရှင်ဦးရေကလဲ တော်တော်များပါတယ်။ ဒါကြောင့် သီလရှင်သာသနာဟာ နီပေါလ်နိုင်ငံမှာ အထွန်းကားဆုံး ဖြစ်နေပြီးတော့ မြန်မာပြည်က သွားရောက်ပြီးတော့ တည်ထောင်ဖွင့်လှစ်ထားတဲ့ သီလရှင်စာသင်တိုက်ဖြစ်တဲ့အတွက်ကြောင့် ဆက်လက်ပြီးတော့ စာသင်သားများကို မြန်မာပြည်ကို စေလွှတ်လိုတဲ့ဆန္ဒလဲ ပြင်းပြလျက်ရှိပါတယ်။ လိုအပ်တဲ့ ပိဋကစာအုပ်များကိုလဲပဲ ရယူလိုတဲ့ အလှူခံလိုတဲ့ ဆန္ဒတွေလဲပြင်းပြနေတာကို တွေ့ရှိရပါတယ်။

http://www.dhammadownload.com



မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အခုလိုနီပေါလ်နိုင်ငံမှာ သီလရှင် သာသနာ ထွန်းကားနေတယ်ဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်ပေါ့လေ များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်ရပါတယ်ခင်ဗျား။ ဆရာဝန်ကြီးခင်ဗျား၊ နောက် လေ့လာခဲ့ရတဲ့ နိုင်ငံက အိန္ဒိယနိုင်ငံနော်။

### အိန္ဒိယနိုင်ငံ ဗုဒ္ဓသာသနာ

မြန်မာ့အသံ။ ။ဆရာဝန်ကြီး ခင်ဗျား။ အိန္ဒိယနိုင်ငံမှာ တွေ့ကြုံခဲ့ရတဲ့အကြောင်းအရာ အချက်ကလေးများကိုလဲပဲ သောတရှင်များ သိရလေအောင် တင်ပြပေးပါဦးခင်ဗျား။

ဆရာဝန်ကြီး။ ။အိန္ဒိယနိုင်ငံဟာ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးအနေနဲ့ မဇ္ဈိမဒေသပဲဖြစ်ပါတယ်။ မဇ္ဈိမဒေသဖြစ်တဲ့ အားလျော်စွာ ဗုဒ္ဓပွင့်တော်မူရာ ဒေသများအားလုံးကို ကျွန်တော်တို့ ပြည့်ပြည့်စုံစုံ ရောက်အောင်သွားဖို့ စီစဉ်ပြီးတော့လဲ ခက်ခက်ခဲခဲနဲ့ ရောက်အောင်သွားရတဲ့နေရာတွေလဲ ပါဝင်ပါတယ်၊ ရောက်ခဲ့ပါတယ်။

ဒုတိယအချက်ကတော့ ဒီ သာသနာတော်ကြီး အဓွန့်ရှည်အောင်သံဂါယနာတင်ခြင်းဖြစ်ပါတယ်။ အိန္ဒိယပြည်မှာသံဂါယနာ သုံးကြိမ်တင်ခဲ့ပါတယ်။ သံဂါယနာ သုံးကြိမ်တင်ခဲ့တဲ့ ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်နဲ့ ပါဋလိပုတ်ပြည်များကိုလဲ ကျွန်တော်တို့ ရောက်အောင်သွားခဲ့ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အဲဒီလို သွားရောက် ခဲ့တဲ့ အခါမှာပေါ့လေ အိန္ဒိယနိုင်ငံမှာ ဆရာဝန်ကြီးတို့ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံကလေးများကိုလဲပဲ သောတရှင်များ သိရှိရလေအောင် ထပ်မံပြီးတော့ ရှင်းလင်းတင်ပြပေးစေချင်ပါတယ် ခင်ဗျား။

အိန္ဒိယနိုင်ငံ ဗာရာဏသီ သက္ကတ တက္က သိုလ်မှ ဆွေးနွေးပွဲ ➡



http://www.dhammadownload.com



ဆရာဝန်ကြီး။ ။အိန္ဒိယနိုင်ငံမှာ တွေ့ကြုံရတာက တော့ ကျွန်တော်တို့ ဗုဒ္ဓပွင့်တော်မူရာ ဗုဒ္ဓနဲ့ပတ်သက်တဲ့ နေရာဌာန အဆောက်အဦ များဟာ အားလုံးပျက်စီးပြီးတော့ အဆောက် အဦများဟာ မြေညီမှာပဲတည်ရှိနေတာကို တွေ့ရှိခဲ့ ရတဲ့အတွက်ကြောင့် သံဝေဂ အထူးယူစရာနေရာ များအဖြစ် ရောက်ရှိနေတာကိုလဲ ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။

မြန်မာ့အသံ။ ။အဖွဲ့ဖွဲ့ပြီးတော့ သွားရောက်တဲ့ အထဲမှာ ရည်ရွယ်ချက် တစ်ခု အနေနဲ့ပေါ့လေ၊ ပရိယတ္တိစာပေကို လေ့လာဖို့လို့ ဆိုပါတယ် ခင်ဗျား။ အဲဒီတော့ အိန္ဒိယနိုင်ငံမှာ ပရိယတ္တိစာပေနဲ့ ပတ်သက်လို့ ဘယ်လိုရှိတယ် ဆို တာကိုလဲ အမိန့်ရှိပါဦးခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ အိန္ဒိယနိုင်ငံဟာ ဗုဒ္ဓ ပွင့်တော်မူရာဒေသဖြစ်တဲ့အတွက် ကြောင့် အိန္ဒိယသူ အိန္ဒိယသားများကလဲပဲ အထူး ပဲ ဂုဏ်ယူလျက်ရှိပါတယ်။ ဗုဒ္ဓဘာသာကို ကိုးကွယ် ဆည်းကပ်ခြင်း မပြုသော်လဲပဲ ဗုဒ္ဓစာပေနဲ့ ပါဠိ စာပေများကို အထူးသင်ကြားနေကြတာကို တွေ့ရှိ ရပါတယ်။ တက္ကသိုလ်တိုင်းမှာလိုပဲ ဗုဒ္ဓစာပေနဲ့ ပါဠိစာပေဌာန ရှိတာကိုလဲ တွေ့ရပြီးတော့ ကျွန် တော်တို့ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံမှာလိုပေါ့လေ၊ ပါဠိတက္ကသိုလ် သာသနာ့တက္ကသိုလ်မျိုးတွေလဲ ဖွင့် လှစ်ထားရှိတာ တွေ့ရှိရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓသာသနာတော်သုံးရပ် တည် တံ့ပြန့်ပွားရေးအတွက်ပေါ့လေ၊ တခြားနည်းတွေ နဲ့ ဆောင်ရွက်တာမျိုးကော ရှိပါသလားခင်ဗျား။ ရှိလို့ရှိရင် သိပါရစေခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ သီဟိုဠ်နိုင်ငံက အနာ ဂါရိက ဓမ္မပါလဆိုတဲ့ ပုဂ္ဂိုလ် ကနေပြီးတော့ စတင်တည်ထောင်တဲ့ မဟာဗောဓိ အသင်းဆိုတာ ရှိပါတယ်။ အိန္ဒိယနိုင်ငံမြို့ကြီးတွေ အားလုံးလိုလိုမှာပဲ တည်လျက်ရှိတာကို တွေ့ရ ပါတယ်။ ဒီမဟာဗောဓိအသင်းများ စတင်တည် ထောင်စဉ်ကလဲ မြန်မာနိုင်ငံက ပါဝင်ပြီးတော့ ဆောင်ရွက်ခဲ့တယ်ဆိုတာ မှတ်တမ်း မှတ်ရာတွေ ကိုလဲ တွေ့ရပါတယ်။ဒီမဟာဗောဓိအသင်းကြီးဟာ ၁၉၉၁–ခုနှစ်မှာ နှစ်တစ်ရာ (၁၀၀)ပြည့်တော့ မှာ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အင်မတန်မှ သာသနာတော်အတွက် ဝမ်း မြောက်ဂုဏ်ယူစရာ ကောင်းလှပါတယ် ခင်ဗျား။ ဒီတော့ ဆရာဝန်ကြီးတို့အဖွဲ့အနေနဲ့ မှတ်တမ်း မှတ်ရာ ယူခဲ့တာမျိုးကော ရှိပါသလားခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ ကျွန်တော်တို့ ရောက် ရာအရပ်မှာ အရေးကြီးတဲ့ မှတ် တမ်းမှတ်ရာ ရသင့်တာ ရယူထားသင့်တဲ့ ကိစ္စများ ကို ဓာတ်ပုံဆရာများငှားရမ်းပြီးတော့ ကျွန်တော် တို့ ရိုက်ယူပြီးတော့မှတ်တမ်းတင်ခဲ့ပါတယ်။ ကျွန် တော်တို့အထဲမှာပါတဲ့ အချို့အမှုဆောင်များလဲ မိမိတို့ပါလာတဲ့ ကင်မရာကလေးနဲ့ ဓာတ်ပုံရိုက်ပြီး တော့ ရယူခဲ့တာတွေလဲရှိပါတယ်၊

မြန်မာ့အသံ။ ။သာသနာ ၂၅၀၀–ပြည့်တုန်း က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပေါ့လေ၊ ဆဋ္ဌသံဂါယနာတင်ခဲ့ပါတယ်၊ အဲဒီလို ပါပဲ အိန္ဒိယနိုင်ငံမှာလဲပဲ သူတို့ သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ချက်မျိုး ရှိတယ်လို့ ကျွန်တော်တို့ မှတ်သားဖူးပါတယ် ခင် ဗျား။ အဲဒါနဲ့ပတ်သက်လို့ ဆရာဝန်ကြီးတို့ လေ့ လာတဲ့အခါမှာ ဘယ်လိုများ တွေ့ရှိခဲ့ရပါသလဲ ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ကျွန်တော်တို့ မြန်မာ နိုင်ငံမှာ ထေရဝါဒ ငါးနိုင်ငံကို ကိုယ်စားပြုပြီးတော့ ဆဋ္ဌသံဂါယနာတင်စဉ်အချိန်

http://www.dhammadownload.com



က အိန္ဒိယနိုင်ငံမှာလဲပဲ ဗုဒ္ဓဇယန္တီပွဲတော်များ ပြုလုပ်ပါတယ်။မြို့ကြီးတိုင်းမှာလိုလိုပြုလုပ်ခဲ့ပါတယ်။ အထူးပြုလုပ် ကျင်းပတာကတော့ မဟာဗောဓိစေတီတော်နဲ့ မဟာဗောဓိပင်အနီးမှာ ပွဲတော်ကြီးကျင်းပပါတယ်။ ဒီပွဲတော်ကြီးလဲပြီးရော အိန္ဒိယနိုင်ငံအစိုးရကနေပြီးတော့ ထေရဝါဒကိုးကွယ်တဲ့နိုင်ငံတွေ မဟာယာနကိုးကွယ်တဲ့နိုင်ငံတွေအားလုံးသော ဗုဒ္ဓဘာသာကိုးကွယ်တဲ့နိုင်ငံတွေကို မြေနေရာများ ခွဲဝေသတ်မှတ်ပြီးတော့ ပေးပါတယ်။ ခွဲဝေသတ်မှတ်ပေးခဲ့တဲ့ အားလျော်စွာ ဆိုင်ရာဆိုင်ရာနိုင်ငံတွေကလဲ အဆောက်အဦများကို ဆောက်လုပ်ပြီးစီးပြီးရှိနေကြတာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။

<u>မြန်မာ့အသံ။</u> ။ကျွန်တော်တို့ စာပေတွေကို ဖတ်ရှုတဲ့အခါမှာ ကုန်းဘောင်ခေတ်တုန်းကပေါ့။ မင်းတုန်းမင်းကြီးနဲ့ ဘကြီးတော်ဘုရားဟာ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် အိန္ဒိယနိုင်ငံမှာ အဆောက်အဦတွေ ဆောက်လုပ်လှူဒါန်းပူဇော်ခဲ့တယ်လို့ သိရပါတယ်ခင်ဗျား။ အဲဒါတွေကော တွေ့ရှိခဲ့ရပါသလားခင်ဗျား။

<u>ဆရာဝန်ကြီး။</u> ။ဟုတ်ကဲ့။ကျွန်တော်တို့ မင်းတုန်းမင်းတရားကြီးဟာ ဗုဒ္ဓဘာသာ အထူးပြန့်နှံ့စေဖို့အတွက် မဟာဗောဓိ စေတီတော်ကြီးနဲ့ မဟာဗောဓိပင်ကို သံတမန်များ စေလွှတ်ပြီးတော့ စောင့်ရှောက်ဖို့ ထိန်းသိမ်းဖို့ လိုအပ်တာတွေကို ဆောက်လုပ်ပေးဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အထဲမှာ အရေးကြီးတာကတော့ အဲဒီအချိန်က မဟာဗောဓိပင်ကြီးဟာ အကိုင်းတစ်ကိုင်း ခြောက်နေတဲ့ အတွက် ကြောင့် ၎င်းအကိုင်းကို ရယူပြီးတော့ မြန်မာနိုင်ငံမှာ ဗုဒ္ဓဆင်းတုတော်ငါးဆူ ထုတယ်လို့လဲ ကျွန်တော်တို့ မှတ်တမ်းတွေ့ရပါတယ်။တစ်ဆူတော့ အခုမန္တလေးမှာ ရှိသေးတယ်လို့ ကြားသိရပါတယ်။

အဲဒီ မဟာဗောဓိစေတီအနီးမှာတော့ မင်းတုန်းမင်းကြီး ဆောက်ထားခဲ့တဲ့ တိုက်ဇရပ်ကြီးဟာ အခုအထိ ရှိပါသေးတယ်။ ဒီတိုက်ဇရပ်ကြီးဟာ ဟိန္ဒူမဟန့်ဘုန်းကြီးရဲ့ ကျောင်းဝင်းထဲမှာ ရောက်ရှိနေပါတယ်။

အလားတူပဲ ဘကြီးတော်ဘုရားလက်ထက်က ဘကြီးတော်ဘုရား ကိုယ်တော်တိုင် လှူဒါန်းထားတဲ့ အုတ်ပြဿာဒ်နဲ့ ကျောက်စာတိုက်ရှိပါတယ်။ သို့သော် ကျောက်စာကတော့ ပျက်စီးယိုယွင်းလို့သွားပါပြီ။ ဒီကျောက်စာမှာ ရေးထားတဲ့ စာပေတွေကိုတော့ ကျွန်တော်တို့ မြန်မာပြည်မှာ မှတ်တမ်းရယူထားတာ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာပြည်က ဘုရင်များ လက်ထက်ကတည်းက အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာဒေသကို အဆက်အသွယ်က ရှိခဲ့ပါတယ်။

သီပေါမင်းလက်ထက်က ဆောက်လုပ်တဲ့ ဇရပ်ကတော့ အသားဇရပ်ဖြစ်တဲ့အတွက်ကြောင့် အခုမရှိတော့ပါဘူး။မဟာဗောဓိပင် စောင့်ရှောက်ရေးအဖွဲ့ကနေပြီးတော့ ဥယျာဉ်တော်ကြီးအဖြစ် ဖန်တည်းထားတာကို တွေ့ရှိခဲ့ရပါတယ်။

<u>မြန်မာ့အသံ။</u> ။ဟုတ်ကဲ့ခင်ဗျား။ အိန္ဒိယနိုင်ငံဟာ ရှင်တော်မြတ်ဘုရား ပွင့်တော်မူရာဒေသလဲဖြစ်တယ်။ သံဂါယနာ တင်ခဲ့တဲ့နေရာမှာလဲပဲ သုံးကြိမ်သုံးခါ တင်ခဲ့တယ် ဆိုတော့ ဗုဒ္ဓသာသနာတော်အတွက် အင်မတန်မှ ထင်ရှားခဲ့တဲ့နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ် ခင်ဗျား။ အဲဒီတော့က စာပေတွေကို ဖတ်ရှုတဲ့အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံနှင့် နှိုင်းယှဉ်ခဲ့ရင် အိန္ဒိယနိုင်ငံဟာ အခုအခါမှာ ဗုဒ္ဓသာသနာတော် ဆိုလို့ရှိရင် မှေးမှိန်နေတယ်လို့ ကျွန်တော်သိရှိရပါတယ်ခင်ဗျား။ အဲဒီအချက်နဲ့ ပတ်သက်လို့လဲ တွေ့ရှိချက်ကလေးကို တဆိတ်လောက် အမိန့်ရှိပါဦးခင်ဗျား။

http://www.dhammadownload.com





အိန္ဒိယနိုင်ငံ ပဉ္စာမဒေသရှိ မဟာသတိပဋ္ဌာနသုတ် ဟောရာဌာန၌ ပူဇော်ကြပုံ

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ အိန္ဒိယနိုင်ငံသူ နိုင်ငံသားများဟာ ကမ္ဘာ့ကိုးကွယ်မှု ဘာသာကြီးတွေထဲမှာ ဗုဒ္ဓမြတ်စွာဟာ တို့နိုင်ငံမှာ ပွင့်တော်မူသွားတယ်ဆိုတဲ့ ဂုဏ်ကိုတော့ ယနေ့အထိ ရယူလျက်ရှိကြပါတယ်။ သမိုင်းကြောင်းကို ပြန်ပြီး လေ့လာကြည့်လို့ရှိရင် အိန္ဒိယနိုင်ငံရဲ့ သမိုင်းဟာ မင်းအမျိုးမျိုး ပြောင်းလဲလာတာ ကိုးကွယ်မှုကွဲပြားတဲ့ မင်းတွေ အုပ်ချုပ်လာတာကိုလဲ အခြေခံတယ်လို့ပဲ ကျွန်တော်ယူဆပါတယ်။


ကျွန်တော်တို့ မြန်မာနိုင်ငံ အနေနဲ့ကတော့ မင်းအဆက်ဆက်ကနေပြီးတော့ ဒီမဟာဗောဓိပင်နဲ့ မဟာဗောဓိစေတီတော်ကြီးကို စောင့်ရှောက်ဖို့ကိုတော့ ကူညီဆောင်ရွက်ခဲ့တာဟာ သမိုင်းဝင်ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။အခုလို ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် ကူညီဆောင်ရွက်ခဲ့တာဟာဖြင့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ကောင်းလှပါတယ် ခင်ဗျား။ အဲဒီတော့ကာ အခုနကတုန်းက ဆရာဝန်ကြီး အမိန့်ရှိထားတဲ့ အထဲမှာ မဟာဗောဓိအသင်းနဲ့ ပတ်သက်လို့ တွေ့ကြုံပြီးတော့ ဆွေးနွေးခဲ့ရတာမျိုးကော ရှိခဲ့ပါသလားခင်ဗျား။ ရှိခဲ့ရင် သိပါစေခင်ဗျား။

ဆရာဝန်ကြီး။ ။မဟာဗောဓိပင်နဲ့ မဟာဗောဓိစေတီတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဆိုတာ ဖွဲ့စည်းထားတာတွေ့ရှိခဲ့ရပါတယ်။ အဲဒီပုဂ္ဂိုလ်များနဲ့ ကျွန်တော်တို့ တွေ့ဆုံပြီးတော့ ဆွေးနွေးကြည့်လိုက်တဲ့ အခါမှာ တော်တော်ကိုကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းထားပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက မြန်မာသံအမတ်ကြီးကလဲ အဲဒီအဖွဲ့မှာ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်တာကို အမှုဆောင်တစ်ဦးအဖြစ် ပါဝင်တာကိုလဲ ကျွန်တော်တို့ တွေ့ရှိရပါတယ်။

http://www.dhammadownload.com





နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မြင်းခြံ ကိုးဆောင်ဆရာတော်ကြီးနှင့် သံဃာတော်များ မဇ္ဈိမဒေသ၌ ဝတ်ပြု ပူဇော်တော်မူကြပုံ

မဟာဗောဓိပင်နဲ့ မဟာဗောဓိစေတီတော်ကြီး စောင့်ရှောက်ရေးအဖွဲ့ဟာ အားသွန်ခွန်စိုက် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာဒေသကို ထိန်းသိမ်း စောင့်ရှောက်လျက်ရှိတာကို တွေ့ရှိရလို့ အထူးပဲ ကျေးဇူးတင်ရှိကြောင်းလဲ ကျွန်တော်တို့ ပြောကြားခဲ့ရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဆရာဝန်ကြီး အခုနပြောသွားတဲ့ သွားရောက်ခဲ့တဲ့ ငါးနိုင်ငံခရီးမှာ အဓိကရည်ရွယ်ချက်ထဲမှာ ပေါ့လေ။ ကျွန်တော်တို့ မြန်မာဘုန်းကြီးကျောင်းများကို လေ့လာပြီးတော့ လှူဒါန်းစရာရှိရင် လှူဒါန်းဖို့ဆိုတဲ့ အကြောင်းလဲ ပါဝင်ပါတယ် ခင်ဗျား။ ဒီတော့ကာ အဲဒီမြန်မာဘုန်းကြီးကျောင်းများနဲ့ ပတ်သက်လို့ အိန္ဒိယနိုင်ငံမှာ ဘယ်လိုများ တွေ့ရှိခဲ့ရပါသလဲ ခင်ဗျား။

ဆရာဝန်ကြီး။ ။ကျွန်တော်တို့ မြန်မာဘုန်းကြီးကျောင်းနဲ့ ပတ်သက်လို့ကတော့ ဗုဒ္ဓပွင့်တော်မူရာ ဒေသတိုင်းမှာ မြန်မာဘုန်းကြီးကျောင်းတွေရှိပါတယ်။ ရှိတဲ့အနက်မှာ ကျွန်တော့်အနေနဲ့ တွေ့ရှိရတာက သမိုင်းဝင် မြန်မာကျောင်းတစ်ကျောင်းကို သွားပြီးတော့ တွေ့ရှိရပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်တို့ ကာလကတ္တားမှာရှိတဲ့ မြန်မာဘုန်းတော်ကြီးကျောင်း ဖြစ်ပါတယ်။ ဒီမြန်မာ ဘုန်းတော်ကြီးကျောင်းဟာ ဟိုရှေးယခင်ခေတ်က ကျွန်တော်တို့ မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်မှာ ဘီအေဘွဲ့အထိ သင်ကြား မပေးနိုင်ခင်က မြန်မာကျောင်းသားများဟာ တက္ကသိုလ်ကျောင်းသားတွေဟာ ကာလကတ္တားကိုသွားပြီး ဘီအေဘွဲ့ကိုရယူကြရပါတယ်။ အဲဒီလိုရယူဖို့သွားကြရတဲ့အခါမှာ မိမိတို့ နေရေး ထိုင်ရေးကို မိမိစီမံရတဲ့အတွက်ကြောင့် ကာလကတ္တားမှာ ဝိုက်တစ်လုံးဝယ်ပြီး သူတို့ စုပေါင်းနေထိုင်ပြီးတော့ တက္ကသိုလ်ပညာကို ဘီအေဘွဲ့ရအောင်စာသင်ခဲ့ရပါတယ်။ ဒီလိုစာသင်ပြီးတဲ့နောက် ကျွန်တော်တို့ ရန်ကုန် တက္ကသိုလ်မှာ ဘီအေ ဘွဲ့ အထိ ရလာကြတဲ့ အခါ ဒီ

http://www.dhammadownload.com



ကာလကတ္တားက တိုက်အိမ်ကို ဘုန်းတော်ကြီး ကျောင်းအဖြစ် လှူဒါန်းသွားခဲ့တဲ့အတွက်ကြောင့် ဒါဟာ သမိုင်းဝင် ကျောင်းတစ်ကျောင်းတော့ ဖြစ်ပြီလို့ပဲ ကျွန်တော် တွေ့မြင်ခဲ့ရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့။အင်မတန်မှဝမ်းမြောက် စရာကောင်းလှပါတယ် ခင်ဗျား။ ဒီတော့အိန္ဒိယနိုင်ငံမှာ ရက်ပေါင်း ဘယ်လောက်များ ကြာခဲ့ပါသလဲခင်ဗျား။

ဆရာဝန်ကြီး။ ။ကျွန်တော်တို့အားလုံး ရက်ပေါင်းနှစ်ဆယ်လောက်ကြာခဲ့ပါတယ်၊ ကြာခဲ့ရတဲ့အကြောင်းကတော့ ဘုရားပွင့်တော်မူရာဒေသတွေကလဲ အလွန်များပါတယ်။ ဗုဒ္ဓနဲ့ပတ်သက်တဲ့ ဒေသတွေကလဲ အလွန်များပါတယ်။ ဒါကြောင့် သွားရောက်ပါတယ်။ ခက်ခက်ခဲခဲနဲ့သွားရတာတွေလဲ ရှိပါတယ်။ ဥပမာ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ သင်္ကဿနဂိုရ်ပြည်ဆိုတာ အင်မတန်ရောက်ခဲတဲ့နေရာပါ။ ဒါကိုလဲ ခက်ခက်ခဲခဲနဲ့ ကျွန်တော်တို့ရောက်အောင်သွားပြီးတော့ ကြည့်ရှုပြီးတော့ ဖူးမျှော်ခဲ့ရပါတယ်။

နောက်တစ်ချက်ကတော့ဝေသာလီပြည်ဒုတိယသံဂါယနာတင်တဲ့ နေရာဖြစ်ပါတယ်။ ဝေသာလီပြည်မှာတော့ အခုမှတူးတုန်း ဖော်တုန်း ရှာဖွေတုန်းပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ ထူးထူးခြားခြား တွေ့ရတာကတော့ သီရိဓမ္မာသောကမင်းကြီးလက်ထက်က ဗုဒ္ဓနဲ့ပတ်သက်တဲ့နေရာတွေမှာ ကျောက်စာတိုင်တွေထူခဲ့တဲ့အထဲမှာ အားလုံးအပျက်အစီးချည်း တွေ့ရပြီးတော့ ဝေသာလီပြည်မှာတော့ မူလနဂိုကျောက်စာတိုင်အတိုင်း တွေ့ရှိခဲ့ရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အိန္ဒိယနိုင်ငံမှာ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံကလေးများကို အနှစ်ချုပ်သဘောလောက် ပြန်လည်ပြီးတော့ တင်ပြပေးစေချင်ပါတယ်ခင်ဗျား။

ဆရာဝန်ကြီး။ ။အိန္ဒိယနိုင်ငံအနေနဲ့တော့ ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသဖြစ်တဲ့အတွက်ကြောင့် မှတ်မှတ်ရရ မှတ်မှတ်သားသား ကျောက်တိုင်ပဲဖြစ်ဖြစ် အထိမ်းအမှတ် ကျောက်စာတိုင်ပဲဖြစ်ဖြစ် အထိမ်းအမှတ် အဆောက်အဦပဲဖြစ်ဖြစ်တတ်နိုင်သလောက် မပျောက်မပျက်အောင် ထားရှိဖို့ကောင်းတဲ့ နေရာတွေအများကြီး တွေ့ရှိရတာကို ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့က ပထမအချက်ပါ။

ဒုတိယအချက်အနေနဲ့မြန်မာဘုန်းကြီးများဟာ အိန္ဒိယနိုင်ငံမှာ အမျိုးမျိုးသော အခက်အခဲတွေနဲ့ တွေ့ရှိနေရပေမယ့် ဗုဒ္ဓမြတ်စွာ သာသနာဟာ အိန္ဒိယနိုင်ငံမှာ ပြန့်ပွားလာအောင် ဆိုပြီးတော့ ကြိုးစားနေကြတဲ့ မြန်မာဘုန်းတော်ကြီးများကိုလဲ တတ်နိုင်သလောက် ပစ္စယာနုဂ္ဂဟ+ဓမ္မာနုဂ္ဂဟနဲ့ ဆောင်ရွက်ပေးဖို့ သင့်တော်တယ်လို့ ကျွန်တော် ယူဆပါတယ်။ သမိုင်းဝင် အဆောက်အဦများကိုလဲပဲ တတ်နိုင်သလောက် ကျွန်တော်တို့ ထိန်းသိမ်းစောင့်ရှောက်ဖို့ ကျွန်တော်တို့ မိဘ ဘိုးဘွား ဘိုးဘေးဘီဘင်တွေ လှူဒါန်းသွားတဲ့ အဆောက်အဦတွေလဲ အများကြီးတွေ့ရပါတယ်။ ဒါတွေကိုပါ ထိန်းသိမ်းစောင့်ရှောက်ထားဖို့ သင့်တော်တယ်လို့ ကျွန်တော်မြင်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့။ အင်မတန်မှ ကောင်းမွန်, မွန်မြတ်လှတဲ့ အကြံပြုချက်တစ်ရပ်ပါပဲ ခင်ဗျား။

သောတရှင်များခင်ဗျား။ အိမ်နီးချင်း ငါးနိုင်ငံ ဗုဒ္ဓသာသနာတော် လေ့လာရေးခရီးအကြောင်း ပဌမပိုင်းကို ဒီမျှနဲ့ ရပ်နားခွင့်ပြုပြီးတော့၊ ဒုတိယပိုင်းကိုတော့ နက်ဖြန်ည ၆–နာရီအချိန် ကြော်ငြာအပြီးမှာ ဆက်လက်စောင့်မျှော် နားဆင်ကြပါလို့ ပန်ကြားရင်း ဒီမျှနဲ့ ရပ်နားခွင့်ပြုပါတော့ခင်ဗျား။

* * *

http://www.dhammadownload.com

# မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏

# သာသနာပြု လုပ်ငန်းသုံးသွယ်အကြောင်း သိကောင်းစရာ

## အပိုင်း(၄) ငါးနိုင်ငံ ဗုဒ္ဓသာသနာချစ်ကြည်ရေးလေ့လာရေးခရီး(ဒုတိယပိုင်း)

**မြန်မာ့အသံကိုယ်စားလှယ်နှင့် တိ=နိ ဥပဋ္ဌာကပင်ပအဖွဲ့ ဥက္ကဋ္ဌကြီး**
**ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှတို့**
**(၂-၈-၉၁)နေ့ ဆွေးနွေးခန်း**

မြန်မာ့အသံ။ ။သောတရှင်များ ခင်ဗျား၊ ပြည်ထောင်စု မြန်မာ နိုင်ငံ တော်အစိုးရ ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာနက အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီးတော့ အိမ်နီးချင်း ငါးနိုင်ငံ ဗုဒ္ဓသာသနာတော် လေ့လာရေးခရီးကို စေလွှတ်ခဲ့ပါတယ်။အဲဒီခရီးနဲ့ ပတ်သက်လို့သိကောင်းစရာများအနက်က သွားရောက်ခဲ့ရတဲ့ ရည်ရွယ်ချက်ကစလို့ နီပေါနိုင်ငံနဲ့ အိန္ဒိယ နိုင်ငံများမှာ လေ့လာသိရှိခဲ့ရပုံများကို ပထမပိုင်းအနေနဲ့ အဖွဲ့ရဲ့ ဒုတိယခေါင်းဆောင်ဖြစ်တဲ့ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့က ဥက္ကဋ္ဌကြီး အထူးကုဆရာဝန်ကြီး ဦးသာလှနဲ့ ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒီနေ့တော့ဖြင့် ဒုတိယပိုင်းအနေနဲ့ ဆက်လက်ဆွေးနွေးတင်ပြဖို့ စီစဉ်ထားပါတယ်ခင်ဗျား။

ဆရာဝန်ကြီးခင်ဗျား။ ဆရာဝန်ကြီးတို့ ရောက်ခဲ့တဲ့ တတိယနိုင်ငံကတော့ သီရိလင်္ကာနိုင်ငံ ဖြစ်တယ်ဆိုတော့ အဲဒီနိုင်ငံမှာ ဗုဒ္ဓသာသနာတော်နဲ့ ပတ်သက်လို့ သိရှိခဲ့ရတဲ့ အချက်အလက် များကို တင်ပြ ပေးစေလိုပါတယ်ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ သီရိလင်္ကာနိုင်ငံဟာ ကျွန်တော်တို့ မြန်မာနိုင်ငံလိုပါပဲ၊ ထေရဝါဒနိုင်ငံတစ်ခု ဖြစ်ပါတယ်။ဒီသီရိလင်္ကာနိုင်ငံမှာ ကျွန်တော်တို့ မြို့သုံးမြို့ကို ရောက်ခဲ့ပါတယ်။ ကိုလမ္ဗိုမြို့ရယ်၊ ကန္ဒီမြို့ရယ်၊ အနုရာဓပူရမြို့ရယ် ဖြစ်ပါတယ်။ ဒီမြို့သုံးမြို့မှာ ဗုဒ္ဓမြတ်စွာ ဒေသနာများကိုသင်ကြားပို့ချနေတဲ့ ပုံပန်းသဏ္ဌာန်တွေဟာ ကျွန်တော်တို့ မြန်မာပြည်နဲ့ ထပ်တူထပ်မျှပဲ ဖြစ်ပါတယ်။ ပရိယတ္တိသာသနာ့တက္ကသိုလ် မြေများလဲ ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလိုပဲ လူပုဂ္ဂိုလ်များ သင်ကြားတဲ့ တက္ကသိုလ်တွေမှာလဲ ပါဠိဘာသာများကို သီးသန့် ဌာနတစ်ခု ဖွင့်လှစ်ပြီးတော့ သင်ကြားနေတာလဲ တွေ့ရှိခဲ့ပါတယ်။ ဘုန်းတော်ကြီးများအတွက် သီးသန့် ပရိယတ္တိတက္ကသိုလ်များ ရှိတာကိုလဲ တွေ့ရှိရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊သီရိလင်္ကာနိုင်ငံဟာ ဗုဒ္ဓမြတ်စွာ စွယ်တော်နဲ့ပတ်သက်လို့ မှတ်သားဖူး ပါတယ် ခင်ဗျား။ အဲဒီ

http://www.dhammadownload.com





သီရိလင်္ကာ နိုင်ငံ အနုရာဓပူရမှ မဟာဗောဓိပင်ကိုပူဇော်ကြပုံ

အကြောင်းလေးလဲ ထပ်မံပြီးတော့ ရှင်းလင်းတင်ပြပေးစေချင်ပါတယ်ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ သီရိလင်္ကာ နိုင်ငံမှာ ကျွန်တော်တို့ ရောက်ခဲ့တဲ့ မြို့သုံးမြို့မှာ ဗုဒ္ဓမြတ်စွာ စွယ်တော် ကိန်းဝပ်တော်မူရာ ကန္ဒီမြို့ကိုလဲ ရောက်ခဲ့ပါတယ်။ မြန်မာသံအမတ်ကြီးရဲ့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ရောက်ခဲ့ရခြင်း ဖြစ်ပါတယ်။ ဒီကန္ဒီမြို့မှာ ကျွန်တော်တို့လေ့လာပြီးတဲ့နောက် အနုရာဓပူရမြို့ကို ကျွန်တော်တို့ သွားခဲ့ပါတယ်။ အနုရာဓပူရမြို့ထက် ကန္ဒီမြို့မှာဘာကို ထူးထူးခြားခြား တွေ့ရသလဲ ဆိုတော့ မြန်မာနိုင်ငံက မြောက်များစွာ လှူဒါန်းထားတဲ့ အဆောက်အဦတွေ ပစ္စည်းပစ္စယတွေ အများကြီး တွေ့ရပါတယ်။ အနုရာဓပူရမြို့မှာကတော့ မိုးကုတ်မြို့က လှူဒါန်းထားတဲ့ မဟာစေတီတော်ကြီးမှာ တင်ထားတဲ့ "ပတ္တမြားစိန်ဖူးတော်ကြီး"ကို ကြည်ညိုဖွယ်ရာ ကျွန်တော်တို့ ဖူးတွေ့ခဲ့ရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား၊ ကျွန်တော်တို့ မြန်မာနိုင်ငံကထွက်ရှိတဲ့ပတ္တမြားကို တန်ဖိုးထားပြီးတော့ ပေါ့လေ။ စိန်ဖူးတော်အဖြစ် ကိုးကွယ်ထားတာဟာဖြင့် ကျွန်တော်တို့ မြန်မာတွေအတွက် များစွာ ဂုဏ်ယူဖွယ်ရာ ဖြစ်ရပါတယ်ခင်ဗျား။ သီရိလင်္ကာနိုင်ငံဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ပေါ့လေ ပရိယတ္တိ ပဋိပတ္တိအနေနဲ့ ဘယ်လိုများ ရှိပါသလဲခင်ဗျား။ အဲဒါလေးလဲ တဆိတ်လောက် နှိုင်းယှဉ်ပြီးတော့ တင်ပြပေးစေချင်ပါတယ်ခင်ဗျား။

ဆရာဝန်ကြီး။ ။သီရိလင်္ကာ နိုင်ငံမှာ ပရိယတ္တိသာသနာ့တက္ကသိုလ်များကိုလေ့လာတဲ့အခါမှာ ဆိုင်ရာ တက္ကသိုလ် အုပ်ချုပ်ရေးဘက်ဆိုင်ရာ လူကြီးများ ဆရာတော်သံဃာတော်များနဲ့ တွေ့ဆုံပြီး ဆွေးနွေးတဲ့ အချိန်အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကို အထူးတလည် ကျေးဇူးတင်စကား ပြောကြားလိုက်တာကတော့ မြန်မာနိုင်ငံကဆန်ကို ဈေးသက်သာစွာနဲ့ ဝယ်ယူသုံးစွဲရလို့ သူတို့ ဝဝလင်လင် စားသုံးနေရတဲ့ အတွက်ကြောင့် အထူးပဲ ကျေးဇူးတင်တဲ့ အကြောင်းကို အလေးအနက်ထားပြီး ပြောကြားသွားပါတယ်။

http://www.dhammadownload.com



စာပေ သင်ကြား ပို့ချပုံကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ တူပါတယ်။ သို့သော် ပြည်ပနိုင်ငံ တွေကနေပြီးတော့ လာရောက်ပြီးတော့ ဗုဒ္ဓစာပေ များကို သင်ကြားပို့ချလို့ ရှိရင်လဲ သူတို့ ခွင့်ပြုတဲ့ အကြောင်း၊ အချိန်ကာလ အကန့်အသတ် မရှိဘဲနဲ့ လက်ခံပြီးတော့ စတိုင်ပင်ခေါ်တဲ့ ထောက်ပံ့ကြေး များလဲ ပေးပြီးတော့နေတဲ့ အကြောင်း များကို ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး= ပစ္စည်းလေးပါး လဲပဲ သူတို့ထောက်ပံ့ပေးထားတဲ့ အကြောင်းများ ကို ပြောကြားလိုက်ပါတယ်။

မြန်မာ့အသံ။ ။ဆရာဝန်ကြီးခင်ဗျား၊ သီရိလင်္ကာ နိုင်ငံမှာသာသနာရေးတက္ကသိုလ် များမှာ ဗုဒ္ဓစာပေနဲ့ ပတ်သက်လို့ ဘယ်ပုံ ဘယ်နည်း သင်ကြားနေတဲ့အကြောင်းကို သောတရှင် များ သိရှိရလေအောင် ရှင်းလင်းဆွေးနွေးတင်ပြ ပေးစေချင်ပါတယ်ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ကျွန်တော်တို့ မြန်မာ နိုင်ငံမှာရှိတဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်လိုပါပဲ။ သူတို့က အင်္ဂလိပ်လို သီရိလင်္ကာဘာသာလို ပါဠိလို သက္ကတလို ဒီလို လေးဘာသာနဲ့ သင်ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ အင်္ဂလိပ်လို မြန်မာလို ပါဠိလို သက္ကတလို နာဂရီဘာသာလို သင်ကြားရပါတယ်။ သူတို့နိုင်ငံမှာတော့ နာဂရီဘာသာကို မသုံးပါဘူး။ မသင်ပါဘူး၊ ဒါလောက်ပဲ ကွာခြားမှု ရှိပါတယ်။ တခြားသင်ပြတဲ့ သင်ရိုး ညွှန်းတမ်းတွေ ကတော့ အနည်းငယ် ကွာခြားမှုတွေရှိပါတယ်။

မြန်မာ့အသံ။ ။အဲဒီလို သီရိလင်္ကာနိုင်ငံ မှာပေါ့ လေ၊ လေ့လာရေးခရီးသွားရတဲ့ အခါမှာသီရိလင်္ကာ အကြောင်းနောက်ဆုံးအနေနဲ့ ပေါ့၊ ခြုံငုံသုံးသပ်ပြီးတော့ အတွေ့အကြုံကလေးကို တင်ပြ ပေးစေချင်ပါတယ်ခင်ဗျား။

⇩ သီရိလင်္ကာနိုင်ငံ၊ ပါဠိတက္ကသိုလ်၌ ဆွေးနွေးကြစဉ် ⇩



http://www.dhammadownload.com





အဂ္ဂါဘိဓဇ ပဲခူးမြို့မဆရာတော်ဘုရားကြီးအား ဂျပန်လက်ရာဆင်းတုတော် ဆက်ကပ်နေစဉ်

<u>ဆရာဝန်ကြီး။</u> ။ဟုတ်ကဲ့ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ သီရိလင်္ကာနိုင်ငံ ဒီနှစ်နိုင်ငံဟာ ရှေးယခင်က နှစ်ပေါင်း များစွာကတည်းက ဘာသာရေးကို အခြေခံပြီး ဆက်သွယ်ခဲ့တဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်ပါတယ်။ဖြစ်ခဲ့တဲ့အားလျော်စွာ အခုလဲပဲ သီရိလင်္ကာနိုင်ငံက ဗုဒ္ဓဘာသာဝင်သူတော်စင်များ ဘုန်းတော်ကြီးများဟာ မြန်မာပြည်ကိုလာရောက်လိုတဲ့ဆန္ဒ ပြင်းပြနေတာလဲ တွေ့ရပါတယ်။ပရိယတ္တိ သင်ကြားရေးမှာလဲပဲ ဒီကိုလာရောက်ပြီး သင်ကြားလိုတဲ့ ပုဂ္ဂိုလ်များလဲ ရှိပါတယ်။ ပဋိပတ်ပါကလဲ လာရောက်ပြီးတော့ ပို့ချလိုတဲ့ ဆရာတော်ကြီးတွေ နာမည်ကြီးစာရေးဆရာကြီးတွေ နာမည်ကြီး စာရေးဆရာ ဘုန်းတော်ကြီးများနဲ့လဲ ကျွန်တော်တို့ တွေ့ဆုံခဲ့ရပါတယ်။

<u>မြန်မာ့အသံ။</u> ။ဟုတ်ကဲ့ခင်ဗျား။ ဆရာဝန်ကြီးခင်ဗျား။ သီရိလင်္ကာနိုင်ငံရဲ့ အတွေ့အကြုံတွေကိုတော့ တော်တော်ကလေး ပြည့်ပြည့်စုံစုံ သိရပါပြီခင်ဗျ။ နောက်ရောက်ခဲ့တဲ့ ဂျပန်နိုင်ငံအကြောင်း တင်ပြပေးပါခင်ဗျား။

<u>ဆရာဝန်ကြီး။</u> ။ဂျပန်နိုင်ငံမှာကတော့ မဟာယာနဂိုဏ်းကို ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းတွေပဲ ဖြစ်ပါတယ်။ ဒီမဟာယာနဂိုဏ်းဟာ အခုအနေနဲ့ ကျွန်တော်တို့ ထေရဝါဒကို တော်တော်လေး အလေးထားတာကို တွေ့ရှိခဲ့ရပါတယ်။ ထေရဝါဒဂိုဏ်းက ဆရာတော် ဘုရား

http://www.dhammadownload.com



ကြီးများ ကြွရောက်လာတယ်ဆိုတာနဲ့ တစ်ပြိုင်နက် သူတို့ ဂျပန်နိုင်ငံမှာရှိတဲ့ အထူးအားဖြင့် အာရှ ဗုဒ္ဓဘာသာအသင်းကနေ ခေါင်းဆောင်ပြီးတော့ မြန်မာသံအမတ်ကြီးနဲ့ ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ကို ခရီးစဉ်အစကနေ အဆုံးအထိ လိုလေသေးမရှိ လိုက်လံပြီး ပြုစုပေးခဲ့ပါတယ်။

<u>မြန်မာ့အသံ</u>။ ။ဂျပန်နိုင်ငံကို ရောက်တဲ့အခါမှာ ကျွန်တော်တို့ မြန်မာဘုန်းကြီးကျောင်းတွေကော တော်တော်များများလေးတွေ့ရှိခဲ့ရပါသေးလား ခင်ဗျား။

<u>ဆရာဝန်ကြီး</u>။ ။ဟုတ်ကဲ့။ အခုန ကျွန်တော်တင်ပြတဲ့အတိုင်းပဲ မြန်မာသံအမတ်ကြီးနဲ့ အာရှ ဗုဒ္ဓဘာသာအသင်းတို့ ညှိနှိုင်းစီစဉ်တဲ့နေရာမှာ ကျွန်တော်တို့ မြန်မာဘုန်းတော်ကြီးကျောင်းကနေပြီးတော့ ဂျပန်စကားကို တော်တော်ကို လည်လည်ပတ်ပတ် ပြောနိုင်ဆိုနိုင်တဲ့ ဘာသာပြန်တစ်ယောက် လိုတယ်ဆိုပြီး သတ်မှတ်ပြီးတော့ ဆရာတော်ဦးခေမိန္ဒကို ကျွန်တော်တို့နဲ့ တွဲဖက်ပြီးတော့ ဘာသာပြန်ပေးဖို့ တာဝန်ပေးတဲ့အတွက် ဆရာတော်ဟာ ကျွန်တော်တို့နဲ့ တောက်လျှောက်ခရီးဆုံးတဲ့အထိ ပါဝင်ခဲ့ပါတယ်။ အဲဒီဆရာတော် သီတင်းသုံးတဲ့ မိုဂျီမြန်မာဘုန်းတော်ကြီးကျောင်းက ကျောင်းထိုင် ဆရာတော်ဘုရားကြီးဟာ နှစ်ပေါင်းလေးဆယ်ကျော်မျှ မြန်မာပြည်ကနေပြီး ဂျပန်နိုင်ငံမှာ သီတင်းသုံးနေပြီးတော့ ဂျပန်စာပေတွေကိုလဲ တတ်မြောက်တဲ့အားလျော်စွာ ပိဋကသုံးပုံကို အခု ဂျပန်လိုဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေနေတာလဲ တွေ့ရှိခဲ့ရပါတယ်။

<u>မြန်မာ့အသံ</u>။ ။ဟုတ်ကဲ့ခင်ဗျား။ အခုလို မြန်မာလူမျိုးတစ်ယောက်ဟာနှစ်ပေါင်းလေးဆယ်ကျော် သာသနာ့ဝန်ကို ထမ်းပြီးတော့ ပိဋကသုံးပုံကို ဂျပန်လိုပြန်ရေးပြီးတော့ ထုတ်ဝေဖို့



⬇ သာသနာရေး ချစ်ကြည်ရေးအဖွဲ့ ဒုတိယခေါင်းဆောင် ဆရာဝန်ကြီး ဦးသာလှက ဂျပန်–မြန်မာ သာသနာရေးကို ချစ်ကြည်စွာ တုံ့ပြန် ပြောကြားနေစဉ် ⬇

http://www.dhammadownload.com



ကြိုးစားနေတာကို သိရလို့ အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်ခင်ဗျား။ သာသနာရေးနဲ့ ပတ်သက်လို့ ဂျပန်မှာ တွေ့ရှိခဲ့ရပုံကလေးတွေ ကိုတော့ အတော်ကလေး ပြည့်ပြည့်စုံစုံ သိရပါပြီ ခင်ဗျား။ တခြားဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ အပြင်ပေါ့လေ တခြားပုဂ္ဂိုလ်များနဲ့ တွေ့ခဲ့ရတာများကော ရှိပါသေးသလား ခင်ဗျား။ ရှိခဲ့လို့ရှိရင်လဲ အဲဒီအတွေ့အကြုံလေးကိုလဲ ဆွေးနွေးတင်ပြပေးစေချင်ပါတယ် ခင်ဗျ။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ အထူးအားဖြင့် ဂျပန်နိုင်ငံမှာ သတင်းထောက်များနဲ့ ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ သတင်းထောက်များဟာ ကျွန်တော်တို့ တည်းခိုတဲ့ နေရာကို လာရောက်ပြီးတော့ တွေ့ဆုံပါတယ်။ အာရှဗုဒ္ဓဘာသာအသင်းကနေအထူးစီစဉ်တွေ့ဆုံပြီးတော့ ကျွန်တော်တို့နဲ့ ဆွေးနွေးခဲ့ရတာလဲ တော်တော်လေး အောင်မြင်မှုရှိတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျ၊ ဆရာဝန်ကြီးတို့ ဂျပန်နိုင်ငံမှာ ဘာသာရေးနဲ့ ပတ်သက်လို့ လေ့လာခဲ့ရာမှာ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံအရပေါ့လေ၊ တခြားတင်ပြစရာများ ရှိခဲ့လို့ရှိရင် ဆရာဝန်ကြီး အနေနဲ့ တင်ပြပေးစေချင်ပါတယ် ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ အထူးအားဖြင့် ဂျပန်နိုင်ငံက သတင်းထောက်တွေက ကျွန်တော်တို့ကို ''ဒီ-ဂျပန်နိုင်ငံကို လာရောက်တာဟာ အလှူခံဖို့လာတာလား''ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီ''အလှူခံဖို့ လာတာလား''ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အနေနဲ့ ကျွန်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာများ အနေနဲ့ လှူတဲ့နေရာမှာ သုံးမျိုးရှိပါတယ်။ ပေးကမ်းခြင်း+စွန့်ကြဲခြင်း+လှူဒါန်းခြင်း။ လှူဒါန်းခြင်းဆိုတာက သာသနာ့ကိစ္စဖြစ်ပါတယ်။ သာသနာ့ကိစ္စမှာတော့ လှူနိုင်တန်းနိုင်တဲ့ အကြောင်းကိုသာ ပြောပြရပါတယ်။စေတနာဒါနသည်အရင်းခံဖြစ်တဲ့အကြောင်းကို ကျွန်တော် အကျယ်တဝင့် ရှင်းလင်းပြပါတယ်။ စေတနာ အရင်းခံဖြစ်တဲ့အလျောက် ဘယ်လိုလှူနိုင်တယ် ဘာတွေလှူနိုင်တယ် စသည်ဖြင့် ကျွန်တော်တို့ ဒါလောက်ပဲ တင်ပြဖို့တော့ ရှိပါတယ်။ ဒါကို တင်ပြပါဆိုရင်လဲ တင်ပြရုံပဲရှိပါတယ်။ အလှူခံဖို့ လာတာကတော့ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာ ကိုးကွယ်ကြတဲ့ နိုင်ငံတွေဟာ စုစုစည်းစည်းနဲ့ သာသနာ့ကိစ္စများကို စုပေါင်းဆောင်ရွက်ဖို့ကို အလေးထားပြီးတော့ ကျွန်တော်တို့ သာသနာရေး ချစ်ကြည်ရေး ဆောင်ရွက်ဖို့ လာရောက်ခြင်း ဖြစ်ပါတယ်လို့ ကျွန်တော်ဖြေကြားခဲ့ရပါတယ်။


မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဆရာဝန်ကြီးရဲ့ မိန့်ကြားချက်ဟာ ဂျပန်နိုင်ငံက ပုဂ္ဂိုလ်များသာမကဗုဒ္ဓဘာသာဝင်များအတွက်ပါ အင်မတန်မှ အကျိုးရှိတဲ့စကားများ ဖြစ်ပါတယ် ခင်ဗျား။ အဲဒီတော့ ဆရာဝန်ကြီးရဲ့ ရှင်းပြချက်ပေါ်မှာ မူတည်ပြီးတော့ ဒီဂျပန်က သတင်းထောက်တွေ အနေနဲ့ ဘယ်လိုများ တုံ့ပြန်ပြီးတော့ ပြန်လည်ပြောကြားခဲ့ပါသလဲ ခင်ဗျား။

ဆရာဝန်ကြီး။ ။အထူးအားဖြင့် သူတို့ တော်တော် နှစ်သက် သဘောပေါက်သွားတာကတော့ **ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ နိုင်ငံပေါင်းစုံ စုစည်း၍ ဗုဒ္ဓဘာသာ သာသနာတော်အတွက်ကို စုပေါင်း ဆောင်ရွက် သင့်တယ်** ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ဒါ အာရှ ဗုဒ္ဓဘာသာအသင်းအနေနဲ့လဲ ကျွန်တော်တို့ ဒီလို ဖြေကြားမှုကို ရတော့ အထူးပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်။

**အာရှဗုဒ္ဓဘာသာအသင်း** ဆိုတာ ကျွန်တော်တို့ မိတ္ထီလာမှာ နဂါးရုံ မဟာဗောဓိ စေတီတော်ကြီးကို တည်ထား ကိုးကွယ်ခဲ့ပြီးတဲ့နောက် ကျွန်

http://www.dhammadownload.com





ဂျပန်နိုင်ငံ၊ အာရှဗုဒ္ဓဘာသာအသင်းမှ လှူဒါန်းသော မော်တော်ယာဉ်များ

တော်တို့ တိပိဋက=နိကာယ သာသနာပြု အဖွဲ့ကို မော်တော်ယာဉ်ငါးစီး လှူဒါန်းထားတဲ့ အသင်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ အာရှဗုဒ္ဓဘာသာ အသင်း က ဦးဆောင်ပြီးတော့ ဂျပန်နိုင်ငံမှာရှိတဲ့ မဟာ ယာန ဂိုဏ်းပေါင်းစုံက စုပေါင်းပြီး ကျွန်တော်တို့ သာသနာ့တက္ကသိုလ်ကြီးမှာ အဆောက်အဦတစ်ခု ဆောက်လုပ် လှူဒါန်းဖို့လဲပဲ စကား ကမ်းလှမ်း လိုက်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဂျပန်နိုင်ငံ ခရီး တော့ တော်တော်လေးပြည့်ပြည့်စုံ သိရပါပြီ ခင်ဗျား။ နောက်ထပ် နိုင်ငံက ထိုင်းနိုင်ငံနော်၊ ထိုင်းနိုင်ငံရောက်တဲ့ အခါမှာလဲ ဆရာဝန်ကြီး ပါဝင်တဲ့ အဖွဲ့ဟာ ဘယ်ပုံ ဘယ်နည်း လေ့လာခဲ့တယ်၊ ဘာတွေ တွေ့ရှိခဲ့ရတယ်။ ဗုဒ္ဓ သာသနာသုံးရပ်အတွက် ဘာတွေများ အကျိုး အမြတ် ရှိခဲ့တယ်ဆိုတဲ့ အကြောင်းကိုလဲ သောတ ရှင်များ ကြည်ညိုသဒ္ဓါ ပွားနိုင်အောင် တဆိတ် လောက် ရှင်းလင်း ဆွေးနွေး တင်ပြပေးစေချင်ပါ တယ်ခင်ဗျား။

ဆရာဝန်ကြီး။ ။ထိုင်းနိုင်ငံကတော့ ကျွန်တော် တို့ မြန်မာနိုင်ငံနဲ့လဲ အိမ်နီးချင်း အနီးကပ်ဆုံးနိုင်ငံ ဖြစ်ပါတယ်။ ထေရဝါဒ ဗုဒ္ဓ ဘာသာကို ကိုးကွယ်တဲ့ နိုင်ငံလဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ထိုင်းနိုင်ငံအနေနဲ့ ထူးခြားချက်တွေ များစွာတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ ထိုင်းနိုင်ငံ မှာနေထိုင်တဲ့ အချိန်ကာလအတွင်းမှာ ထိုင်းနိုင်ငံ အစိုးရကိုယ်တိုင် ကျွန်တော်တို့ရဲ့ သွားရေး လာ ရေး နေရေး ထိုင်ရေး အစစကို မြန်မာသံအမတ် ကြီးနဲ့ ညှိနှိုင်းပြီးတော့ လိုလေသေးမရှိ စီစဉ် ဆောင်ရွက်ပေးတာကို တွေ့ရပါတယ်။ ပရိယတ္တိ ပါဠိစာပေများနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံလိုပဲ ဘုန်းကြီးကျောင်းများ အတွက် သီးသန့် တက္ကသိုလ်များလဲ ရှိပါတယ်၊ ပရိယတ္တိ သာသနာ့တက္ကသိုလ်များရှိတဲ့နေရာမှာ မြန်မာနိုင်ငံ နဲ့ ကွာခြားတာကတော့ သူတို့ပရိယတ္တိ ဗုဒ္ဓစာ ပေများအပြင် လောကီပညာများဖြစ်တဲ့ ပထဝီတို့

http://www.dhammadownload.com





⇦ ထိုင်းနိုင်ငံ ဘုရင် မင်းမြတ်၏ မယ်တော် ကိုးကွယ်သောဝိဝေကအာရုံကျောင်း၀မှ ကြိုဆိုပုံ....

သမိုင်းဘို့ သချ်ာတို့ စသည်ဖြင့် အစုံ သင်ပေးပါတယ်။ သင်တဲ့နေရာမှာ အင်္ဂလိပ်လိုအရေး အသား အဟောအပြော အားလုံး တတ်ကျွမ်းအောင်ကို အထူး အလေးထားပြီး သင်ကြားပေး နေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဗုဒ္ဓဘာသာဟာ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှာ ပေါ့လေ ထိုင်းနိုင်ငံဟာ အတော်ကလေး ဗုဒ္ဓဘာသာကို အလေးထား ကိုးကွယ်တဲ့ နိုင်ငံလို့သိရပါတယ်ခင်ဗျား။ ဒီတော့ လူဦးရေအနေနဲ့ပေါ့လေ ဗုဒ္ဓ ဘာသာကို ဘယ်နှစ်ရာခိုင်နှုန်းလောက်များ ကိုးကွယ်မှု ရှိပါသလဲခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ် ကဲ့၊ ကျွန် တော် သိ ရ သလောက် ကတော့ ကိုးဆယ် (၉၀%) ရာခိုင်နှုန်းကျော်မျှဟာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်လို့ သိခဲ့ရပါတယ်။

အဲဒီလိုဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် ဆောင်ရွက်တဲ့အခါမှာ ထိုင်းနိုင်ငံအနေနဲ့ပေါ့လေ ဘယ်လိုဘာသာမျိုးတွေနဲ့များ သင်ကြားပြီးတော့ ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ပါသလဲခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ အထူးအားဖြင့် ထိုင်း နိုင်ငံဖြစ်တဲ့ အတိုင်း ယိုးဒယား ဘာသာ အင်္ဂလိပ် ဘာသာနဲ့ ပါဠိ ဘာသာကို အလေးထားပြီးတော့ ပရိယတ္တိပညာရေးမှာ သင်ကြားပို့ချနေတာကို တွေ့ရှိခဲ့ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဆရာဝန်ကြီးတို့ လေ့လာခဲ့တဲ့ နိုင်ငံများ အနက်ကပေါ့လေ ဒီ ထိုင်းနိုင်ငံဟာ ဘာသာရေးကို အတော်ကလေး လိုက်စားတယ်ဆိုတော့ ဘာသာရေးကိစ္စကို ဆောင်ရွက်တဲ့အခါမှာ ထူးခြားချက်များ ရှိခဲ့လို့ရှိရင်လဲ သောတရှင်များ ဗဟုသုတ ပွားရလေအောင် တဆိတ်လောက် တင်ပြပေးစေချင်ပါတယ် ခင်ဗျား။

ဆရာဝန်ကြီး။ ။ထိုင်းနိုင်ငံမှာ သံဃာ့ရာဇာရှိပါတယ်။ သံဃာ့ရာဇာဟာ ထိုင်း


http://www.dhammadownload.com



နိုင်ငံရဲ့ ဘုရင်ကိုယ်တိုင် ခန့်ထားပြီးတော့ တင်မြှောက်တဲ့ ဆရာတော်ဘုရားကြီး ဖြစ်ပါတယ်။ ဒီထိုင်းနိုင်ငံ သံဃာ့ရာဇာနဲ့လဲ ကျွန်တော်တို့ တွေ့ဆုံခဲ့ရပါတယ်။ ကျွန်တော်တို့ဥက္ကဋ္ဌဆရာတော်ဘုရားကြီးနဲ့လဲ ရင်းရင်းနှီးနှီး အာလာပသလ္လာပ သာသနာရေး ကိစ္စအဝဝတွေကိုလဲ ပြောကြားခဲ့ပါတယ်။ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အချင်းချင်းလဲ တွေ့ဆုံပြီးတော့ ချစ်ကြည်ရင်းနှီးမှုကိုလဲ ရရှိခဲ့ပါတယ်။ ထိုင်းနိုင်ငံရဲ့ ထူးခြားတာလေး တစ်ချက်ကတော့ ကျွန်တော့်အနေနဲ့ သဘောကျတာတစ်ခု ပါဝင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ပရိယတ္တိ စာမေးပွဲတွေ ထိုင်းနိုင်ငံမှာလဲ ဗမာပြည်လိုပဲ အဆင့်ဆင့် ရှိပါတယ်။ အောင်မြင်ပြီးတဲ့ အခါမှာ သူ့အဆင့်နဲ့သူ လိုက်လျောညီထွေဖြစ်အောင် ထိုင်းနိုင်ငံရဲ့ သံဃာ့ရာဇာက စေလွှတ်တဲ့ ဒေသတွေမှာ သွားပြီးတော့ သာသနာပြုကြရပါတယ်။ သာသနာပြုပြီးလို့ သတ်မှတ်တဲ့ အချိန်ကာလ ပြီးဆုံးတဲ့အခါကျမှ အောင်လက်မှတ်များ ထုတ်ပေးတဲ့ စနစ်ပဲ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အဲဒီလို ဆောင်ရွက်ခြင်းဟာ ကျွန်တော်တို့ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် အင်မတန်မှ လိုရောက်ပြီးတော့ သာသနာ ပြုရာမှာလဲပဲ ခရီးရောက်တဲ့ လုပ်ငန်းရပ်တစ်ရပ် ဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်ခင်ဗျား။ အဲဒီတော့ ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ မြန်မာဘုန်းကြီးကျောင်း တော်တော်များများ ရှိတယ်လို့ သိရပါတယ် ခင်ဗျား။ အဲဒီအကြောင်းလေးကို ဆွေးနွေး တင်ပြပေးစေချင်ပါတယ် ခင်ဗျား။


ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ ထိုင်းနိုင်ငံမှာတော်တော်များတယ်လို့ ကျွန်တော် ကြားသိခဲ့ရပါတယ်။ ကျွန်တော်တို့ဗန်ကောက်၊ လန်းပန်း၊



မဟာ သံဃနာယက ဥက္ကဋ္ဌ၊ ပဲခူး ဆရာတော်ကြီးအား ထိုင်း နိုင်ငံမှ ကြိုဆို ဂါရဝ ပြုကြပုံများ ⇨

http://www.dhammadownload.com





ထိုင်း နိုင်ငံ၌ ပဲခူးမြို့မ ဆရာတော်ကြီးနှင့် အဖွဲ့ ဘုရား ကျောင်း ကန် စေတီပုထိုး များသို့ ကြွ ရောက် ပူဇော်ကြစဉ်....

ဇင်းမယ်၊ အယုဒ္ဓယမြို့များကိုလဲ ရောက်ခဲ့ပါတယ်။ အဲဒီ မြို့ကြီးလေးမြို့မှာ မြန်မာ ဘုန်းတော်ကြီး ကျောင်းတွေကို တော်တော်များများ တွေ့ခဲ့ရပါတယ်။ ဒီမြန်မာ ဘုန်းတော်ကြီး ကျောင်းတွေရဲ့ သမိုင်းကိုကြည့်လို့ ရှိရင် အဆောက်အဦ မြင်တာနဲ့ မြန်မာ့လက်ရာနဲ့ မြန်မာလူမျိုးများ ဆောက်လုပ် လှူဒါန်းထားတာ တွေ့ခဲ့ရပါတယ်။ ဒီအဆောက် အဦးများကို တွေ့ရတော့ ကျွန်တော်တို့ မြန်မာပြည် ကို ပြန်ရောက်နေ သကဲ့သို့ပင် ဖြစ်နေပါတယ်။ ဒါကြောင့် ရှေးမြန်မာမင်းများလက်ထက်ကတည်း က ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ နှစ်နိုင်ငံဟာ တစ်နိုင်ငံ သဘောမျိုး ကူးလူး ဆက်ဆံ သွားလာ လုပ်ကိုင် ဆောင်ရွက်နေမှုဟာ အတော်ပဲ ထင် ရှားတယ်ဆိုတာကို ဖော်ပြလျက်ရှိတာကို တွေ့ရှိရ ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား။ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ သာသနာရေး ကိစ္စသာမက အနုပညာ ပန်းပုပန်းချီ လက်ရာများ ပါ ကူညီစေတယ်ဆိုတော့ အင်မတန်မှပဲ ကျွန် တော်တို့ ဝမ်းမြောက်စရာကောင်းလှပါတယ် ခင် ဗျား။ ဆရာဝန်ကြီးခင်ဗျား။ ထိုင်းနိုင်ငံနဲ့မြဘုရား၊ မြဘုရားနဲ့ ထိုင်းနိုင်ငံဟာ ခွဲခြားလို့ မရပါဘူး။ ဒီတော့ကာ ထိုင်းနိုင်ငံဆိုရင် မြဘုရားအကြောင်း ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာတိုင်းက သိကြပါတယ် ခင်ဗျား။ ဆရာဝန်ကြီးတို့အဖွဲ့ဟာလဲပဲ မြဘုရားကို သွားရောက်ပြီးတော့ ဖူးမြော်ခဲ့ရလိမ့်မယ်လို့ ယူဆ ပါတယ်။ အဲဒီ အကြောင်းကို သော တ ရှင် များ ကြည်ညို သဒ္ဒါပွား နိုင်အောင် တ ဆိတ် လောက် ရှင်းလင်း ဆွေးနွေးတင်ပြ ပေးစေချင် ပါတယ်ခင်ဗျား။

ဆရာဝန်ကြီး။ ။ပန်ကောက်မြို့မှာရှိတဲ့ မြဘုရား ဟာ ထိုင်းနိုင်ငံရဲ့ ဦးစီးထိပ်ခေါင် ဖြစ်ပါတယ်၊ ဒီလို မြဘုရားဟာ ကမ္ဘောဒီးယား မှာလဲရှိပါတယ်၊ ဒီမြဘုရားကို ဥက္ကဋ္ဌ ဆရာတော် ဘုရားကြီးနဲ့အတူတူ ကျွန်တော်တို့ သွားရောက် ဖူး

http://www.dhammadownload.com



မြော်ဖို့ကို ထိုင်းနိုင်ငံအစိုးရက အထူးအစီအစဉ် တစ်ရပ်အနေနဲ့ အများပြည်သူများ ဖူးမြော်ရတဲ့ နေရာအပြင် သီးသန့်နေရာကို ပြုလုပ်စီမံပေးလို့ ကျွန်တော်တို့ ဖူးခဲ့ရပါတယ်။ ဒီမြတ်ဘုရားအကြောင်းကို ပြောလိုက်တော့ ကျွန်တော်တို့ သွားခဲ့ရတဲ့ နိုင်ငံတွေမှာ အဓိကရဖူးမြော်သင့်တဲ့ နေရာများကို ကျွန်တော်သတိရလာပါတယ်။ ဥပမာ ထိုင်းနိုင်ငံမှာဆိုရင် မြဘုရားနဲ့ ရွှေဘုရားဟာ မလွဲမသွေ ရောက်ပြီးတော့ ဖူးမြော်ခဲ့ရမယ့် ဆင်းတုတော်ကြီးနှစ်ဆူဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရွှေတိဂုံစေတီတော်နဲ့ မဟာမုနိဘုရားလိုပါပဲ။ အလားတူပဲ ကျွန်တော်တို့ ဂျပန်နိုင်ငံမှာဆိုလျှင်လဲ နာရာနဲ့ ကမာကူရမြို့မှာရှိတဲ့ ဆင်းတုတော်ကြီးနှစ်ဆူဟာ အနည်းဆုံးနှစ်ပေါင်း တစ်ထောင် (၁၀၀၀)ကျော်ကနေပြီးတော့ တည်ထား ကိုးကွယ်ထားတဲ့ ဆင်းတုတော်ကြီးနှစ်ဆူဖြစ်လို့ အင်မတန် ဖူးမြော်ထိုက်တာကို ကျွန်တော်တို့အမှတ်ရပါတယ်။ အိန္ဒိယနိုင်ငံမှာလဲ ဗုဒ္ဓနဲ့ ပတ်သက်တဲ့ နေရာတွေ အများကြီးရှိတဲ့အနက်မှာ ကျွန်တော်တို့ မဟာဗောဓိဒေသနဲ့ ကုသိနာရုံဟာတော့ မလွဲမသွေ ရောက်ရှိဖို့ကောင်းပါတယ်။ သီဟိုဠ်နိုင်ငံလို့ခေါ်တဲ့ သီရိလင်္ကာနိုင်ငံမှာတော့ ကန္ဒီစွယ်တော်နေရာနဲ့ အနုရာဓပူရမှာရှိတဲ့ မဟာစေတီတို့ဟာ အင်မတန် သွားရောက် ဖူးမြော်ထိုက်တဲ့နေရာတွေ ဖြစ်တာကို အတွဲလိုက်နှစ်ခုစီ ကျွန်တော် ပြန်လည်ပြီးတော့ သတိရမိပါတယ်။

<u>မြန်မာ့အသံ။</u> ။ဆရာဝန်ကြီးခင်ဗျား။ ငါးနိုင်ငံခရီးကို သွားရောက်တဲ့အခါမှာ ရရှိခဲ့တဲ့ အကျိုးကျေးဇူးများကိုလဲ နောက်ဆုံးအနေနဲ့ သိပါရစေဦးခင်ဗျား။

<u>ဆရာဝန်ကြီး။</u> ။ကျွန်တော်တို့ ဒီလိုသွားရောက်ပြီးတော့ လေ့လာခဲ့တဲ့ အောင်မြင်မှုအပြင် ရရှိတဲ့ အကျိုးကျေးဇူးတွေကတော့ အချင်းချင်း မိတ်ဆွေသင်္ဂဟအဖြစ် သာသနာရေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မယ့်ပုဂ္ဂိုလ်များ အဖြစ် တည်ရှိခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆက်သွယ်ဆောင်ရွက်နိုင်ခွင့် ရတာဟာ အောင်မြင်မှုကြီးတစ်ခု ဖြစ်ပါတယ်။ ဒါကို အခြေခံပြီးတော့ နိုင်ငံအချင်းချင်းလဲပဲ ရင်းနှီးချစ်ခင်ပြီးတော့ သာသနာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စအဝဝတွေကို ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မယ်လို့လဲ ကျွန်တော်တို့ မြင်မိပါတယ်။ သာသနာရေးကို အခြေခံပြီးတော့ ချစ်ကြည်ရေးကို မူတည်ပြီးတော့ များစွာပေါ်ပေါက်အောင်မြင်လာမယ့် ကိစ္စအဝဝတွေလဲပဲ အများကြီးဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ပရိယတ္တိ ပညာရေး အတွက်ကတော့ ဆည်းပူးပြီးတော့ဖလှယ်ကြဖို့အတွက်လဲပဲ အသိပညာရခဲ့ကြပါတယ်။ အကျိုးကျေးဇူးများလဲ များစွာရှိပါတယ်။ မြန်မာဘုန်းတော်ကြီးကျောင်းများကိုတော့ ပစ္စည်းများ လှူဒါန်းဖို့ကို ကျွန်တော် ခုန တင်ပြပြီး ဖြစ်ပါတယ်။ ဘာသာရေးကို အကြောင်းပြုပြီးတော့ နိုင်ငံရေး စီးပွားရေး ချစ်ကြည်ရေးများ ပိုမိုပြီးတော့လဲ တိုးတက်လာနိုင်ပါတယ်လို့ ကျွန်တော် မြင်ပါတယ်။

ငါးနိုင်ငံစလုံးကို အပြန်အလှန် လာရောက်လေ့လာနိုင်ဖို့ကိုလဲ ကျွန်တော်ဖိတ်ကြားခဲ့ပါတယ်။ ဖိတ်ကြားခဲ့တဲ့ အားလျော်စွာ အခုဂျပန်နိုင်ငံနဲ့ ထိုင်းနိုင်ငံများကနေပြီးတော့ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မှာ အဆောက်အဦ တစ်ခုစီ လှူဒါန်းဖို့ ကမ်းလှမ်းပြီး မကြာခင် လာရောက်ပြီးတော့ ကျွန်တော်တို့နဲ့ ဆွေးနွေးညှိနှိုင်းပြီး လှူဒါန်းဖို့လဲ စီစဉ်မှုဟာ ပေါ်ပေါက်လာပါတယ်။ အခုလို ဘာသာရေးနဲ့ ပတ်သက်ပြီး ငါးနိုင်ငံချစ်ကြည် ရင်းနှီးမှုကြောင့် ''ဗုဒ္ဓမြတ်စွာဒေသနာ ကမ္ဘာအနှံ့ ပြန့်စေဖို့'' ဆိုတဲ့ ကျွန်တော်

http://www.dhammadownload.com

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

## ဥက္ကဋ္ဌ ဆရာတော် ခေါင်းဆောင်သော ငါးနိုင်ငံ ပရိယတ္တိ သင်ကြားမှု

# လေ့လာရေးအဖွဲ့ ပြန်လည်ရောက်ရှိ

# ဝန် ကြီး ဒု တိ ယ ဗိုလ် ချုပ် ကြီး ဘုန်းမြင့်

## အတွင်းရေးမှူး(၂)ဗိုလ်ချုပ်တင်ဦးနှင့်အဖွဲ့ ဂါရဝပြုကြိုဆို

ရန်ကုန် ဇွန် ၂၈

အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနှင့်ဂျပန်နိုင်ငံများသို့ ပရိယတ္တိ သင်ကြားမှု လေ့ လာ ရေး ခရီး သွားရောက်ခဲ့သည့်နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော် ဘု ရား ကြီး ဘဒ္ဒန္တ ဇာဂရ ဝါရ ဦး ဆောင် သော အ ဖွဲ့ သည် ယ နေ့ ည နေ ၃ နာ ရီ မိ နစ် ၄၀ တွင် ထိုင်းနိုင်ငံ ဗန်ကောက် မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။


### ကြိုဆို

ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ ဝင် ဆရာတော် ကိုးပါးကို မင်္ဂ လာဒုံ လေဆိပ်မှ နိုင် ငံ တော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အ ဖွဲ့ ဝင် ပြည် ထဲ ရေး နှင့် သာ သ နာ ရေး ဝန်ကြီး ဌာန၊ မြန် ကြား ရေး ဝန်ကြီး ဌာန နှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၂) ဗိုလ်ချုပ် တင်ဦး၊ ရန်ကုန် တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်း မှူး ဗိုလ် ချုပ် မျိုးညွန့်၊ အမှတ်(၁၁) ခြေ မြန် တပ်မ ဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ပြည်သူ့ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးကြီး သူရ ဖေအောင်၊ မြို့တော်ဝန်ဗိုလ်မှူးကြီး ကိုလေး၊ ပြည်ထဲရေးနှင့်သာသနာ ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူး ကြီး သန်းညွန့်၊ ပြည်ထဲရေးနှင့်သာ သနာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူး ချုပ်များ၊ ဌာနအကြီးအကဲများ၊ သာသနာရေး ဦးစီးဌာနမှ အရာ ထမ်း အမှုထမ်းများက ခမ်း နား သိုက်မြိုက်စွာ ဂါရဝပြု ကြိုဆိုကြ သည်။

### မင်္ဂလာဆောင်

ရွှေဦးစွာ သာသနာရေးဦးစီး ဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦး ကျော် လွင် က လေ ယာဉ် ပေါ် သို့ တက်၍ ကြို ဆို ရေး အစီအစဉ် များ ကို ဆရာတော် ကြီးများအား လျှောက် ထား ပြီး နောက် သုတေသနမှူးဦးမင်းကြည် က ကြိုဆိုရန် အချိန်တန်ပြီ ဖြစ် ကြောင်း ကြွေးကြော်သည့်အခါ သီကြားမင်းက နမော ဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿဟု ရွတ်ဆိုရှိခိုဇယုတ္တရခရုသင်းကိုမှုတ် လျက်လည်းကောင်း၊ သန္တုသိတ နတ်သားက သာ သနာ့ အ လံ တော်ကြီးကို ဝင့်လျက် လည်း ကောင်း၊ ပဉ္စသိခ နတ်သားက စောင်းတော်ကို ပိုက်လျက် လည်း ကောင်း နေရာယူကြသည်။ ယင်း နောက် မင်္ဂလာစည်တော် စတင် တီးမှုတ်သောအခါ ဆရာတော်

ဝ ဗျက်နှာ ၂ ကော်လံ ၄ သို့ ဝ



နိုင်ငံတော် သံဃမဟာ နာယ ကအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သော ပရိယတ္တိ သင်ကြားမှု လေ့လာ ရေးအဖွဲ့အား ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဘုန်းမြင့်၊ အတွင်း ရေးမှူး(၂) ဗိုလ်ချုပ်တင်ဦး၊ တိုင်းမှူးဗိုလ်ချုပ်မျိုးညွန့်တို့က ရန်ကုန်လေဆိပ်တွင် ဂါရဝပြု ကြိုဆိုကြစဉ်။ (သတင်းစဉ်)

http://www.dhammadownload.com



တို့ ထားရှိတဲ့ဆောင်ပုဒ်ဟာလဲပဲ အောင်မြင်မှု ရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

တခြားနိုင်ငံများကလဲပဲ အခုလို ငါးနိုင်ငံကို သွားရောက်ပြီးတော့ ချစ်ကြည်မှုကို ရယူတာ ဆောင်ရွက်တာတွေ တွေ့ရှိရတဲ့ အတွက်ကြောင့် အခု ကျွန်တော်တို့ကို လာရောက်ဖို့ကို ကမ်းလှမ်းနေတဲ့ စာတွေလဲ ရောက်ရှိလာပါပြီ။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား။ အခုနင်တုန်းက ဆရာဝန်ကြီး ပြောသွားတဲ့ အထဲမှာ ချို့တဲ့တဲ့ နိုင်ငံခြားဘုန်းကြီး ကျောင်းတွေကို ထောက်ပံ့ကူညီဖို့ဆိုတဲ့အကြောင်း ပြောသွားပါတယ် ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ မြန်မာဘုန်းကြီးကျောင်းတွေဟာ ကမ္ဘာပေါ်မှာ ရှိတဲ့ နိုင်ငံအသီးသီးပေါ့လေ၊ နိုင်ငံအသီးအသီးမှာ နိုင်ငံပေါင်း ဘယ်လောက်လောက်မှာ ရှိပါသလဲ ခင်ဗျား။ အဲဒါလေးလဲ ကြားဖြတ်အနေနဲ့ သိပါရစေ ခင်ဗျ။

ဆရာဝန်ကြီး။ ။ကျွန်တော့အနေနဲ့ စင်္ကာပူနိုင်ငံကို ရောက်ခဲ့တော့ အဲဒီမှာ ပြည်ပမှာရှိတဲ့ နိုင်ငံတွေမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းများ စာရင်းကို စုစည်းထားတဲ့ စာရွက်ကလေး တစ်စောင်တော့ ရခဲ့ပါတယ်။ အဲ့ဒီရခဲ့တဲ့ စာရွက်ကလေးအရဆိုရင် အားလုံး မြန်မာဘုန်းတော်ကြီးကျောင်းပေါင်း (၅၀) ငါးဆယ်မျှရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဆရာဝန်ကြီးနဲ့ ကျွန်တော်တို့ဆွေးနွေးခဲ့ရတဲ့ ငါးနိုင်ငံ သာသနာရေးခရီးစဉ်ဟာ ဗုဒ္ဓသာသနာတော် သုံးရပ် တိုးပွားစည်ပင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်မတန်မှ ခရီးပေါက်ရောက်ခဲ့တဲ့ ခရီးစဉ်တစ်ရပ်ဆိုရင် မမှားပါဘူးခင်ဗျား။ ဒီတော့ကာ သောတရှင်များနဲ့ စာဖတ်သူများ ဗဟုသုတပွားများ-သဒ္ဓါပွားရလေအောင် ဆရာဝန်ကြီးတို့ ရောက်ခဲ့တဲ့ ငါးနိုင်ငံခရီးစဉ်အကြောင်း သိကောင်းစရာများကို စာအုပ် စာပေများနဲ့ မှတ်တမ်းတင်ထားရင်ဖြင့် နောင်လာ နောက်သားများလဲ မှတ်သားနာယူရပါမယ်။ အခုလောလောဆယ်ကျွန်တော်တို့ ရေဒီယိုနားမထောင်လိုက်ရတဲ့ ပရိသတ်များလဲ အကျိုးရှိမယ်လို့ ထင်ပါတယ်ခင်ဗျား။

ဒီတော့ကာ ဒီ ငါးနိုင်ငံခရီးစဉ်ကို စာအုပ်စာပေများနဲ့ ထုတ်လုပ်ဖို့ကော အစီအစဉ်ရှိပါသလားခင်ဗျား။ ရှိခဲ့ရင် သိပါရစေခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ အခုလို ငါးနိုင်ငံ ခရီးစဉ်နဲ့ ပတ်သက်ပြီးတော့ အများပြည်သူတို့ ကြည်ညိုသဒ္ဓါပွားများနိုင်အောင် ကျွန်တော်တို့ ပြည့်ပြည့်စုံစုံနဲ့ ရေးသားပြီးတော့ အင်္ဂလိပ်လို မြန်မာလို ဘာသာနှစ်မျိုးနဲ့ စာအုပ်ထုတ်ဝေဖို့လဲ စီစဉ်လျက်ရှိပါတယ်။ ဒီအစီရင်ခံစာကို ကျွန်တော်တို့နိုင်ငံတော်အစိုးရထံ တင်ပြပြီးတော့ အတည်ပြုချက်ရယူပြီးတဲ့အခါ ပုံနှိပ်ထားရှိပြီးတော့ လှူဒါန်းဖို့ စီစဉ်လျက်ရှိကြောင်း တင်ပြပါတယ်ခင်ဗျား။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ အခုလို ကြားသိရတဲ့အတွက် အင်မတန်မှ ဝမ်းမြောက် ဂုဏ်ယူမိပါတယ်ခင်ဗျား။အိမ်နီးချင်း ငါးနိုင်ငံ ဗုဒ္ဓသာသနာတော် လေ့လာရေးခရီးအကြောင်း သိကောင်းစရာများကို စိတ်ရှည် လက်ရှည်နဲ့ ရှင်းလင်း ဆွေးနွေးတင်ပြသွားတဲ့ အတွက် တိပိဋက=နိကာယဉပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌကြီး အထူးကု ဆရာဝန်ကြီးဦးသာလှကို အထူး ပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။

* * *

http://www.dhammadownload.com

# မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းသုံးသွယ်အကြောင်း သိကောင်းစရာ

## အပိုင်း(၆) လောနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ သံဃာတော်များအား လှူဒါန်းသော တိစိဝရိတ်သက်န်း ဒါးပန်းကြိုး စသော မဟာဒါနအကြောင်း

**မြန်မာ့အသံကိုယ်စားလှယ်နှင့် တိ=နိ ဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှတို့ (၁၆-၆-၉၁)နေ့ ဆွေးနွေးခန်း**

မြန်မာ့အသံ။ ။သောတရှင်များခင်ဗျား၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီးဟာ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှ ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့ကို ဖွဲ့စည်းပြီးတော့ ဗုဒ္ဓသာသနာတော် နှစ်ပေါင်းငါးထောင် ဘည်တံ့ခိုင်မြဲရေးအတွက် သာသနာပြုလုပ်ငန်းများကို အစဉ်တစိုက် အမြဲမပြက် ဆောင်ရွက်နေတာဟာ သောတရှင်များ အသိပဲဖြစ်ပါတယ်ခင်ဗျား။

ဒီသာသနာပြုလုပ်ငန်းများကတော့ တိပိဋကဓရ ဆရာတော်များ ပေါ်ထွန်းရေး၊ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရေးနဲ့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၊ ရန်ကုန်နဲ့ မန္တလေးမြို့များမှာ တည်ထောင်ဖွင့်လှစ်ပြီးတော့ ပရိယတ္တိစာပေများ သင်ကြားပို့ချပေးနေခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒါ့အပြင် မန္တလေးမြို့မှာလည်း [illegible] သာသနာ့ အထူးကုဆေးရုံကြီးကို သီးသန့်ဆောက်လုပ်ပြီးတော့ ဆေးဝါးများအစဉ်လှူဒါန်းပြီးတော့ သာသနာ့အာဇာနည် အရှင်သူမြတ်များရဲ့ ကျန်းမာရေးကိစ္စရပ်များကို အလေးဂရုပြု ဆောင်ရွက်ပေးနေပါတယ် ခင်ဗျား။

ဒီလို သာသနာ့ကိစ္စရပ်များကို ဆောင်ရွက်နေတဲ့ကြားက ပြည်ပသာသနာပြု လုပ်ငန်းကို အထောက်အကူ ပြုစေဖို့ လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကို သာသနာဇော်နဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းများလှူဒါန်းတယ်လို့ကြားသိရတဲ့အတွက် ဒီအကြောင်းကို သောတရှင်များအား တင်ပြနိုင်ဖို့အတွက် ကျွန်တော်ဟာ ရန်ကုန်မြို့၊ စကားဝါလမ်း၊ တိပိဋကကျောင်းတော်ဝင်းအတွင်းမှာ ရှိတဲ့ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့ကို သွားရောက်ခဲ့ပါတယ်။ အဲဒီမှာ ဥက္ကဋ္ဌဖြစ်တဲ့ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှနဲ့ တွေ့ဆုံပြီးတော့ အခုလို မေးမြန်းဆွေးနွေးခွင့်ရရှိခဲ့ပါတယ် ခင်ဗျား။

ဆရာဝန်ကြီးခင်ဗျား။ ဆရာဝန်ကြီးတို့ အဖွဲ့အနေနဲ့ လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကို ပြည်ပသာသနာပြုအနေနဲ့ ပစ္စည်းများ လှူဒါန်းတယ်လို့ သိရပါတယ်ခင်ဗျား။ အဲဒီပစ္စည်းများက ဘာပစ္စည်းတွေလဲဆိုတာ သောတရှင်များ သိရလေအောင် ပထမဆုံး အမိန့်ရှိပါခင်ဗျား။

http://www.dhammadownload.com



ဆရာဝန်ကြီး။ ။ဟုတ်ကဲ့ခင်ဗျား။ ကျွန်တော်တို့ လောနိုင်ငံနဲ့ ကမ္ဘောဒီးယား ခေါ်တဲ့ ကမ်ပူးချားနိုင်ငံကို ကျွန်တော်တို့အဖွဲ့က ဦးဆောင်ပြီးလှူတန်းမယ့်ပစ္စည်းတွေကတော့ ဒုကုဋ် နှစ်ထပ်သင်္ကန်းကြီး၊ သင်္ကန်းဒွိစုံနဲ့ ခါးပန်းကြိုးဖြစ်ပါတယ်။ နောက် ဆက်လက်ပြီးတော့ ပါဝင်လှူဒါန်းဖို့ စီစဉ်နေတာကတော့ ပိဋကတ်သုံးပုံ စာအုပ်များနဲ့ ဗုဒ္ဓဆင်းတုတော်များ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ တန်ဖိုးအနေနဲ့ ဘယ်လောက်လောက်များ ရှိပါသလဲ ခင်ဗျား။

ဆရာဝန်ကြီး။ ။ပိဋကတ်သုံးပုံ စာအုပ်နဲ့ ဗုဒ္ဓဆင်းတုတော်အပါအဝင်မဟုတ်ဘဲနဲ့ဆိုရင် သိန်းခုနစ်ဆယ်ကျော်ဖိုးမျှလောက် ရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ပိဋကတ်သုံးပုံက စာအုပ်ပေါင်း အရေအတွက် ဘယ်လောက်လောက်များ ရှိပါသလဲ ခင်ဗျား။

ဆရာဝန်ကြီး။ ။ပိဋကတ်သုံးပုံက နှစ်ပိုင်းရှိပါတယ်။ ဗုဒ္ဓ ဟောကြားတော်မူတဲ့ ပိဋကစာအုပ်တွေ အားလုံးဆိုလို့ရှိရင် အုပ်ပေါင်း လေးဆယ်ပေါ့။ အခုလှူမှာကတော့ သင်ရိုး ပိဋကတ်လို့ ခေါ်ပါတယ်။ မြန်မာနိုင်ငံမှာ သင်ကြားပို့ချနေတဲ့ အုပ်နှစ်ဆယ်။ ကမ္ဘောဒီးယား တစ်စုံ၊ လောနိုင်ငံကို တစ်စုံ၊ နှစ်စုံလှူမှာ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံမှာဗုဒ္ဓဘာသာဝင်ဘယ်လောက်လောက်ရှိတယ်။ နောက်တစ်ခါ ဆရာတော်သံဃာတော်များ ဘယ်လောက်ရှိတယ်ဆိုတာ အမိန့်ရှိပါဦး ခင်ဗျား။

ဆရာဝန်ကြီး။ ။ကျွန်တော်တို့ သိရသလောက်တော့ လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံမှာ ကိုးဆယ်(၉၀%)ရာခိုင်နှုန်းလောက် ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ပါတယ်။ ဒါကြောင့် လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံဟာ ထေရဝါဒ ငါးနိုင်ငံထဲမှာ အပါအဝင် နိုင်ငံများဖြစ်ပါတယ်။ ဘုန်းတော်ကြီးများအနေနဲ့တော့ ဒီတိုင်းပြည် နှစ်ပြည်မှာ နှစ်သောင်းကျော်မျှ ရှိတယ်လို့ကြားသိရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ အဲဒီ လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာ လူမျိုးများအနေနဲ့ကတော့ မြန်မာစာပေနဲ့ ရေးသားထားတဲ့ ဗုဒ္ဓစာပေ ပိဋကသုံးပုံတွေကို နားလည်ဖတ်ရှုနိုင်မှာဖြစ်ပါတယ် ခင်ဗျား။ တခြားလူမျိုးခြား ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ ဒီပိဋကသုံးပုံ 'မြန်မာစာပေကို နားလည်အောင် ဘယ်လိုများ ဆက်လက်ဆောင်ရွက်မယ်ဆိုတဲ့ အကြောင်းကိုလဲ ဆက်လက်ပြီးတော့ အမိန့်ရှိပါဦးခင်ဗျား။

ဆရာဝန်ကြီး။ ။ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပိဋကသုံးပုံကို ပါဠိလိုရှိပါတယ်။ မြန်မာလိုလဲ ဘာသာပြန်ထားတာ ရှိပါတယ်။ အင်္ဂလိပ်လိုတော့ ယခုဘာသာပြန်အဖွဲ့ကနေ ပြီးတော့ ဆက်လက် ဘာသာပြန်နေဆဲဖြစ်ပါတယ်။ အခြားနိုင်ငံတွေမှာတော့အထူးအားဖြင့် ကျွန်တော်တို့ ထေရဝါဒ ငါးနိုင်ငံမှာ ထိုနိုင်ငံများရဲ့ ဘာသာနဲ့ ပိဋကသုံးပုံတွေရှိနေတယ်လို့ ကျွန်တော်တို့ရဲ့ ဆဋ္ဌသံဂါယနာတင်စဉ် အခါန်ကနေစပြီးတော့ စီစဉ်ခဲ့လို့ ရှိပြီးဖြစ်နေတယ်လို့ ကျွန်တော်တို့ ကြားသိရပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ တခြားဘာသာနဲ့ဆိုတော့ ကျွန်တော်တို့ မြန်မာ

http://www.dhammadownload.com



ဘာသာနဲ့ ရေးသားထားတဲ့ ပိဋကသုံးပုံတွေဟာ ကွဲလွဲချက်များကော မရှိနိုင်ဘူးလားခင်ဗျား။

ဆရာဝန်ကြီး။ ။ဆဋ္ဌသံဂါယနာ တင်ချိန်မှာ ဒီထေရဝါဒ နိုင်ငံ အားလုံးဟာ ညှိနှိုင်းပြီး ဖြစ်ပါတယ်။ ထေရဝါဒ ငါးနိုင်ငံမှာ ရှိတဲ့ ပိဋကသုံးပုံတွေကတော့ ကွဲလွဲမှုရှိမယ်မထင်ပါဘူး။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား၊ ဒီလှူဒါန်းတဲ့ စာအုပ်စာပေ ပိဋက စာပေတွေကို ကျွန်တော်တို့ ပို့ဆောင်တဲ့နေရာမှာ လေယာဉ်နဲ့ပို့မှာလား၊ သင်္ဘောနဲ့ ပို့မှာလားခင်ဗျား။

ဆရာဝန်ကြီး။ ။ကျွန်တော်တို့ အခုလှူမယ့်ပစ္စည်း အားလုံး ဗုဒ္ဓဆင်းတုတော်များရော ပိဋကတ်သုံးပုံရောဆိုတော့ ငါးမျိုးဖြစ်ပါတယ်။ ဒီငါးမျိုးစလုံးကို နိုင်ငံတော်အစိုးရက တာဝန်ယူပြီးတော့ လေယာဉ်နဲ့ ဗန်ကောက်ကို ပို့မှာ ဖြစ်ပါတယ်။ ဗန်ကောက်က မြန်မာသံအမတ်ကြီး ကမှ တစ်ဆင့် လောနိုင်ငံ မြန်မာသံအမတ်ကြီးဆီကို လေယာဉ်နဲ့ပို့မှာ ဖြစ်ပါတယ်။ လောနိုင်ငံကိုရောက်မှ ကမ်ပူးချားနိုင်ငံကို လှူမယ့် ပစ္စည်းများကို ခွဲထုတ်ပြီးတော့ မည်ကဲ့သို့ ဆက်လက်ပို့မယ်ဆိုတာကိုတော့ စီစဉ်နေဆဲပဲရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့။ လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကို ပိဋကတ်စာပေတွေ ပိဋကတ်သုံးပုံတွေ လှူတဲ့အခါမှာ တိပိဋက=နိကာယ ဥပဋ္ဌာက အဖွဲ့အနေနဲ့ လှူတာလား၊ ဒါမှမဟုတ် မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ရဲ့ စုပေါင်းလှူဒါန်းတဲ့ ငွေနဲ့ ဝယ်ယူပြီးတော့ လှူတာလားဆိုတာကိုလဲ သိပါရစေခင်ဗျား။

ဆရာဝန်ကြီး။ ။ဒီနေရာမှာ သုံးမျိုးပါဝင်တယ်လို့ ကျွန်တော်ဖြေရမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး စ,တာကတော့ ကျွန်တော်တို့ တိပိဋက=နိကာယဥပဋ္ဌာကအဖွဲ့ကနေ စတာပါ။ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးက "လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံဟာ ထေရဝါဒ ငါးနိုင်ငံထဲမှာ အပါအဝင်ဖြစ်တယ်၊ ညီတော်နိုင်ငံလေးတွေဖြစ်တယ်၊ ထိုနိုင်ငံလေးတွေကို ဘုန်းကြီးတို့ တစ်ခုခုလှူရအောင်" ဆိုပြီး စီစဉ်ခြင်း ဖြစ်ပါတယ်။ စီစဉ်ခြင်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့အနေနဲ့ စတင်ပြီး လှူဒါန်းဖို့ စုဆောင်းကြရပါတယ်။ စုဆောင်းရင်းကနေ ကျယ်ပြန့်လာပြီးတော့ တစ်တိုင်းပြည်လုံးမှာရှိတဲ့ တိုင်းသူပြည်သားအားလုံး ပါဝင်လှူဒါန်းလာပါတယ်။ အားလုံး ပါဝင်လှူဒါန်းလာပေမယ့် တွက်ချက်လိုက်တဲ့အခါမှာ သိန်းခုနစ်ဆယ်ကျော်ဖိုးအထိ ဖြစ်လာတဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရကလဲ ပါဝင် လှူဒါန်းပါတယ်။ အားလုံးပါဝင်လှူဒါန်းမှုဟာ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့အမည်နဲ့ လှူဒါန်းတာလဲပါပါတယ်။ ဗမာတစ်ပြည်လုံးမှာရှိတဲ့ သပ္ပုရိသနွယ်ဝင်သူတော်စင်အပေါင်းတို့ရဲ့ လှူဒါန်းမှုလဲ ပါ,ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ လှူဒါန်းမှုလဲပါမှာ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ကျွန်တော်တို့ ကျောက်ဆင်းတု ရုပ်ပွားတော်တွေ ဗုဒ္ဓကျမ်းစာတွေ ပိဋကသုံးပုံတွေကို မပျောက်မပျက်ရလေအောင် ပြုပြင်ထိန်းသိမ်းဖို့ပေါ့လေ သူတို့ လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံ အနေနဲ့ ဘယ်လိုများ ဆက်လက်ဆောင်ရွက်မယ်လို့ သိရပါသလဲခင်ဗျား။

ဆရာဝန်ကြီး။ ။လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကတော့ ပိဋကသုံးပုံ စာပေ

http://www.dhammadownload.com



များကို ဆဋ္ဌသံဂါယနာတင်ပြီးကတည်းက မှုမှန်မှန်နဲ့ သင်ကြားပို့ချနေတဲ့ နိုင်ငံတွေဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။

ဆရာဝန်ကြီး။ ။နောက် - တိုင်းပြည်ရဲ့ အခြေအနေ အရ လိုအပ်ချက်တွေ ပေါ်လာလို့သာ ဆိုပစ္စည်းများကို ပေးပို့လှူဒါန်းခြင်းပဲ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဒီလှူဒါန်းတဲ့ အခါမှာ ဒီပစ္စည်းတွေကို ဒီနိုင်ငံကပဲ သွားရောက်ပြီးတော့ ကိုယ်ထိလက်ရောက် လှူရမှာလား၊ ဒါမှမဟုတ်လို့ သူတို့ကိုယ်တိုင်ပဲလာရောက်ပြီး ယူမှာလားခင်ဗျား။ အဲဒါလေးလဲ အမိန့်ရှိပါဦး ခင်ဗျား။

ဆရာဝန်ကြီး။ ။အင်း–ဒီကိစ္စမှာလဲပဲ ကျွန်တော်တို့အရင်တွေ့ဆုံခဲ့တဲ့ဆွေးနွေးခန်းမှာတုန်းက ပါခဲ့ပြီးပါပြီ။ ပြည်ပနိုင်ငံများကို အိမ်နီးနားချင်းနိုင်ငံများကို သာသနာရေးချစ်ကြည်ရေး ခရီးထွက်ခဲ့ပါတယ်။ ထွက်ပြီးပြန်လာတဲ့အခါမှာ အထူးအားဖြင့် လောနိုင်ငံကနေပြီး ဖိတ်ကြားလာပါတယ်။ အခုလိုပဲ သာသနာရေးချစ်ကြည်ရေးခရီး လာခဲ့ကြပါဦးဆိုပြီးတော့ ဖိတ်ကြားလာပါတယ်။ ဒီ ဖိတ်ကြားချက်ကနေ စပြီးတော့ ပေါ်ပေါက်လာတဲ့ လှူဒါန်းမှု ဖြစ်ပါတယ်။ အဲဒါကြောင့် လောနိုင်ငံနဲ့ ညှိနှိုင်းလိုက်တဲ့ အခါမှာ ဖိတ်ကြားချက်အရ ဦးစွာပထမ သူတို့နိုင်ငံကို ဒီနိုင်ငံက ဆရာတော်ဘုရားကြီးများနဲ့ ဥပသကာများ၊ ကျွန်တော်တို့ တိပိဋက=နိကာယ ဥပဋ္ဌာက အဖွဲ့နဲ့ သာသနာ့တက္ကသိုလ်ကြီးများက လူကြီးမင်းများပါ ပါဝင်ပြီး ကြွရောက်လာပါဦး။ ကြွရောက်လာပြီးတဲ့အခါမှာ ဟိုက ဆရာတော်ဘုရားကြီးများဟာ ဗမာပြည်ကိုကြွပြီးတော့ ကျွန်တော်တို့ လှူဒါန်းမှုကို အလှူခံပါ့မယ်လို့ ဒီလို အဆက်အသွယ် ရရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ စောစောက ဆရာကြီး အမိန့်ရှိသွားတဲ့ လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကို သိန်းခုနစ်ဆယ် ကျော်ဖိုး ဗုဒ္ဓစာပေတွေ ပိဋကသုံးပုံတွေ လှူတဲ့ အခါမှာ ဘယ်တော့လောက်များ လာရောက်ပြီးတော့ အလှူခံမယ်ဆိုတဲ့အကြောင်းလေးလဲ အမိန့်ရှိပါဦးခင်ဗျား။

ဆရာဝန်ကြီး။ ။အခု ကျွန်တော်တို့ အကြမ်းဖျင်း စီစဉ်နေတာက ဒီ သာသနာရေး ချစ်ကြည်ရေးအဖွဲ့အနေနဲ့ ဝါမဆိုမီ လောနိုင်ငံကိုသွားဖို့ စီစဉ်လျက်ရှိပါတယ်။ လောနိုင်ငံ တင်မကဘူး။တခြားအိမ်နီးနားချင်း နိုင်ငံတွေကိုလဲ ပါဝင်ပါလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီလိုသွားပြီးတော့ ပြန်လာတဲ့ အချိန်နဲ့ ဝါဆိုမှာနဲ့က အချိန်ချင်းတိုက်ဆိုင်သွားမှာ ဖြစ်တယ်။ ဒါကြောင့် လောနိုင်ငံက ဝါကျွတ်တဲ့ အခါမှာ ကြွရောက်ပြီးတော့ အလှူခံမှာ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား။ ခုန တုန်းက ဆရာကြီး အမိန့်ရှိသွားတဲ့ နိုင်ငံတွေ သွားရောက်ပြီးတော့ ပေါ့လေ။ ချစ်ကြည်ရေးခရီး သာသနာ့ချစ်ကြည်ရေးခရီး သွားတဲ့အခါမှာ အဖွဲ့ဝင် ဘယ်လောက်များ ပါဝင်လိုက်ပါကြမလဲ ခင်ဗျား။

ဆရာဝန်ကြီး။ ။ဒီကိစ္စ ကတော့ ကျွန်တော်တို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နဲ့ ညှိနှိုင်းနေဆဲ ဖြစ်ပါသေးတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဒီလိုလှူဒါန်းတဲ့ အခါမှာ အခမ်းအနားနဲ့ ပြုလုပ်ပြီးတော့ လှူဒါန်းမှာပါလား ခင်ဗျား။

http://www.dhammadownload.com



ဆရာဝန်ကြီး။ ။ဟုတ်ကဲ့။ ကျွန်တော်တို့ မဟာဒါနကြီး ဖြစ်နေတော့ မဟာဒါနကြီးနဲ့ လိုက်လျောညီထွေဖြစ်အောင် အကြမ်းဖျင်း စီစဉ်ထားဟာကတော့ ဆဋ္ဌသံဂါယနာတင်မဟာပါသာဏ လိုဏ်ဂူတော်ကြီးထဲမှာ ခမ်းခမ်း နားနား လှူဒါန်း ဆက်ကပ်မှာ ဖြစ်ပါတယ်။ ဒီလို လှူဒါန်းဆက်ကပ်တဲ့ အချိန်အခါမှာ တစ်တိုင်းပြည်လုံးက အလှူ့ရှင်အပေါင်း သူတော်ကောင်းတွေကို အားလုံးဖိတ်မှာပါ။ အားလုံး သိုက်သိုက်ဝန်းဝန်း လာရောက်ပြီး သက္ကစ္စမြောက် လှူဒါန်းနိုင်ဖို့စီစဉ်လျက်ရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဆရာကြီးအမိန့်ရှိတဲ့အတိုင်း ကြားရတာဟာဖြင့် ကျွန်တော်တို့ သာဓု အနုမောဒနာ အင်မတန်မှ ခေါ်ဆိုစရာလဲ ကောင်းပါတယ်ခင်ဗျား။ ဒီလိုကျွန်တော်တို့နိုင်ငံအနေနဲ့ပြည်ပသာသနာပြုတဲ့ လုပ်ငန်းတွေဆောင်ရွက်တဲ့ အတွက်လဲ ကျွန်တော်တို့ အင်မတန်မှ ထပ်လောင်းပြီးတော့ ဝမ်းမြောက် ရပါတယ်။ ဒါ့အပြင်ပေါ့လေ။ ကျွန်တော်တို့ နိုင်ငံဟာ ပြည်ပ သာသနာပြုရင်းနဲ့ တစ်ဖက်ကလဲပဲ လောနိုင်ငံနဲ့မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံနဲ့ လောနိုင်ငံ၊ တစ်ဖက်ကလဲ ကမ္ဘောဒီးယားနဲ့ မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံဟာ ချစ်ကြည်ရေးခရီး ဆက်သွယ်ဖို့ အချိန်ကောရနိုင်တယ်ဆိုတဲ့ သဘောလားခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ပါတယ်။ ကျွန်တော်တို့ ကိုးကွယ်တဲ့ဘာသာ၊ ကိုးကွယ်တဲ့ ဂိုဏ်းအားဖြင့်လဲ ထေရဝါဒ ဖြစ်တော့ အလွန်အလွန် ချစ်ကြည်နေကြတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ ချစ်ကြည်ပြီးသားပါ။ ဒီချစ်ကြည်ပြီးသားမှာ ပိုမို၍ ချစ်ကြည်ရင်းနှီးမှု ရရှိလာမှာ ဖြစ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီလောနဲ့ ကမ္ဘောဒီးယားနိုင်ငံကို ကျွန်တော်တို့ လှူဒါန်းရတဲ့အကြောင်းကတော့ ထေရဝါဒနိုင်ငံငါးခုမှာ ကျွန်တော်တို့မြန်မာနိုင်ငံ၊ သီရိလင်္ကာ၊ ထိုင်း၊ လောနိုင်ငံ၊ကမ္ဘောဒီးယားနိုင်ငံ ငါးနိုင်ငံ ဖြစ်ပါတယ်။ ဒီငါးနိုင်ငံ အနက်မှာ သီရိလင်္ကာနိုင်ငံ၊ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံကို ဘွဲ့တံဆိပ်တော် ဆက်ကပ်တဲ့ အချိန်မှာ ဆရာတော် ဘုရားကြီးများ ပါဝင်ပါတယ်။ အဘိဓဇမဟာရဋ္ဌဂုရုနဲ့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲကြီးမှာ ပါဝင်ခဲ့ပါတယ်။ လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကတော့ မပါဝင်သေးတဲ့ အတွက်ကြောင့် ကျွန်တော်တို့လှူဒါန်းဖို့ စီစဉ်ခြင်းလဲ တစ်ခုဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက "မြန်မာ နိုင်ငံက မြန်မာ ဘုန်းတော်ကြီးတွေဟာ ကမ္ဘာ့ နိုင်ငံအသီးသီးတွေမှာ သွားရောက်သာသနာပြုပြီးတော့ သီတင်းသုံး နေထိုင်နေကြတယ်။ ဒီ သီတင်းသုံး နေထိုင်ကြတဲ့ ဘုန်းတော်ကြီးများ ကိုလဲ ပစ္စယာနုဂ္ဂဟ + ဓမ္မာနုဂ္ဂဟ အနေနဲ့ ထောက်ပံ့ဖို့ စီစဉ်နေတဲ့ အထဲမှာ လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံများက မြန်မာဘုန်းတော်ကြီးများကဲ့သို့ ထောက်ပံ့လှူဒါန်းဖို့ကို သတ်မှတ်တဲ့ အချက်တစ်ချက်လဲ ပါဝင်လို့" အခုလို စီစဉ်ဆောင်ရွက်ခြင်းလဲ ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား၊ လောနိုင်ငံနဲ့ ကမ္ဘောဒီးယား နိုင်ငံကို သိန်းခုနစ်ဆယ်ဖိုး ဓမ္မစာပေ ပိဋကသုံးပုံနဲ့ ကျောက်ဆင်းတုတော်တွေ လှူဒါန်းမယ်ဆိုတဲ့ အကြောင်းလေးတော့ ပြည့်ပြည့်စုံစုံ သိရပါပြီခင်ဗျား။ နောင်မှာကော အလားတူ ပြည်ပနိုင်ငံများကို အခုလို လှူဒါန်းဖို့ကော အစီအစဉ် ရှိပါသလားခင်ဗျား၊ ရှိခဲ့ရင် သိပါရစေခင်ဗျား။

ဆရာဝန်ကြီး။ ။ကျွန်တော် ခုန တင်ပြပြီးဖြစ်တဲ့အတိုင်းပါပဲ။ သိန်း ခုနစ်ဆယ်

http://www.dhammadownload.com



ကျော်ဖိုးမှာ များသောအားဖြင့် သက်န်းနဲ့ ခါး ပန်းကြိုးအတွက် တန်ဖိုးဟာ များပါတယ်။ ပိဋက စာအုပ်နဲ့ ဆင်းတုတော်ရဲ့ တန်ဖိုးက ဒါလောက် မများလှပါဘူး။ ကျွန်တော်တို့ သတ်မှတ်ထားတာ ကတော့ နိုင်ငံအသီးသီးမှာ သွားရောက်ပြီးတော့ သာသနာပြုနေကြတဲ့ မြန်မာ ဘုန်းတော်ကြီးများ ကိုပါ အမြဲထောက်ပံ့ လှူဒါန်းနေဖို့ ဆောင်ရွက် တဲ့နေရာမှာ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာ နိုင်ငံမှာရှိတဲ့ မြန်မာဘုန်းတော်ကြီး ကျောင်းများ ကိုလဲ ပေးပို့ လှူဒါန်းနေဖို့ အစီအစဉ်ပဲ ဖြစ်ပါ တယ်။ဒီလိုဘုန်းတော်ကြီးကျောင်းများကို ထောက် ပံ့လှူဒါန်းဖို့ ဆောင်ရွက်တဲ့နေရာမှာ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံမှာရှိတဲ့ မြန်မာဘုန်း တော်ကြီး ကျောင်းများကိုလဲ ပေးပို့ လှူဒါန်းပြီးခဲ့ ပါပြီ။ အခုဆက်လက်ပြီး လာနဲ့ ကမ္ဘောဒီးယား နိုင်ငံကို လှူဒါန်းမှာ ဖြစ်ပါတယ်။ နောင်ကိုလဲ ဆက်လက်ပြီး တော့ စင်္ကာပူ၊ မလေးရှားနိုင်ငံမှာ ရှိတဲ့ မြန်မာဘုန်းကြီးကျောင်းများနဲ့ အခြားနိုင်ငံ များမှာရှိတဲ့ မြန်မာဘုန်းတော်ကြီး'ကျောင်းများကို ထပ်မံဆက်သွယ်ပြီးတော့ ဒီလို ပေးပို့ လှူဒါန်းဖို့ စီစဉ်မယ်ဆိုပြီး ဆုံးဖြတ်ထားတာ ဖြစ်ပါတယ်။

<u>မြန်မာ့အသံ။</u> ။ဟုတ်ကဲ့ခင်ဗျား၊အခုလိုလှူဒါန်း ခြင်းဟာရည်ရွယ်ချက်များကော ရှိပါသေးလားခင်ဗျား။ ရှိခဲ့ရင် အမိန့်ရှိပါ ခင် ဗျား။

<u>ဆရာဝန်ကြီး။</u> ။ရည်ရွယ်ချက် ကတော့ အင်မ တန် အရေးကြီးတဲ့ အထောက် အကူပြု ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ ဒါက ဘာ လဲဆိုတော့ အခု သာသနာရေးဝန်ကြီးဌာန လက် အောက်မှာ သာသနာရေး ဦးစီးလို့ ရှိပါတယ်။ သာသနာရေး ဦးစီးဌာန အပြင် နောက်ထပ် ဦးစီး ဌာနအသစ်တစ်ခု ပေါ်လာပါတယ်။ ဒါက ဘာလဲ ဆိုတော့ သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနပါပဲ။ ဒီဌာနက ပြည်တွင်းမှာရော ပြည်ပ မှာရော ထေရဝါဒ သာသနာတော် ထွန်းကားပြန့် ပွားဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ဒါကို အထောက် အကူ ပြုရာလဲ ရောက်တဲ့ အတွက်ကြောင့် ကျွန် တော်တို့ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့ အနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ဦးစီးဌာနအသစ်ကိုအထောက် အကူပြုဖို့ ဖြစ်ပေါ်လာတယ်လို့ ကျွန်တော်အနေနဲ့ ထင်မြင်ပါတယ်။

<u>မြန်မာ့အသံ။</u> ။ဆရာဝန်ကြီး ဦးသာလှ ခင်ဗျား။ လာနိုင်ငံနဲ့ ကမ္ဘောဒီးယား နိုင်ငံကို သိန်းခုနစ်ဆယ်ကျော်ဖိုး လှူဒါန်းမယ်လို့ တော့ ကျွန်တော်တို့ သိရပါတယ်ခင်ဗျား။ သီတင်း ကျွတ်ရင် လှူဒါန်းမယ်လို့ သိရပါတယ်။ ကျွန်တော် တို့ မြန်မာလူမျိုးများဟာ အလှူအတန်းမှာ အင် မတန်မှ ရက်ရောတဲ့အတွက်ကြောင့်မို့ တကယ်လို့ များ ဒီကုသိုလ်မှာ ပါဝင်လှူဒါန်းချင်တယ် ဆိုရင် လှူဒါန်းလို့ ရပါ့မလားခင်ဗျား၊ ရခဲ့လို့ရှိရင် ဘယ် သူနဲ့ဆက်သွယ် ဘယ်ဌာနနဲ့ ဆက်သွယ် ပြီးတော့ လှူဒါန်းရမယ်ဆိုတဲ့ အကြောင်းကိုလဲ အမိန့်ရှိပါဦး ခင်ဗျား။

<u>ဆရာဝန်ကြီး။</u> ။ဟုတ်ကဲ့။ ကျွန်တော်တို့သီတင်း ကျွတ် တန်ဆောင်မုန်း လောက် မှာ လာနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံက မဟာ ထေရ်ကြီးများ ကြွရောက်ပြီးတော့ အလှူခံယူတော် မူမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ အချိန်ပိုရသွားပါတယ်။ အချိန်ပိုရတဲ့ အားလျော် စွာ ကျွန်တော်တို့ လှူဒါန်းနိုင်တာကတော့ မင်း ကွန်းတိပိဋကရေ ဆရာတော်ကြီး ဦးဆောင်ပြီး တော့ ဖွင့်လှစ်ထားတဲ့သာသနာပြုဌာနတွေ၊ ဌာနခွဲ တွေ ရှိပါတယ်။အဲဒါကတော့ စစ်ကိုင်းဌာနခွဲမှာလဲ လှူဒါန်းနိုင်ပါတယ်။ မင်းကွန်း ဆရာတော်ဘုရား


http://www.dhammadownload.com



ကြီး သီတင်းသုံးတဲ့ မင်းကွန်းမှာလဲ လှူဒါန်းနိုင်ပါတယ်။မန္တလေးမှာလဲ လှူဒါန်းနိုင်ပါတယ်။ ကျွန်တော်တို့ ရန်ကုန် သာသနာ့တက္ကသိုလ်နဲ့ ဒီတိပိဋက ကျောင်းတော်မှာလဲ လှူဒါန်း နိုင်ပါတယ်။ သာသနာရေးဦးစီးဌာနမှာလဲ လှူဒါန်းနိုင်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ကျွန်တော်ဘို့ မြန်မာနိုင်ငံအနေနဲ့ စုပေါင်းပြီးတော့ လောနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကို သာသနာ ချစ်ကြည်ရေး အတွက်လဲဖြစ်၊ ပြည်ပ သာသနာပြု လုပ်ငန်းများကို အထောက်အကူ ပြုတဲ့ ကျောက်ဆင်းတု ရုပ်ပွားတော်များ၊ ဓမ္မ စာပေများ၊ ပိဋက သုံးပုံများ၊ သက်န်းများကို ငွေကျပ် သိန်း ခုနစ်ဆယ်ကျော်ဖိုး လှူဒါန်းမယ့် မဟာဒါန လှူဒါန်းပွဲကြီး အကြောင်း သိကောင်းစရာများကို အခုလို ဆွေးနွေးတင်ပြသွားတဲ့ အဘွက် တိပိဋက=နိကာယ ဥပဋ္ဌာက ပင်မအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှကို ကျွန်တော်တို့ မြန်မာ့အသံက အထူးပဲ ကျေးဇူး တင်ရှိ ပါတယ်ခင်ဗျား။

သောတရှင်များ ခင်ဗျား။ ဒီလို ကြုံတောင့်ကြုံခဲ သိန်းခုနစ်ဆယ်ကျော်ဖိုး ပြည်ပသာသနာပြု မဟာဒါန လှူဒါန်းပွဲကြီးမှာ မိမိတို့သဒ္ဓါ တတ်အားသရွေ့ ပါဝင် လှူဒါန်းကြပါစို့လို့ နှိုးဆော်ရင်း ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုလို့ ရွတ်ဆိုကာ ဒီနေ့အဖို့ ဒီမျှနဲ့ပဲ ရပ်နားခွင့် ပြုပါတော့ခင်ဗျား။ ။



http://www.dhammadownload.com

# မင်းကွန်း
# တိပိဋကဓရ ဆရာတော်၏
# ဩဝါဒ

အို - ဗုဒ္ဓဘာသာ ကလျာဏအွယ်ဝင်
သူတော်စင် အပေါင်းတို့.....
မိမိတို့သည် ကုသိုလ်ကောင်းမှု တစ်ခုခုကို
ပြုလုပ်ကြသော အခါ--- ဘုရားအလောင်း
အကိတ္တိပညာရှိရသေ့၏ ဆုတောင်းအတိုင်း —
ဤသည့်ပုည ကုသလ ကြောင့်
လောဘ+ဒေါသ+မောဟကင်းကွာ
သံသရာဝယ် ကျင်ပါရအံ
ပညာရှိနှင့် ယှဉ်မိပေါင်းသင်း
ဉာဏ်မဲ့ ကွင်း၍
ပြည့်လင်း လျှု ဖွယ်
လျှုစဉ်ဝယ်လည်း
သုံးသွယ်စေတနာ ဖြောင့်ညီညာသည်.....
ခေမာ အထွတ်တိုင်လိုသော်၀်။ ။

ဤအတိုင်းဆုတောင်းဖို့ မမေ့ကြပါလင့်။

— ဦးဝိစိတ္တသာရာဘိဝံသ —

http://www.dhammadownload.com

